
www.burmeseclassic.com



www.burmeseclassic.com

သားသား စီစဉ်၍

ရွှေ သ မီး စာ ပေ မှ
တင်ဆက်သည်။

အကြိမ်
ပထမအကြိမ်

ထုတ်ဝေသူ
ဦးတင်ကိုကို (ရွှေသမီးစာပေ)
အမှတ်-၁၂၅၊ ၃၉ လမ်း ကျောက်တံတား ရန်ကုန်။

ပုံနှိပ်သူ
ရွှေပြည်ဟိန်း ၊(၀၉၉၅၈)
၂၁၄အမှတ်(၂)ဗိုလ်တထောင်ဈေးလမ်း၊
ရန်ကုန်။

စာအုပ်ချုပ်
ရွှေသမီး
အဆင့်မြင့်စာအုပ်ချုပ်လုပ်ငန်း

ပုံနှိပ်ခြင်း
၂၀၁၃ ခုနှစ် ၊ ဩဂုတ်လ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၂၀၀၀ ကျပ်

သိုးဆောင်း ၈၉၅.၈၃

( MAY WE HELP YOU ) သိုးဆောင်း ၊ ရန်ကုန်း
ရွှေသမီးစာပေ၊ ၂၀၁၃

၁၈၂-စာ၊၁၂.၅၊၁၉.၅စင်တီ။ (၁) MAY WE HELP YOU

# MAY WE HELP YOU

www.burmeseclassic.com

www.burmeseclassic.com

MAY WE HELP YOU

# I

ဓာတ်လှေကားတံခါး ပွင့်ပွင့်ချင်း လက်ကိုဆွဲကာ ပြေးထွက်လိုက်၏။ ကောင်မလေးတစ်ယောက် သူ့လက်တွင်းမှာ အကြောက်ကြောက်အလန့်လန့်ဖြင့် ပါလာသည်။ ကားပါကင်ကြီးတစ်ခုလုံးက တိတ်ဆိတ်လျက်ရှိနေပါ၏။ အရောင်သွေးစုံ အရွယ်စုံကားများ သူ့နေရာနှင့်သူ ရပ်တန့်ဆိတ်ငြိမ်လျက်ရှိနေသည်။

လက်တွင်းမှ ခလုတ်ကို နှိပ်တော့ ခပ်ဝေးဝေးဆီမှ ကားတစ်စီး 'တီ'ဟူသော အသံပြုကာ လော့ပွင့်သွားသည်။ ထိုကားဆီဦးတည်ကာ ပြေးတော့ လွတ်မြောက်ရန် လမ်းစတွေ့ပြီမို့ နံဘေးမှ မိန်းကလေး ခြေလှမ်း ပိုသွက်လာသည်။ ပြေးနေရင်းနှင့် နှုတ်ခမ်းအပေါ်တစ်ဝိုက်ကို ဆွဲခွာတော့ . . .

နှုတ်ခမ်းမွေးတု လက်တွင်းကွာကျလာသည်။ ကုတ်ပေါ်ဝဲကျနေသည့် ဆံပင်ရှည်ကို လက်ထိုးသွင်းပြီး အပေါ်လှန်တင်တော့ ရုပ်ဖျက်ထားသော ဆံပင်ရှည်ပါ ကွာကျသွားသည်။ နံဘေးမှ မိန်းကလေးကတော့ ခဏတွင်း ပုံစံပြောင်းသွားသော သူ့ရုပ်ရည်ကို ကြည့်ကာ တအံ့တသြ၊

ကားဆီရောက်တော့ နောက်ခန်းတံခါးကို ဖွင့်ပြီး မိန်းကလေးကို ဝင်ထိုင်စေသည်။ သူကတော့ မောင်းသူနေရာဝင်ကာ ကားကို ကပျာကယာ စက်နှိုး၏။ ထို့နောက်မှာ ကားဖြူလေး တစ်စီးက ပါကင်အထွက်လမ်း

www.burmeseclassic.com

မှတစ်ဆင့် အပြင်ကို ဦးတည်သွားပါတော့သည်။ အပြင်ကိုရောက်တော့ နေရောင်ခြည်က သူ့ကားလေးကို နွေးထွေးစွာ ကြိုဆိုနေသည်။ ပြင်ပကမ္ဘာမှာ ကားတွေ၊ လူတွေ၊ ရှုပ်ထွေးပြည့်ကျပ်လျက်ရှိနေ၏။

သို့ပေမဲ့ ကြိုတင်သတ်မှတ်ထားသော လမ်းကြောင်းအတိုင်း ကားကို ကျင်လည်စွာ မောင်းထွက်နိုင်ခဲ့သည်။ ကွန်ဒိုတိုက်ကြီးတစ်ခုကတော့ နောက်ဘက်ဆီမှာ တဖြည်းဖြည်း ဝေးကျန်ခဲ့ပါပြီ။ လုပ်နေကျ အလုပ်တစ်ခုပေမို့ တုန်လှုပ်မှု သိပ်မရှိသော်လည်း နောက်ခန်းမှ မိန်းကလေးကတော့ စိတ်လှုပ်ရှားဟန်တွေ ပေါ်လွင်နေ၏။

နောက်ကို ခဏခဏ လှည့်ကြည့်ကာ လက်အုပ်အကြိမ်ကြိမ်ချီ၍ ဆုတောင်းသမှုတွေ ပြုနေသည်။ နောက်ကြည့်မှန်မှ မြင်ရသော မြင်ကွင်းကိုကြည့်ပြီး ပြုံးလိုက်၏။ Air-con ဖွင့်ထားပေမဲ့ အနည်းငယ် အိုက်စပ်စပ်ရှိသည်ကြောင့် ကားမောင်းနေရင်းမှပင် အပေါ်အင်္ကျီကို ချွတ်လိုက်သည်။

ကျစ်လျစ်ပြည့်တင်းသော လက်မောင်းသားနှင့် ဖြူဝင်းသော အသားအရေပေါ်လာတော့ နောက်ခန်းမှ မိန်းကလေးသူ့ကို ခဏငေးသွားသည်။ ကိုယ့်ကိုယ်ကိုယ်စနစ်ကျတည်ဆောက်ထားသူမို့ ခပ်ယဲ့ယဲ့ပင် ပြုံးမိပါသည်။ အလုပ်က အလုပ်ပဲ မဟုတ်ပါလား။

ဆံပင်တု၊ နှုတ်ခမ်းမွှေးတုများတင်ထားသော ကပ်လျက်ထိုင်ခုံပေါ် အပေါ်အင်္ကျီကို ပစ်တင်ပြီး နောက်မှာ လီဗာကို ဖိနင်းလိုက်၏။ ကားလေးက တာဝန်ကျေစွာ ကီလိုတော်တော်များများ မြင့်တက်သွားသည်။

ထို့နောက်မှာတော့ အောင်မြေဇရိယာတစ်ဝိုက်ကို ရောက်ရှိလာပါတော့သည်။ နောက်ယောင်ခံလိုက်လာသော ကားတစ်စီးတလေမျှ မတွေ့ရ။ ဒီတော့ . . .

တရားရုံးတွင်း ချိုးကွေ့ဝင်လာသော ကားဖြူလေးအား လူတစ်အုပ်က ဝမ်းသာအားရဆီးကြိုနေသည်။ 'ဟေး . . .'ဟု ထအော်သူများ



ရှိသလို လက်ခုပ်တီးအားပေးသူများလည်း ရှိ၏။ တရားရုံးဝင်ပေါက် ရှေ့တည့်တည့်တွင် ရပ်ပေးတော့ သူ့အလုပ်ရှင်ကောင်လေးက နောက်ခန်းတံခါးကို ပြေးဖွင့်သည်။

ကားပေါ်မှ မိန်းကလေးကလည်း ကမန်းကတန်းအောက်ဆင်း၍ နှစ်ဦးသား ဝမ်းသာအယ်လဲ ပွေ့ဖက်ကြသည်။ ပြန်လည် ပေါင်းဆည်းနိုင်ရသော ချစ်သူနှစ်ဦးကို ကြည့်ပြီး ရင်တွင်းမှာ ပီတိဖြစ်မိပါသည်။ ကြည်နူးမှု၊ ပျော်ရွှင်မှု တစ်ဆက်တည်းပင် ဝမ်းနည်းဝမ်းသာ ဖြစ်မှုသဘောတွေနှင့် ချစ်သူနှစ်ဦးက တစ်ဦးကိုတစ်ဦး တင်းကြပ်စွာ . . .

သူငယ်ချင်းတစ်သိုက်က နံဘေးမှ ဝိုင်းကာ သြဘာပေးနေသည်။ ထိုစဉ်မှာပဲ အလုပ်ရှင်ကောင်လေးမှာ ဖက်ထားသော လက်ကိုခွာပြီး သူ့ဆီလျှောက်လာသည်။ မှန်တံခါးကို ချပေးတော့ ကောင်လေး မျက်လုံးအိမ်မှ မျက်ရည်စများကို တွေ့ရ၏။ ပြီးတော့ . . .

"ကျေးဇူးတင်လိုက်တာဗျာ . . . "

သူ ပြုံးတော့ . . .

"ကျွန်တော်တို့လို ချစ်လျက် ဝေးရမဲ့လူတွေအတွက် အစ်ကိုတို့ကတော့ မရှိမဖြစ်ပါဘဲ"

"ရပါတယ် . . . ညီ"

နံဘေးမှ မိန်းကလေးကလည်း ကျေးဇူးတင်ကြောင်း ဦးညွတ်ပြသည်။ သူ လက်ကာပြပြီး . . .

"လက်မှတ်ထိုးဖို့ မမေ့ကြနဲ့ဦး"

"စိတ်ချ . . . အစ်ကို၊ ကျွန်တော် အပေါ်မှာ အားလုံး စီစဉ်ပြီးသွားပြီ။ အခုပဲ တက်ကြတော့မှာ"

"အိုကေ . . . ညီ"

မှန်တံခါးကိုတင်တော့ နှစ်ဦးသား ဦးညွတ်နှုတ်ဆက်ကြသည်။ ထို့နောက်မှာတော့ ကားကို ပြင်ပကမ္ဘာဆီ ပြန်လည် ဦးတည်လိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com

အလုပ်ရှင်ကောင်လေး၊ ခက်ခဲသိမ်မွေ့စွာ ကြိုးစားသယ်ဆောင်ပေးခဲ့ရသည့် မိန်းကလေး၊ သူတို့၏ သူငယ်ချင်း အပေါင်းအပါများ စတာတွေက တစ်ရွေ့ရွေ့ချင်း ထွက်ခွာသွားသော သူ့ကားနောက်မီးလေးကို ကြည့်ပြီး လက်ပြကျန်ခဲ့ကြပါသည်။

ကြည်နူးမှုနှင့်အတူ သက်ပြင်းတစ်ချက်ကို ချလိုက်၏။ ပေါ့ပါးလွတ်လပ်စွာ သီချင်းတစ်ပုဒ်ကို အော်ဆိုလိုက်သည်။

အလုပ်တစ်ခု ပြီးမြောက်သွားခဲ့ပြီ မဟုတ်ပါလား။



WWW. MAY WE HELP YOU.COM

မင်္ဂလာပါ။

ကျွန်တော်တို့ website ကနေ ကြိုဆိုပါတယ်။

'ချစ်တိုင်းညားရမယ်' ဟူသော ဆောင်ပုဒ်နဲ့အညီ ကျွန်တော်တို့ (May We Help you) အဖွဲ့သားများဟာ လူကြီးမင်းတို့ရဲ့ ကြီးကျယ်မြင့်မြတ်၍ ချစ်တတ်သော နှလုံးသားတိုင်းအတွက် ကြိုးစားပေးဖို့ အဆင်သင့်ရှိနေပါပြီ။

**အဖွဲ့၏ လုပ်ဆောင်မှု**

**“မိန်းမခိုးပေးခြင်း”**

မိဘသဘောမတူလို့ ချစ်လျက် ကွဲကွာနေရပါသလား၊ သင့်ထက်သာတဲ့ ပုဂ္ဂိုလ်တစ်ဦးဦးနဲ့ သူမကို လက်ထပ်ပေးစားတော့မှာလား။



www.burmeseclassic.com

www.burmeseclassic.com

သင်နဲ့ နီးစပ်ခွင့်မရအောင် တစ်နယ်တစ်ကျေး ပို့လိုက်လား။
ဒါမှမဟုတ် သင်ခိုးပြေးလို့မရအောင် သူမကို အစောင့်အကြပ်
ပေါင်းများစွာနဲ့ တံတိုင်းအထပ်ထပ် ကာရံထားသလား။

ဘယ်လိုအခက်အခဲမျိုးပဲ ရှိနေပါစေ။
မစိုးရိမ်ပါနဲ့၊ ကျွန်တော်တို့ ရှိနေပါတယ်။
ကျွန်တော်တို့ May We Help You အဖွဲ့က အန္တရာယ်အသွယ်သွယ် ကျော်ဖြတ်လို့ သင့်ချစ်သူကို သင့်ဆီအရောက်ခေါ်ဆောင်လာပေးမယ်။ (ဝါ) သင့်ကိုယ်စား မိန်းမခိုးပေးမယ်။

**စည်းကမ်းချက်**

- ရည်းစားဖြစ်ရမည်။
- လူပျို၊ အပျိုဖြစ်ရမည်။
- နှစ်ဦးစလုံး ပေါင်းဖက်လိုသော ဆန္ဒရှိရမည်။

**သတိပေးချက်**

ယနေ့ခေတ်တွင် ဘာကိုမှ အလကားမရ။
ထိုက်တန်သော အဖိုးအခ ပေးရမည်။

အထက်ပါအကြောင်းအရာကို စိတ်ဝင်စားသူသည် အောက်ဖော်ပြပါ အချက်အလက်များ ဖြည့်၍ ကျွန်တော်တို့ website သို့ ပေးပို့နိုင်ပါသည်။



Name -
Address -
E-mail address -
Subject -

ကျွန်တော်တို့အဖွဲ့မှ သင်ပေးပို့သော အချက်အလက်များ မှန်ကန်မှုရှိမရှိ စစ်ဆေးပြီး တစ်လတိတိပြည့်သောနေ့တွင် သင်အပ်သော အလုပ်ကို လက်ခံသည် လက်မခံသည် အကြောင်းပြန်ပါမည်။
ဈေးညှိနှိုင်းခြင်း လုံးဝမရှိပါ။

**maywehelpyou @ g mail . com**



www.burmeseclassic.com

www.burmeseclassic.com

အထက်ပါ အကြောင်းအရာများဖြင့် တန်ဆာဆင်ထားသော website မှာ လူငယ်တိုင်း၏ စိတ်ဝင်စားမှုကို သိမ်းကျုံးယူငင်သွားတော့၏။ မိန်းမခိုးပေးသော အဖွဲ့ဟူ၍လည်း ဆယ်ကျော်သက်လောက၊ တက္ကသိုလ်လောက၊ internet လောကမှာ ထင်ရှားသွားသည်။

ကျော်ကြားမှုနှင့်အတူ မေးခွန်းများလည်း ထွက်လာခဲ့၏။ တကယ်ပင် မိန်းမခိုးပေးသော အဖွဲ့တစ်ခုပေလား။

အလုပ်အတွက် သူတို့ယူသောဈေးနှုန်း၊ တန်ရာတန်ကြေးက ရော ဘယ်လောက်လဲ။ ဘာကြောင့် အလုပ်လက်ခံဖို့ အချိန်တစ်လယူရတာလဲ။ အလုပ်သဘောဆောင်ထားပြီး အောင်မြင်မှုရော ရှိပါရဲ့လား။ ပိုက်ဆံပေးရပြီး မအောင်မြင်ပါက ဘယ်လို တာဝန်ယူမည်နည်း။

ဒါမှမဟုတ် အပျော်သဘောတင်ထားသည့် website လား၊ ပိုက်ဆံလိမ်ယူတာရော မဖြစ်နိုင်ဘူးလား။

ထိုသို့သော မေးခွန်းများလည်း ထွက်လာခဲ့ပါသည်။ ဒါပေမဲ့ May We Help You ဘက်မှ လုံးဝမဖြေရှင်းပါ။

အလုပ်နှင့်သာ သက်သေပြသည်။



အပြောနှင့်အလုပ် ညီသည့်အခါမှာတော့ လူတွေ၏ ထောက်ခံမှုကို တစ်စထက်တစ်စ ရရှိလာခဲ့၏။ ရှင်ကွဲကွဲနေသော လူအချို့အတွက် အားကိုးတစ်ခုဖြစ်လာခဲ့သည်။

တစ်ရက်မှာတော့ . . .

စိတ်ဓာတ် အကြီးအကျယ်ကျနေသော ကောင်လေးတစ်ဦးထံသို့ ထိုအဖွဲ့၏သတင်းမှာ ရောက်ရှိလာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## II

| | | |
|---|---|---|
| Name | - | မောင်အောင်ထိုက် |
| Address | - | အမှတ်(၁၆၁) အောင်ဇေယျလမ်း၊ သုံးခွမြို့။ |
| E-mail address | - | Aung Htike @ g - mail .com |
| Subject | - | စာအနည်းငယ်ရှည်လို့ သည်းခံပြီး ဖတ်ပေးကြပါဗျာ။ |

ကျွန်တော့်ချစ်သူဟာ ကုန်းဘောင်မင်းဆက် အနွယ်တော်တစ်ဦး ဖြစ်ပါတယ်။ ကုန်းဘောင်ဆက် ပျက်သုဉ်းတာ နှစ်ပေါင်း (၁၀၀) ကျော် ကြာခဲ့ပြီဖြစ်ပေမဲ့ မျိုးရိုးဂုဏ်ကို ဝင့်ကြွားသေဝပ်စွာ စောင့်ထိန်းထားတဲ့ မိသားစုမှ ဆင်းသက်လာသော မိန်းကလေးတစ်ဦးဆိုရင်လည်း မမှားပါဘူး။ နာမည်က လှထိပ်ခေါင်တင်လို့ ခေါ်ပါတယ်။ နာမည်နဲ့ လိုက်အောင်လည်း လှပါတယ်ဗျာ။ မဟာအရမ်းဆန်ပြီး ထီးဟန်၊ နန်းဟန် အငွေ့အသက်မပြယ်တဲ့ မြန်မာစစ်စစ် မိန်းမပျိုတစ်ဦးပေါ့။

သူနဲ့ကျွန်တော် စတင်သိကျွမ်းခဲ့တာကတော့ မန္တလေးတက္ကသိုလ်မှာပါ။ တက္ကသိုလ်နယ်တစ်ကြောမှာလည်း ဆံပင်ကို ကျစ်ဆံမြီးအရှည်ကြီးကျစ်ပြီး မြန်မာဆန်ဆန် အဝတ်အစားနဲ့ ရွှေခြေချင်း တစ်နေ့တစ်မျိုးမရိုးအောင် ဆင်မြန်းတတ်တဲ့ လှထိပ်ခေါင်တင်ဆိုရင် မသိသူမရှိလောက်အောင် ထင်ရှားပါတယ်။



နန်းသူ၊ နန်းသားများပေမဲ့ သူမရဲ့အနေအထိုင် သိမ်မွေ့မှု၊ မဟာဆန်သော ကျက်သရေရှိမှုတွေကြောင့် စိတ်ဝင်စားသူလည်း အလွန်ပေါပါတယ်။ ထိုအထဲမှာ ကျွန်တော်လည်း တစ်ယောက်အပါအဝင်ပေါ့။ မန္တလေးသူ အများစုက ယဉ်ကျေးသိမ်မွေ့ပါတယ်။ ရိုးသားပါတယ်။ လိုက်လှဲပျူငှာစွာ ခင်မင်တတ်သူတွေလည်း ဖြစ်ပါတယ်။ အဓိက အချက်ကတော့ မြန်မာဆန်တာပါပဲ။ ထိုမြန်မာဆန်သူများကြားမှာမှ သူမက ထင်ရှားလှသူတစ်ဦးဖြစ်လေတော့ ကြိုးစားရတာမလွယ်ပါဘူး။

ကျွန်တော့်မှာရှိတဲ့ အရည်အချင်းက သူမနဲ့ အားလုံးလိုလို ဆန့်ကျင်ဘက်တွေ ဖြစ်နေတယ်လေ။ ဒါပေမဲ့ ဇွဲရှိစွာနဲ့ပဲ သုံးနှစ်တိတိ ကျွန်တော် ကြိုးစားခဲ့ပါတယ်။ ထိုဇွဲကြောင့်ပဲလား မပြောတတ်ဘူး။ ကျောင်းတွေပိတ်ချိန်မှာ ကျွန်တော်လိုချင်တဲ့အဖြေကို ထိုက်ထိုက်တန်တန် ရရှိခဲ့တယ်။

ဘဝနဲ့ရင်းပြီးရည်ရွယ်ထားသူမို့ ကျွန်တော်ချက်ချင်းပဲ လက်ထပ်ခွင့်တောင်းခဲ့ပါတယ်။ အဲ့ဒီမှာ စတာပါပဲ . . . အစ်ကိုတို့ရယ်။

အဓိကပြဿနာကတော့ သူမရဲ့ ဖခမည်းတော်ခေါ် အဖေဖြစ်သူပါပဲ။ သတိုးမင်းကျော်လို့ခေါ်တဲ့ သူရဲ့အဖေဟာ သမီးဖြစ်သူကို လွယ်လွယ်နဲ့ လက်ထပ်ထိမ်းမြားခွင့် မပေးပါဘူး။ တစ်ချိန်မှာ သူ့အနွယ်တော်ဖြစ်လာမဲ့ သမက်လောင်းကို သူကိုယ်တိုင် အဆင့်ဆင့် စမ်းသပ်စစ်ဆေးပြီးမှ လက်ထပ်ခွင့်ပေးမယ်လို့ ဆိုပါတယ်။

အစကတော့ ကျွန်တော်လည်း ကြီးကြီးကျယ်ကျယ် ထင်မထားခဲ့ပါဘူး။ လှထိပ်ခေါင်တင်လာခိုင်းတဲ့နေ့မှာ ပြင်ဆင်မှုနည်းနည်းနဲ့ပဲ သူမတို့အိမ်တော်ကြီးကို သွားခဲ့တယ်။ ရောက်သွားတော့မှ အကြီးအကျယ် အံ့အားသင့်ခဲ့ရပါတယ်။ ပဒေသရာဇ်လက်ထက်ကလို တကယ့် အိမ်ရှေ့မင်းရွေးပွဲကြီးပါပဲ။ တစ်ခါမှ မမြင်ဖူးသလို တစ်ခါမှလည်း ကြုံတွေ့ဖူးခြင်း မရှိခဲ့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုပါဗျာ . . . ။

သူမတို့ အိမ်တော်ကြီးဟာ ဧရာဝတီမြစ်ကို နောက်ခံထားပြီး စစ်ကိုင်းတိုင်းအတွင်းမှာ ရှိပါတယ်။ အစ်ကိုတို့လည်း ကြားဖူးကောင်း ကြားဖူးပါလိမ့်မယ်။

'မြနန်းဘုံသာစံအိမ်တော်' ဆိုတာ။

စစ်ကိုင်းတိုင်း (    ) မြို့က 'မြနန်းဘုံသာစံအိမ်တော်' ဆိုရင် အဲ့ဒီနယ်တစ်ကြောမှာ မသိတဲ့လူမရှိပါဘူး။ ခြံဝန်းကြီးတစ်ခုလုံးကို အုတ်တံတိုင်းအပြည့်ကာထားပြီး အတွင်းမှာ ဦးသတိုးမင်းကျော်က မင်းတစ်ပါးလို နေထိုင်အုပ်ချုပ်ပါတယ်။ နန်းတွင်းအနွယ်တော်တစ်ယောက် ဖြစ်လေတော့ သူ့အိမ်တော်ကြီးကိုလည်း အဆောင်ဆောင် အခန်းခန်းနဲ့ နန်းတော်ကြီးတမျှ တည်ဆောက်ထားပါတယ်။

နောက်ပြီး ဦးသတိုးမင်းကျော်က နယ်နယ်ရရ ပုဂ္ဂိုလ်မဟုတ်ပါဘူး။ အသိပညာ၊ အတတ်ပညာနဲ့ ပြည့်စုံသူပါ။ ရှေးဟောင်း နန်းတွင်း အတတ်ပညာရပ်များ နဲ့စပ်သလို လောကဓာတ်ပညာရပ်တွေကိုလည်း တတ်မြောက်ထားပါတယ်။ လွယ်လွယ်ပြောရရင် ရှေ့မီနောက်မီ ပုဂ္ဂိုလ်ကြီးပေါ့။

ဒီတော့ သူ့ရဲ့ သမက်ရွေးချယ်ပွဲက ဆန်းကြယ်လှပါတယ်။ နှစ်စဉ် တန်ဆောင်မုန်းလဆန်း (၇) ရက်နေ့မှာ ပြုလုပ်ပါတယ်။ အနယ်နယ် အရပ်ရပ်က လာရောက်အရွေးခံသူတွေ၊ ဦးသတိုးမင်းကျော်ရဲ့ သမက်ဖြစ်ချင်သူတွေ မနည်းပါဘူး။ အကြောင်းကတော့ ဦးသတိုးမင်းကျော်ဟာ ခန့်မှန်းလို့မရအောင် ချမ်းသာပြီး လက်ရှိအစိုးရ အထက်ပိုင်း ပုဂ္ဂိုလ်များထိ ပေါက်ရောက်ထားလို့ပါ။ လှထိပ်ခေါင်တင်ကို ချစ်ကြိုက်လို့ စိတ်ရင်းမှန်နဲ့ ဝင်ရောက်ယှဉ်ပြိုင်သူများလည်း ရှိပါတယ်။

သမက်ရွေးချယ်ပွဲ ကျင်းပလာတာ အခုဆို (၃) နှစ်ရှိပါပြီ။ အောင်မြင်သူ မရှိသေးပါဘူး။ ကျွန်တော်ကိုယ်တိုင်လည်း (၃) နှစ်လုံး ဝင်ရောက်အရွေးခံခဲ့ပေမဲ့ ပထမနှစ်နှစ်မှာ ခြံဝက လှည့်ပြန်လာခဲ့ရပါ



တယ်။ တတိယနှစ်မှာ ခြံတွင်း ဝင်ရောက်နိုင်ပေမဲ့ ပထမအဆင့်နဲ့တင် ယှဉ်စာရင်းထဲ ပါသွားခဲ့ရတယ်။

ရိုးသားစွာပြောရရင် ကျွန်တော်က ညဏ်ထိုင်းပါတယ်ဗျာ။ ဒီအတိုင်းသာ ဆက်သွားရင် ချစ်သူနဲ့ပေါင်းရဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး။ အခုဆို တန်ဆောင်မုန်းလရောက်ဖို့ တစ်လသာသာပဲလိုတော့တယ်။

ကိုယ့်ကိုယ်ကိုယ်သိလို့ ဝင်ရောက် အရွေးခံချင်စိတ်လည်း မရှိတော့ပါဘူး။ ဒါပေမဲ့ ကျွန်တော် စိုးရိမ်နေတယ်။ 'အောင်မြင်သူရှိလာခဲ့ရင်' ဆိုတဲ့ အတွေးက ကျွန်တော့်ကို နေ့စဉ်နေ့တိုင်း ခြောက်လှန့်နေတယ်ဗျာ။ သုံးနှစ်လုံးလုံး ပြည့်ခဲ့တဲ့ဆုတောင်းက ဒီနှစ်တော့ မပြည့်နိုင်တော့ဘူးထင်ပါတယ်။

ထုံးစံအတိုင်း ခိုးပြေးရအောင်ကလည်း အစောင့်အကြပ်ပေါင်းများစွာရှိနေလို့ ကျွန်တော့်အနေနဲ့ မတတ်နိုင်ပါဘူး။ ဒါကြောင့်မလို့ အစ်ကိုတို့အဖွဲ့ကို အကူအညီတောင်းရတာပါ။

ကျွန်တော် ပိုက်ဆံတတ်နိုင်ပါတယ်။ အစ်ကိုတို့ တောင်းသလောက် ပေးနိုင်ပါတယ်။ ကျွန်တော့်ချစ်သူကိုသာ ရအောင်ခိုးပေးပါ။

တစ်ခုတော့ ရှိပါတယ်။

အခု ကျွန်တော်ပြောတာတွေကို မယုံကြည်ဘူးဆိုရင်တော့ အစမှအဆုံးတိုင် မေ့ပစ်လိုက်ပါ။ စိတ်ဝင်စားတယ်ဆိုရင်တော့ အလုပ်လက်ခံပေးဖို့ မျှော်လင့်ပါတယ်။ မြနန်းဘုံသာနဲ့ ပတ်သက်ပြီးလည်း ကိုယ်တိုင်ကိုယ်ကျ သွားရောက်စုံစမ်းနိုင်ပါတယ်။

May We Help You ၏လက်ခံမှုကို

မျှော်လင့်လျက် . . .

အောင်ထိုက်



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်လကြာပြီးနောက် . . .



## III

ခရီးဆောင်အိတ်ထမ်းလာသော လူငယ်တစ်ယောက်ကို မြင်တော့ မြင်းလှည်းသမားတွေ လှုပ်ရှားသွားကြသည်။ အနည်းငယ် သွက်လက်မြန်ဆန်ပုံရသော လှည်းသမားတစ်ဦးက လှည်းပေါ်မှ ခုန်ဆင်း၍ သူ့ဆီပြေးလာပြီး . . .

"မြနန်းဘုံသာကိုလား . . . ညီလေး၊ တစ်ယောက်တည်းဆိုရင် ငါးရာ၊ နှစ်ယောက်သွားရင် ရှစ်ရာ၊ သုံးယောက်ဆို ထောင့်နှစ်ရာ"

လူငယ်မှာ အနည်းငယ်တော့ အံ့သြသွားသည်။ လမ်းညွှန်လိုက်သူက ဤလမ်းတည့်တည့်သို့သာ ညွှန်ထားပါသည်။ လမ်းတွင် မြင်းလှည်းဂိတ်ရှိပြီး ဤသို့အလုအယက် ခေါ်ငင်တတ်သည်ဟု ဆိုမထား။ ထို့ကြောင့် . . .

"ဒီတည့်တည့်က မြနန်းဘုံသာလားဗျ"

"ဟုတ်တယ် . . . ညီလေး၊ ဒါပေမဲ့ တော်တော်ဝေးသေးတယ်"

ထိုစဉ်မှာပဲ အနားသို့ တခြားလှည်းသမားများပါ ဝိုင်းလာသည်။ ပြီးတော့ သူ့ထက်ငါ ဈေးလျှော့ရင်း ဆွယ်တရားများ ဟောကြ၏။ ကိုယ်တိုင်လည်း လျှောက်နိုင်သေးသည်ကတစ်ကြောင်း၊ တစိမ်းနယ်ကို ရောက်လျှင်ရောက်ချင်း လူလိမ်မခံချင်သည်က တစ်ကြောင်းတို့ကြောင့် အားလုံးကို ဥပေက္ခာပြုပြီး ဆက်လျှောက်လာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်သည်လေ။ ပိုက်ဆံငါးရာ မများပေမဲ့ တန်လျှင်တော့ ကောင်း၏။ တန်ရာတန်ကြေးမဟုတ်ဘဲ ရှေ့တစ်ခေါက်လောက်ခရီးကို ငါးရာပေးရလျှင်တော့ စိတ်ပျက်ဖွယ်ကောင်းလေစွ။ ဒါပေမဲ့ ဖွဲကြီးသူ မြင်းလှည်းသမားတစ်ယောက်တော့ သူ့နံဘေးမှာ ပါလာသေးသည်။ အခြားသူမဟုတ်။ အရင်ဆုံး လာရောက်ခေါ်ငင်သူ ပုဂ္ဂိုလ်ပါပဲ။

"ညီလေးက သမက်ရွေးခံဖို့ ရောက်လာတာမလား"

"ဟုတ်တယ်လေ"

"ဒါဆိုရင်တော့ အစ်ကို တစ်ခုအကြံပေးချင်တယ်။ စွမ်းအင်ကို တတ်နိုင်သလောက် ချွေတာပါ . . . ညီလေး၊ အထဲမှာ ကိုယ်စွမ်းရော၊ ဉာဏ်စွမ်းရော အားကုန်စိုက်ထုတ် အသုံးပြုရမဲ့အပိုင်းတွေ ရှိတယ်။ အဲတော့ ချွေတာလို့ရတဲ့နေရာမှာ စွမ်းအင်ကို တတ်နိုင်သလောက်ချွေတာ၊ အသုံးပြုရမဲ့နေရာရောက်ရင် အားပြည့်အင်ပြည့် ထုတ်သုံးနိုင်တာပေါ့"

ကရုဏာသံငွေ့ငွေ့ဖြင့် ပြောစကားဆုံးတော့ ထိုလူမှာ ရပ်ကျန်ခဲ့သည်။ ပြီးတော့ နောက်လှည့်ထွက်ခွာသွားပါ၏။ လူငယ်၏ လှမ်းလက်စခြေလှမ်းများ ရပ်တန့်သွားသည်။ ပြီးတော့ . . .

"ဟေ့လူ . . . ခဏ . . ."

လည်ပြန်လှည့်ကြည့်လာရာ . . .

"ကျွန်တော် မြင်းလှည်းစီးတော့မယ်"

• • •

လှည်းပေါ်တက်တက်ချင်း ကြာပွတ်သံတစ်ချက် ထွက်ပေါ်လာ၏။ အလယ်အလတ်တန်းစား လှည်းဆွဲမြင်းမှာ ကျောကို ကော့ရင်း နေရာမှ ရုန်းထွက်သည်။ တုပ်ချည်ထားသော လှည်းအိမ်မှာ ဇွေ့ခနဲ ပါသွား၏။ လူငယ် လှည်းဘောင်ကို ကိုင်ရင်း ကိုယ်ဟန်ထိန်းလိုက်ရသည်။



ကျန်မြင်းလှည်းသမားများကတော့ ထွက်ခွာသွားသော သူတို့လှည်းကို အားကျသောမျက်ဝန်းများဖြင့် ငေးလျက် ကျန်နေခဲ့သည်။

မြေနီလမ်းလေးတစ်လျှောက် ခြူသံတချွင်ချွင်ပေးကာ မြင်းဆွဲလှည်းငယ်တစ်စီး ခုတ်မောင်းလျက် ရှိနေသည်။ လှည်းပေါ်တွင် လူစိမ်းဧည့်သည်တစ်ဦး ပါလာ၏။ လမ်းနံဘေး လယ်ကွင်းများ၊ သစ်ပင်ပုလေးများ၊ တစ်ခါတစ်ရံ ခပ်ဝေးဝေးဆီမှ မြင်ရသည်။ ချုံတောဆန်ဆန် မြေလွတ်မြေရိုင်းများကိုကြည့်ပြီး လူငယ်မှာ ပတ်ဝန်းကျင်ကို လေ့လာမှတ်သားလျက်ရှိနေသည်။

လူငယ်ကို တစ်ချက်ငဲ့ကြည့်ကာ မြင်းလှည်းဆရာက . . .

"ညီလေးကြည့်ရတာ ဒီနှစ်မှ ရောက်လာတဲ့လူ မှတ်တယ်"

"ဟုတ်ပါတယ်ဗျာ . . . ကျွန်တော် ဒီနှစ်မှရောက်လာတာပါ"

မြင်းလှည်းမောင်းသူက သဘောကျသလို ခေါင်းညိတ်၏။

"ဒါနဲ့ ဘယ်နယ်ကလဲ"

"ပဲခူးကပါ"

"အားပါး . . . ဥဿာသားတွေ အလာများလှချည်လား။ မနေ့ကတင် နှစ်ယောက်ရောက်လာသေးတယ်"

ခေါင်းကို တဆတ်ဆတ်ညိတ်ကာ စကားဆက်သည်။

"အေးပေါ့လေ . . . လက်ဖောင်းထက်ကြသူတွေများတော့ ဒီကိုအရောက်များတာ မဆန်းပါဘူး။ တောင်ငူနယ်ဘက်ကလည်း လာကြတယ်ဗျ။ ကျုပ်ဖြင့် ကေတုမတီသားတွေဆို အလကားတောင် လိုက်ပို့ပေးချင်ရဲ့ဗျာ"

"ဘာလို့တုံးဗျ"

"ဘာလို့ရမှာလဲ ကေတုမတီဆိုတာ ကျုပ်တို့ ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်သူ တပင်ရွှေထီးတို့၊ ဘုရင့်နောင်တို့ရဲ့ ထီးနန်းအိမ်နန်းစိုက် မြို့တော်လေဗျ။ သူတို့နေခဲ့တဲ့ နေရာမှာနေ၊ သူတို့သောက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

တဲ့ရေကို သောက်သူတွေဆိုတော့ ချစ်ခင်လေးစားသောအားဖြင့်ပေါ့ဗျာ။ ဘာမှလုပ်မနေနဲ့ဦး၊ တပင်ရွှေထီးနေခဲ့တဲ့နေရာမှာ နေရတယ်ဆိုတည်းက သူတို့ဘဝက တန်နေပြီ"

"ဒါဆို ခင်ဗျားကရော"

"အဟဲ . . . ကျုပ်လည်း ပေါ့သေးသေးကောင်တော့ မဟုတ်ပါဘူး။ ဦးအောင်ဇေယျနဲ့ မနီးမဝေးမှာနေနေတဲ့ လူပါဗျ"

လှူငယ်မှာ သဘောတကျ ရယ်မိသည်။ မြန်မာပြည်အထက်ပိုင်းကို သူ လေးစားတာ အဲဒါတွေပါပါသည်။ အားလုံးက သမိုင်းကို တန်ဖိုးထားကြ၏။ ယဉ်ကျေးမှုကို မြတ်နိုးကြ၏။ စိတ်ရင်းဖြူ၍ မျိုးချစ်စိတ်အပြည့်ရှိကြသည်။ ယခု အထက်မြန်မာပြည်သား ဦးသတိုးမင်းကျော်ကရော မည်ကဲ့သို့ လာဦးမည်နည်း။

"အေးပေါ့ဗျာ . . . ဒါကြောင့်မလို့လည်း သမက်ရွေးပွဲလုပ်တာပေါ့။ ဒီခေတ်ကြီးမှာတော့ အဆန်းပဲနော်"

"ဆန်းတယ်ဆိုတာ ဘာကို ဆိုလိုတာလဲဗျ။ ခေတ်ရှေ့ပြေးတာကို ဆန်းတယ်လို့ ပြောတာလား၊ ခေတ်နောက်ကျတာကို ဆန်းတယ်လို့ ပြောတာလား။ ဒါမှမဟုတ် လူအများစုရဲ့ လုပ်ထုံးလုပ်နည်းနဲ့ မတူတာကို ဆန်းတယ်လို့ ပြောတာလား"

တော်တော်လာသည့် မြင်းလှည်းသမားဟု စိတ်ထဲက ပြောမိသည်။

"ကျွန်တော်ကတော့ လူအများ လုပ်ထုံးလုပ်နည်းနဲ့ မတူတာကို ဆန်းတယ်လို့ ထင်တာပဲ"

"မှားတာပေါ့ဗျာ . . . ကိုယ့်သဘာဝနဲ့ မတူတာနဲ့ဘဲ သူများကို ဆန်းတယ်လို့ ဘယ်ပြောလို့ရမလဲ။ မင်းလည်း မင်းသဘာဝနဲ့မင်း၊ သူလည်း သူ့သဘာဝနဲ့သူပေါ့။ ကုန်းဘောင်ဆက် အနွယ်တော်တစ်ယောက်အနေနဲ့ သူ့လုပ်ထုံးလုပ်နည်းနဲ့သူတော့ မှန်နေမှာပဲလေ။ မင်းလည်း ခေတ်လူငယ်တစ်ယောက်အနေနဲ့ မင်းအမြင်နဲ့ မင်းတော့ရှိနေမှာပဲ။ အဲ့ဒါကို သဘောပေါက်နိုင်ရမယ်။ ကိုယ့်ပုဂ္ဂလအမြင်နဲ့ပဲ ကြည့်ပြီး သူများကို မဝေဖန်ရဘူး။ အဲလိုဝေဖန်မယ်ဆိုရင် မင်းဟာ ကျဉ်းမြောင်းသောလူတစ်ယောက် ဖြစ်သွားလိမ့်မယ်။ မင်းဆီကို ကျယ်ပြန့်မှုတွေ ရောက်မလာတော့ဘူး။ မင်းခတ်ထားတဲ့ ဘောင်ကျဉ်းကျဉ်းလေးထဲမှာပဲ တစ်သက်လုံး နေသွားရလိမ့်မယ်"



လှူငယ်မှာ ကိုယ့်ကိုယ်ကိုယ်သာ ကျိန်ဆဲမိတော့သည်။ စာတတ်ပေတတ်တရားဟော ပုဂ္ဂိုလ်နဲ့မှ လာတွေ့နေရတယ်လို့။ ဒါပေမဲ့ သူ ပြောတာတွေလည်း မှန်နေသည်မို့ တုံ့ပြန်မပြောဖြစ်။ ငြိမ်နေပြန်တော့လည်း စကားမှာ ထပ်ထွက်မလာ။ ထို့ကြောင့် . . .

"ခင်ဗျားတို့ ဦးသတိုးမင်းကျော်ကရော ဘယ်လိုလူမျိုးလဲဗျ။ ခင်ဗျားလို စာတတ်ပေတတ်ပုဂ္ဂိုလ်ပဲလား"

"ဟာ . . . သူ့ကိုတော့ သွားမစမ်းနဲ့မောင်၊ ဖျားသွားမယ်။ ရေးပညာ၊ နောက်ပညာ အကုန်တတ်တယ်။ လေ့လာမှုလည်း ဘာကောင်းသလဲ မမေးနဲ့။ ချမ်းသာလိုက်တာလဲ တအား။ အာဏာပိုင်းကို ကြည့်ဦးမလား။ ဘယ်လိုမှ ယှဉ်လို့မရအောင် ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကြီးပေါ့ဗျာ။ ဒါကြောင့်မလို့လည်း သူ့သမီးကို လိုချင်သူတွေ ပေါတာပေါ့"

"သူက ဘယ်လိုအကြောင်းခြင်းရာတွေနဲ့ စစ်ဆေးပြီး ရွေးချယ်တာလဲဗျ"

"အဲ့ဒါတော့ ငါလည်း မသိဘူး . . . မောင်ရေ . . . ငါသိတာကတော့ ဦးသတိုးမင်းကျော်မှာ အလွန်ပဲလှတဲ့ သမီးချောတစ်ယောက်ရှိတယ်။ သူ တက္ကသိုလ်ပြန်ရောက်တဲ့နှစ်ကစပြီး သမက်ရွေးပွဲလုပ်တယ်။ သုံးနှစ်ရှိပြီ။ အခုချိန်ထိတော့ ဦးသတိုးမင်းကျော် သဘောကျတဲ့လူမျိုးတစ်ယောက်မှ မတွေ့သေးဘူး။ ငါတို့ကတော့ သဘောကျတဲ့လူမပေါ်



www.burmeseclassic.com

www.burmeseclassic.com

ပါစေနဲ့ပဲ ဆုတောင်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလဆန်းရင် ငါတို့ အလုပ်ရတယ်လေ”

အဲလောက်တောင်ပဲလားဟုပင် စိတ်ထဲက ရေရွတ်မိသည်။ လှထိပ်ခေါင်တင်ဟူသော မိန်းကလေးကို သဘောကျသူတွေ အဲလောက်တောင်များတယ်လား။ သူကတော့ ယခုမှ ကြုံဖူး၊ ကြားဖူးခြင်းပင် မည်မျှ တန်ဖိုးကြီးတဲ့ မိန်းကလေးမျိုးမို့ ယခုကဲ့သို့ အဆင့်ဆင့် စစ်ဆေးရွေးချယ်ရတာပါလိမ့်။

မကြာခင် သိရတော့မည်။

ထင်ထားသလိုပါပင် သိပ်မကြာသောအချိန် တစ်ခု၌ မြင်းလှည်းမှာ ရပ်သွားသည်။ ရှေ့ကို မျှော်ကြည့်တော့ ကိုက်နှစ်ဆယ်ခန့်အကွာတွင် ထည်ဝါလွန်းသော ဝန်းခြံကြီးတစ်ခုရှိနေသည်။ ဝင်ပေါက်ထိပ်စီးတွင် 'မြနန်းဘုံသာ စံအိမ်တော်' ဟု ရေးထိုးထား၏။ အောက်တည့်တည့်၌ မာလီကုလားတစ်ယောက် ခုံတစ်လုံးနှင့် ထိုင်နေသည်။

“ကဲ . . . သွားပေတော့”

လှည်းပေါ်ကဆင်းပြီး ဝင်ပေါက်ဆီ ဦးတည်လျှောက်လာခဲ့ပါသည်။ ဆယ်လှမ်းသာသာ လှမ်းပြီးချိန်ထိ မြင်းလှည်းမှာ ပြန်ထွက်မသွားသည်ကြောင့် နောက်ပြန်လှည့်ကြည့်မိစဉ် . . .

“မင်းကို စောင့်နေတာ”

“ကျွန်တော်က အထဲဝင်မှာလေ”

လှည်းမောင်းသူက ရယ်ကျဲကျဲ အပြုံးတစ်ခုကို ပြုရင်း . . .

“အခန့်မသင့်ရင် ဝင်ပေါက်ကနေ လှည့်ပြန်ရတတ်တယ်ကွ၊ အဲဒါကြောင့် စောင့်နေသေးတာ။ အသွားအပြန် မြင်းလှည်းနဲ့ဆိုတော့ မပင်ပန်းဘူးပေါ့ကွာ။ စွမ်းအင်ချွေတာရာလည်း ရောက်တာပေါ့။ ဟားဟား . . .”



လူငယ်မှာ နားမလည်နိုင်ဘဲ ရှိနေသည်။ ခေါင်းကုတ်၍သာ ရှေ့ကို ဆက်လျှောက်သွားလိုက်၏။ မာလီကုလားရှေ့ရောက်တော့ . .

“ဘာကိစ္စလဲ”

“သမက်ရွေးပွဲလာတာ”

မာလီကုလားက သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်သည်။ ပြီးတော့ ခပ်တည်တည်ပင် ဖလားတစ်လုံးကို စားပွဲပေါ်တင်ပေးကာ . . .

“တစ်လိပ်နှိုက်”

ဖလားတွင်းလှမ်းကြည့်တော့ မဲလိပ်များကို တွေ့ရပါသည်။ စားပွဲခုံပေါ်တွင် တင်ထားသော ပစ္စည်းများမှာလည်း အမျိုးအမည်စုံလှ၏။ ခဲချပ်များ၊ အန်စာတုံး၊ စာအုပ်ထူတစ်အုပ်၊ စစ်တုရင်ခုံနှင့် အရုပ်များ၊ မီးခြစ်ဆံတစ်ဘူး၊ ပြီးတော့ ပင်ပေါင်ရောင်စုံဘောလုံးများ စသည်တို့ကို သူ့နေရာနှင့်သူ အစီအစဉ်တကျ ချထား၏။

ဘာတွေမှန်းမသိ။ သို့သော်လည်း နှိုက်ခိုင်းသည့်အတိုင်း မဲလိပ်တစ်လိပ် နှိုက်ပေးလိုက်သည်။ လူငယ်နှိုက်ပေးသော မဲလိပ်ကို မာလီကုလားက ဖြန့်ကြည့်ကာ . . .

“အာဟ . . . မင်းတော့ မလွယ်ကြောပဲ”

ပြီးတော့ လက်ထဲမှ မဲလိပ်ကို လူငယ်မြင်သာအောင် ဖြန့်ပြသည်။ အတွင်းမှာ ရေးထားသည်က . . .

သင့်အား မီးခြစ်ဆံ (၁၂) ချောင်းဖြင့် လေးထောင့်ကွက်လေးကွက်ရအောင် ပြုလုပ်ပေးပါမည်။ ထိုမှ မီးခြစ်ဆံလေးချောင်းကို နေရာရွှေ့ပြီး လေးထောင့်ကွက်သုံးကွက်ကျန်အောင် ပြုလုပ်ပေးပါ။


“ဘာလဲဟ . . .”



www.burmeseclassic.com

www.burmeseclassic.com

ဖြန့်ပြသောစာကို ဖတ်ပြီး လူငယ် ကြောင်သွားသည်။ ဒါပေမဲ့ ကုလားကတော့ အမြင်ကပ်ဖွယ်မျက်နှာဖြင့် မီးခြစ်ဆံဘူးကို ဖွင့်ကာ အတွင်းမှ မီးခြစ်ဆံများကို ထုတ်သည်။ ထို့နောက် အဆံ (၁၂) ချောင်းဖြင့် ရုပ်ပုံတစ်ခု လုပ်ပြပါသည်။




"ကဲ . . . မဲလိပ်ထဲကအတိုင်း လေးထောင့်ကွက်သုံးကွက် လိုချင်တယ်။ ဒီထဲက မီးခြစ်ဆံလေးချောင်းကို နေရာပြောင်းခွင့်ရှိတယ်။ စပေတော့ . . . "

ကုလားက လေပင် ချွန်လိုက်သေး၏။ ပုံစံက လုံးဝအထင်မကြီးသောပုံစံ၊ မကြာခင်အတွင်း လူငယ် လှည့်ပြန်သွားရလိမ့်မည်ဟု လုံးဝယုံကြည်နေသောပုံစံ။ စားပွဲပေါ်မှ ကုလားစီပေးထားသော လေးထောင့် ကွက်လေးကွက်ကို ခဏတာ စူးစိုက်ကြည့်လိုက်သည်။


မီးခြစ်ဆံ (၁၂) ချောင်းက အကွက်လေးကွက်ဖြန့်ကာ သူ့အား သရော်တော်တော် ကြည့်နေသည်။ ခဏသာကြာပါ၏။ ကုတ်ထားသော မျက်မှောင်တို့ စက္ကန့်ပိုင်းအတွင်း ပြေလျော့သွားပြီးစဉ်မှာ . . .

လူငယ်၏ လက်နှစ်ဖက် လှုပ်ရှားသွားသည်။ စားပွဲပေါ်မှ စတုဂံလေးလည်း ပုံပျက်သွားပါ၏။ လူငယ်ထုတ်ယူလိုက်သော မီးခြစ်ဆံလေးချောင်းမှာ . . .





ပြီးတော့ လိုအပ်သော အကွက်တစ်ခုအတွက် ပြန်လည်စီစဉ်ပေးလိုက်သည်ကား . . .



ကုလား မျက်လုံးပြူးသွား၏။ တအံ့တဩ လူငယ်ကို မော့ကြည့်တော့ ပခုံးတွန့်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"အရမ်းကြီး မမှားဘူးမလား"

စကားပင် ပြန်မဖြေနိုင်။ နုတ်ယူပြောင်းလဲပေးလိုက်သော ရုပ်ပုံကို ကြည့်၍လည်း ကုလားသေ သေသွားသည်။ ကုလားမှုပင် မမူနိုင်တော့။ ထို့နောက်မှာတော့ တားမြစ်ပိတ်ပင်ပိုင်ခွင့်ကို ရုတ်သိမ်းလိုက်ရပါတော့သည်။

"ရပြီ . . . ဝင်တော့"

လူငယ်မှာ ရွှင်လန်းတက်ကြွစွာဖြင့် ခြံတွင်းသို့ ခြေတစ်လှမ်းဝင်လိုက်သည်။ ပြီးမှ သတိရကာ ရပ်စောင့်နေသော မြင်းလှည်းမောင်းသူကို လက်ပြလိုက်၏။ မြင်းလှည်းမောင်းသူလည်း ဝမ်းမြောက်ဝမ်းသာ လက်ပြန်ပြရင်း ဆုတစ်ခုတောင်းပေးသည်။

"အောင်မြင်ပါစေကွာ"

ခေါင်းညိတ်လက်ခံတော့ ကုလားက မကြည်သလို စကားတစ်ခွန်းမေးသည်။

"မင်းနာမည် ဘယ်သူလဲ"

"သက်သာ"

"တစ်ခါတည်း မှတ်သွား . . . မင်းနံပါတ် (34)"



# IV

ခရီးဆောင်အိတ်ကို ပခုံးပြောင်းထမ်းရင်း ခြံတွင်းသို့ ဝင်လာခဲ့ပါသည်။ အတွင်းရောက်မှ သေချာသတိထားမိ၏။ မျက်စိတစ်ဆုံး ရှည်လျားကျယ်ဝန်းသော ခြံဝန်းကြီးပါပင်။ သစ်ပင်ကြီးငယ်များ၊ လမ်းသွယ်လမ်းငယ်လေးများနှင့် ကြည့်ရတာ မျက်စိပသာဒ ရှိလှသည်။

အညာဆန်သော်လည်း ပတ်ဝန်းကျင်က ခြောက်သွေ့မနေ။ မိုးကုန်စပင်ရှိသေးတာမို့ စိမ်းစိမ်းစိုစို ရှိနေသေးသည်။ အဝင်လမ်းမှာ ဖြောင့်တန်း၍ တစ်ဖက်တစ်ချက်မှာ မြက်ရိုင်းပင်တွေ ပေါက်၏။

နံပါတ် (၃၄) ဆိုတာကလွဲပြီး ဘာမှမသိသည်မို့ ဟိုကြည့် ဒီကြည့်နှင့်ပဲ လျှောက်ဝင်လာခဲ့ရသည်။

မကြာခင်မှာပဲ သူ၏အကြားအာရုံ၌ အသံအချို့ကို စတင်ကြားသာရသည်။ လူအချို့ စကားပြောသံ၊ ရေကျသံ၊ ရေလောင်းသံများကို ကြားရတော့ အရှေ့ဆီတွင် လူနေရပ်ဝန်းတစ်ခု ရောက်တော့မည်ဖြစ်ကြောင်း ခန့်မှန်းမိ၏။ ထင်ထားသလိုပါပင်။ နောက်ထပ် ခြေလှမ်းအနည်းငယ် လှမ်းပြီးချိန်၌ ညာဘက်ခြမ်းဆီမှာ ရေတွင်တစ်တွင်းနှင့် ရေချိုးနေသော ယောက်ျားငါးယောက်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့ကိုတွေ့တော့ တစ်ယောက်က လှမ်းပြုံးပြသည်။ နောက်တစ်ယောက်က သဘောပေါက်စွာ 'ဆက်သွား' ဟူသည့်သဘော လက်ပြတော့ သက်သာ ပြန်လည်ပြုံးပြရင်း ခြေလှမ်းကို ဆက်ရပါသည်။ မကြာခင်မှာပဲ လူနေအဆောက်အဦးလိုလို၊ နှစ်ထပ်ကျောင်းဆောင်လိုလို အချွန်အတက် အနွယ်အခက်တွေဖြင့် တန်ဆာဆင်ထားသော အမည်းရောင်အိမ်တစ်လုံးကို တွေ့ရပါသည်။

အထဲမှ အသံမျိုးစုံက အပြင်ကို လျှံထွက်နေသည်။ အနီးအနားတွင်လည်း သူလိုကိုယ်လို သက်တူရွယ်တူများကို တွေ့ရသည်။ အချို့က သစ်ပင်ရိပ်များအောက်တွင် အုပ်စုဖွဲ့စကားပြောကာ တချို့က တစ်ဦးတည်း ထိုင်နေသည်။

ဆေးလိပ်သောက်သူသောက်၊ ကွမ်းစားသူစားနှင့် ယောက်ျားလေးတို့နှစ်သက်ရာ ဘာသာရပ်တို့ကို လုပ်ဆောင်လျက်ရှိနေပါသည်။ သူ့ကိုမြင်တော့ လုပ်လက်စအလုပ်များကို ရပ်ပြီး အားလုံးက ဝိုင်းစူးစမ်းကြ၏။

သက်သာမှာတော့ မေးမြန်းစူးစမ်းခြင်း ပြုမနေတော့ဘဲ သစ်သားအိမ်ကြီးဆီသို့သာ ဦးတည်သွားလိုက်ပါသည်။

ဒါပေမဲ့ . . .

တံခါးဝရောက်စဉ်မှာ ထင်မှတ်မထားသော အတားအဆီးတစ်ခုက ပေါ်လာသည်။ လူတစ်ယောက် တံခါးဝတွင် လက်ပိုက်ရပ်ကာ လမ်းကို ပိတ်ထား၏။

"ဘာသဘောလဲ"

ဟူသည့်သဘော မျက်လုံးလှန်ကြည့်တော့ . . .

"နံပါတ် ဘယ်လောက်လဲ"

"34"

"ဒါဆို အပေါ်တက်သွား။ ဒီထဲ ဝင်စရာမလိုဘူး"

ဘယ်သူမှန်းမသိပေမဲ့ လေသံက မာလှသည်။ သို့သော်လည်း



ကိုယ်က အခုမှရောက်လာသူဖြစ်လေတော့ သည်းခံ၍ နံဘေးမှ လှေကားအတိုင်း အပေါ်တက်ခဲ့လိုက်ပါသည်။ အပေါ်ထပ်မှာတော့ ရှင်းလင်းနေ၏။

အခန်းကျယ်ကြီးတွင်းမှာ ခုတင်များကို အတန်းလိုက် မျက်နှာချင်းဆိုင် စီထားသည်။ ခုတင်တိုင်း၏ ခြေရင်းတွင်လည်း သက်ဆိုင်ရာနံပါတ်များကို တပ်ထား၏။ ခုတင်တိုင်းလိုလိုမှာလည်း အိပ်ရာခင်း၊ ခေါင်းအုံးများချကာ သက်ဆိုင်သူ အသီးသီးရှိနေပါသည်။ ဒါပေမဲ့ လက်ရှိတွေ့ရတာတော့ အပေါ်တစ်ထပ်လုံးတွင် လူသုံးယောက်သာ။

ခုတင်နံပါတ်မှာ (21)မှ စထား၏။ ထို့ကြောင့် သက်သာ အခန်းအတွင်းဝင်၍ နံပါတ် (34)ခုတင်ကို ရှာဖွေလိုက်သည်။ ဝင်လာသော သူ့ကို အခန်းတွင်းမှ လူသုံးဦးက တစ်ချက်လှမ်းကြည့်ပြီး ကိုယ့်အလုပ်ကိုယ် ဆက်လုပ်နေသည်။

တစ်ဦးက ခုတင်ခြေရင်းတွင် ဆူဒိုကု ဖြေနေသည်။ တစ်ဦးက ပြတင်းပေါက်ပေါင်ပေါ်တွင် တပွလင်လွဲထိုင်ရင်း jigsawကစားနေ၏။ နောက်တစ်ဦးကတော့ စာအုပ်ထူကြီးတစ်အုပ်ကို ဖတ်နေသည်။ နံပါတ် (၃၄) ခုတင်မှာ စာအုပ်ဖတ်နေသူ၏ဘေးမှာ ရှိသည်မို့ သက်သာ ဝင်ထိုင်လိုက်တော့ . . .

"အခုမှ ရောက်လာတာလား"

"ဟုတ်တယ် . . . အခုမှ ရောက်လာတာ"

တစ်ခွန်းမေး တစ်ခွန်းဖြေစနစ်နှင့် ဆက်သွယ်မှု ပြီးဆုံးသွားသည်။ စာအုပ်ဆက်ဖတ်နေတော့ သက်သာလည်း ဘာလုပ်ရမှန်းမသိ ခုတင်ပေါ် ထိုင်နေလိုက်သည်။ ဟိုနှစ်ယောက်ကတော့ အဖက်ပင်မလုပ်။ နောက်မှ သတိရပြီး ခရီးဆောင်အိတ်ဖွင့်ကာ အိပ်ရာလိပ်ခင်းသည်။

ပြီးတော့ ဘာလုပ်ရမှန်းမသိ၊ နားရမည်လား၊ တစ်ရေးတမော အိပ်ရမည်လား။ ညနေစောင်းလုပြီမို့ မအိပ်ချင်တော့။ ခရီးပန်းလာသဖြင့် နားတော့ နားချင်သည်။ ဒါပေမဲ့ ခန္ဓာကိုယ်က အိုက်စပ်စပ်။



www.burmeseclassic.com

www.burmeseclassic.com

နီးစပ်ရာ ပြတင်းကို လျှောက်ပြီး အပြင်လှမ်းကြည့်တော့ သူ ဝင်ခဲ့စဉ်ကအတိုင်း အောက်ဖက်မှာ လူတွေရှိနေကြဆဲ။ တွေ့ရသလောက် လူငယ်ပိုင်းများပြီး လူလတ်ပိုင်းမှာ တစ်ဦးနှစ်ဦးလောက်သာရှိသည်။ ဒါတွေ အားလုံးပြိုင်ပွဲဝင်သူများဖြစ်ကြောင်း သံသယဖြစ်စရာ မလိုပါ။

ထိုစဉ်မှာပဲ ရေစိုဝတ်ပခုံးပေါ်တင်ပြီး လျှောက်လာသော လူငယ်တစ်ဦးကို ပြတင်းပေါက်မှ လှမ်းတွေ့လိုက်ရသည်။ ဒီတော့မှ သတိရ၏။ ရေတွင်းမှာ ရေသွားချိုးလို့ရသည်ပဲ။

ဆုံးဖြတ်ချက်ချပြီးချိန်၌ အိတ်တွင်းမှ ရေလဲပုဆိုးနှင့် လိုအပ်သည်များထုတ်ကာ အောက်ဆင်းခဲ့လိုက်ပါသည်။ ပြီးတော့ ဝင်ပေါက်လမ်းအတိုင်း ရေတွင်းဆီ ဦးတည်လျှောက်သွားလိုက်၏။

ဒုတိယမြောက် ထိတွေ့ရသော ပတ်ဝန်းကျင်မှာလည်း ပထမအကြိမ်တုန်းကလို သူစိမ်းဆန်ကာနေသည်။

ဖြစ်လောက်ပါသည်။

အရာအားလုံးက သူ့အတွက် အစိမ်းသက်သက်ပင် မဟုတ်ပါလား။

• • •

ညနေ (၆) နာရီထိုးတော့ ဝီစီနှစ်ချက်မှုတ်ရင်း လူကြီးတစ်ဦး သူတို့အဆောင်ဆီ ရောက်လာသည်။ ပြီးတော့ သူတို့အားလုံးကို ထမင်းစားဆောင်ဆီ ဦးဆောင်ခေါ်သွားပါ၏။ ရောက်သွားစဉ်၌ . . .

ခမ်းခမ်းနားနားကားကားမဟုတ်။ မြေကွက်လပ်တွင် တဲထိုးခံ့ခင်းကျွေးခြင်းဖြစ်၏။ အကျွေးအမွေးက တိကျလှသည်။ အဝင်ဝတွင် အင်္ကျီတထောင်းထောင်းထနေသော အိုးကြီးများချပြီး လူသုံးဦး ရပ်နေသည်။ စားမည့်လူများက အရင်ဆုံး တန်းစီရသည်။

နံပါတ် (၃၄) ဆိုတော့ သူက ဟိုးနောက်ဆုံးမှာ၊ ခြေညှောင်းအောင် ရပ်စောင့်ပြီးတော့မှ သူ့အလှည့် ရောက်သည်။



အရင်ဆုံး ခုံတန်းရှည်ပေါ်တင်ထားသော ထမင်းပန်းကန်ကို ယူရ၏။ ပန်းကန်မှာ စစ်သားများကျွေးသလိုမျိုး ပုံစံခွက်ဖြင့် စတီးပန်းကန်အဝိုင်းကြီးဖြစ်သည်။ ပထမဆုံး ရပ်နေသူရှေ့ရောက်တော့ ပန်းကန်တွင်းသို့ ထမင်းတစ်ဇလုံ ပုံပေး၏။ ဒုတိယလူက ငါးခြောက်ကြော်တစ်ခွန်းခပ်ထည့်ပေးသည်။ တတိယလူကတော့ ရေနွေးပန်ခွက်သာသာ ဟင်းချိုဇလုံဖြင့် ပဲဖတ်ဟင်းချို ထည့်ပေးပါသည်။ ဒါပဲဖြစ်၏။

မြိန်လောက်ပါပေစွ။

အမိုးမှလွဲပြီး လေးဖက်လေးတန် ဟင်းလင်းဖွင့်ထားသော အဆောင်တွင်းရောက်တော့ လူနည်းသော်ပိုင်းတွင် ဝင်ထိုင်လိုက်သည်။ အလယ်မှာ ဖွန်းခက်ရင်းခြင်းရှိ၏။ ငါးပိရည်၊ အတို့အမြုပ် ချပေးထားသည်။ တချို့ လက်သွားဆေးပြီး လွေးကြသည်။ တချို့ကတော့ ငါးခြောက်ကြော်၊ ပဲဟင်းချိုဖြင့် မစားနိုင်၍ ထိုင်နေသည်။ တချို့များကျတော့ ငါးပိရည်၊ တို့စရာနဲ့ပင် ပထမတစ်ပန်းကန် ကုန်နေပြီ။

ငါတို့ရောက်နေတာ စစ်တပ်များလားဟူ၍ပင် သက်သာတွေးလိုက်မိသေးသည်။ ထမင်းတစ်လုတ် ပါးစပ်ထဲ ထည့်ဝါးတော့ မသက်သာလှ။ သို့သော်လည်း အလုပ်သဘောအရ သည်းခံကြိတ်မှိတ် မြိုသိပ်ရမည်။ နာမည်နှင့်လိုက်အောင် အမြဲတမ်းသက်သာလာခဲ့သော သက်သာ၊ အခုတစ်ချိန်တွင်တော့ လုံးဝ မသက်သာနိုင်တော့ပါ။

ထမင်းပန်းကန်တစ်ဝက်ကျိုးလောက်တော့ တဲတွင်းသို့ လူကြီးတစ်ဦး ဝင်လာသည်။ ကောင်းမွန်စွာ ဝတ်စားထားပြီး ဥပဓိရုပ် သပ်ရပ်ခန့်ငြားသူမို့ သက်သာ လှမ်းရှိုးထားလိုက်၏။

ထိုစဉ်မှာပဲ ဝင်လာသူက တည်ကြည်လေးနက်သော လေသံဖြင့် . . .

"အားလုံးပဲ . . . ကျွန်တော့်ကို စကားနည်းနည်းလောက် ပြောခွင့်ပေးပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com

ထိုပုဂ္ဂိုလ်၏ ကြည်လင်ပြတ်သားသော စကားသံက ထမင်းစားဆောင်တစ်ခုလုံးကို ဖုံးလွှမ်းသွား၏။ မီးကို ရေနှင့်ငြိမ်းလိုက်သလို အသံများအားလုံး တိတ်ကျသွားသည်။ ပြီးတော့ စားလက်စထမင်းကို ရပ်ပြီး အသံ ထွက်ပေါ်ရာအရပ်ဆီ အကြည့်တွေရောက်သွားတော့ . .

"ကျွန်တော့်နာမည် သမိန်ဒူးလို့ ခေါ်ပါတယ်။ ဒီစံအိမ်တော်ကြီးရဲ့ အရှင်သခင် ဦးသတိုးမင်းကျော်ရဲ့ တပည့်တစ်ဦးပါ။ ဒီခြံကြီးနဲ့ ပတ်သက်လို့တော့ တာဝန်ရှိသူတစ်ဦးပေါ့။ ကျွန်တော်ယူထားတဲ့ တာဝန်ကတော့ တခြားမဟုတ်ပါဘူး။ ခင်ဗျားတို့အားလုံးရဲ့ နေရေး၊ ထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေးနဲ့ ပြိုင်ပွဲတစ်လျှောက် အစီအစဉ်တကျရှိရေးတို့ပဲ ဖြစ်ပါတယ်။

အဲတော့ အထက်ပါ အကြောင်းအရာတွေနဲ့ ပတ်သက်လို့ အစဉ်မပြေတာ တစ်စုံတစ်ခုရှိရင် ကျွန်တော့်ကို တိုက်ရိုက်ဖြစ်စေ၊ ခြံထဲက လူတစ်ဦးဦးမှဖြစ်စေ ပြောဆိုအကြောင်းကြားနိုင်ပါတယ်"

သမိန်ဒူးဆိုသူ လူကြီးက စကားကိုရပ်ပြီး အားလုံးကို ဝေ့ကြည့်၏။ ပြီးတော့မှ . . .

"နောက်တစ်ခုကတော့ ကျွန်တော်တို့ မြနန်းဘုံသာခြံကြီးထဲမှာ နှစ်စဉ်နှစ်တိုင်း ပြုလုပ်နေတဲ့ ပြိုင်ပွဲပုံစံနဲ့ သဘောသဘာဝပဲဖြစ်ပါတယ်။ အမှန်အတိုင်းပြောရရင်တော့ ပြိုင်ပွဲပုံစံနဲ့ ပတ်သက်လို့ ဘယ်ပြိုင်ပွဲဝင်ကိုမှ ကျွန်တော်တို့ ပေးမသိပါဘူး။ ပြိုင်ပွဲမှာ အဆင့် ဘယ်နှစ်ဆင့်ရှိတယ်၊ ဘယ်လိုအဆင့်မှာ ဘယ်လိုစမ်းသပ်မှုတွေ ပြုလုပ်တယ် စသဖြင့် ကျွန်တော်တို့ ကြိုတင်ပြောပြထားမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ စမ်းသပ်စစ်မေးတဲ့ အဆင့်တစ်ခုချင်းဆီကိုသာ အောင်မြင်အောင် အားထုတ်ရမှာဖြစ်ပါတယ်"

အဆောင်တစ်ခုလုံး တိတ်ဆိတ်ကာ ရှိနေပါသည်။ သမိန်ဒူးဟူသော လူကြီး၏ စကားကို စိတ်ဝင်စားဖွယ် နားထောင်နေကြ၏။



ပြိုင်ပွဲဝင်ရန် လာခဲ့သူတွေမို့ ပြိုင်ပွဲအကြောင်းကို ထက်သန် စိတ်ပြင်းပြင်းနဲ့ နားထောင်ကာနေသည်။

"ပြိုင်ပွဲရဲ့သဘောသဘာဝနဲ့ ပတ်သက်လို့တော့ ရှုံးထွက်စနစ်ဖြစ်ပါတယ်။ ဘယ်အဆင့်ပဲရောက်ရောက် ရောက်တဲ့အဆင့်မှာ ရှုံးတာနဲ့ ပြိုင်ပွဲက ထွက်ရမှာပါ။ ပြီးတော့ ကိုယ့်အထုပ်ကိုယ်ထမ်းပြီးလည်း ခြံထဲက တစ်ခါတည်း ထွက်ပေးရတယ်။ ဒါဟာ ရှုံးနိမ့်သူအတွက် ဖြစ်ပါတယ်။ အဆင့်တိုင်းမှာ အောင်နိုင်ပြီး နောက်ဆုံးစမ်းသပ်မှုအထိ ရှုံးပွဲမရှိတဲ့လူကတော့ အားလုံးသိထားသလို ဦးသတိုးမင်းကျော်ရဲ့ တစ်ဦးတည်းသောသမီး လုထိပ်ခေါင်တင်နဲ့ လက်ထပ်ရမှာဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ ဦးသတိုးမင်းကျော် ပိုင်ဆိုင်သမျှ ပစ္စည်းအားလုံးနဲ့ လုပ်ငန်းအားလုံးကို ၅၀ % ခွဲဝေရမှာ ဖြစ်ပါတယ်။ ဒီအိမ်၊ ဒီခြံဝန်းနဲ့ ဦးသတိုးမင်းကျော်ရဲ့ နယ်ပယ်အားလုံးမှာ ဒုတိယမြောက် အာဏာရှိသူဖြစ်လာပြီး အနာဂတ်မှာ (၁၀၀ %) ရရှိခံစားခွင့်ရှိမဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာမှာပါ"

နားထောင်နေသူများ လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။ ပိုင်ဆိုင်မှုတွေ၊ ရာခိုင်နှုန်းတွေ ပါလာပြီး မဟုတ်ပါလား။

"နောက်တစ်ခုက ပြိုင်ပွဲရက်အတွင်း ဘယ်သူမှ ခြံပြင်မထွက်ရပါဘူး။ အပြင်က မည်သူတစ်ဦးတစ်ယောက်နှင့်မှ ဆက်သွယ်မှု မလုပ်ရပါဘူး။ ဆက်သွယ်ရေးကိရိယာ အထူးသဖြင့် ဖုန်း၊ ကွန်ပျူတာ စတဲ့ ပစ္စည်းတွေကိုလည်း ယူဆောင်အသုံးပြုခွင့် မရှိပါဘူး။ ပါလာရင်လည်း မနက်ဖြန် လူတွေ့စစ်ဆေးမှု အပြီးမှာ သက်ဆိုင်ရာ တာဝန်ရှိသူတွေထံ နာမည်ထိုးပြီး အပ်ထားခဲ့ရပါမယ်။

အဓိကကတော့ တစ်ဦးနဲ့တစ်ဦး ညီညွတ်မှုတစ္စာ နေထိုင်ကြဖို့ပါပဲ။ စမ်းသပ်မှု အဆင့်တွေမှာ အောင်မြင်သည်ဖြစ်စေ၊ ရှုံးနိမ့်သည်ဖြစ်စေ တစ်ဦးနဲ့တစ်ဦး အမုန်းမပွားဘဲ ချစ်ချစ်ခင်ခင် နေထိုင်ကြပါ။ ဒီ

www.burmeseclassic.com

ခြံကြီးမှာ တင်းကြပ်သော စည်းကမ်းတစ်ခုလည်း ရှိပါတယ်။ အဲဒါက တော့ ခိုက်ရန်ဖြစ်ပွားတာနဲ့ နှစ်ဖက်စလုံးကို ခြွင်းချက်မရှိ ခြံထဲက ထုတ် ပစ်မှာပါ။

ဒီတစ်ညတော့ လွတ်လပ်စွာ အနားယူနိုင်ပါတယ်။ မနက်ဖြန် ကစပြီး စမ်းသပ်မှုအဆင့်တွေ စုပါပြီ"

စကားကိုရပ်တော့ ပတ်ဝန်းကျင်က အတွေးကိုယ်စီနဲ့ တိတ် ဆိတ်နေသည်။ သမိန်ဒူးဆိုသူက အားလုံးကို ဝေ့ကြည့်သည်။ သူ့ကို ဂရုစိုက်ထားကြောင်းသိတော့ ကျေနပ်ဖွယ်အမူအရာကို ပြုရင်း နောက် ဆုံးစကားတစ်ခွန်း ဆိုသည်။

"နောက်ဆုံးအနေနဲ့ မှာချင်တာကတော့ သတ်မှတ်ထားတဲ့နေရာ တွေက လွဲပြီး ကျန်တဲ့နေရာတွေ မသွားဖို့ပါ။ ကိုယ်ပိုင် တာဝန်သိစိတ် တွေနဲ့ စည်းကမ်းရှိရှိ နေထိုင်စေချင်ပါတယ်။ အားလုံးပဲ ပျော်ရွှင်ဖွယ် ညချမ်းဖြစ်ပါစေ။ မနက်ဖြန် မနက် (၄) နာရီ အချက်ပေးခရာတွတ်ပါ မယ်"

စကားအဆုံးသတ်မှာတော့ မိန့်ခွန်းပွဲတွေကလို လက်ခုပ်သံ တဖြောင်းဖြောင်း မကြားရ။ ဒါပေမဲ့ . . .

"ကျွန်တော် တစ်ခုလောက် တင်ပြချင်လို့ ခွင့်ပြုပါဆရာ"

ရှေ့ပိုင်းဆီမှာ လူငယ်တစ်ယောက် မတ်တတ်ထရပ်လာသည်။ ထွက်ခွာရန် ပြင်ဆင်နေသော သမိန်ဒူးရဲ့ခြေလှမ်းများ တန့်သွား၏။ ပြီး တော့ 'ဘာလဲ'ဟူသည့်သဘော မေးဆတ်ပြတော့ . . .

"ဆရာ့စကားထဲမှာ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ တစ်ခုခု အဆင်မပြေရင် ဆရာ့ကို တိုက်ရိုက်တင်ပြခွင့်ရှိတယ် လို့ ဆိုထားပါတယ်။ အဲဒါကြောင့် အခုစားနေရတဲ့ ထမင်းဟင်းနဲ့ ပတ် သက်ပြီး တစ်ခု တင်ပြချင်ပါတယ်။ အမှန်အတိုင်းပြောရရင် ဆရာတို့ ကျွေးတဲ့ ညနေစာကို ကျွန်တော် မစားနိုင်ပါဘူး။ ထမင်းက အစေ့ပျောက်



နေတဲ့အပြင် ဟင်းက အလွန်နည်းပါတယ်။ ငါးနီတူခြောက် လေးငါး တောင်နဲ့ အရည်ကျဲဟင်းချိုက ကျွန်တော့်ကိုယ်ကျွန်တော် ထောင်ထဲ ရောက်နေတာလားလို့တောင် သံသယဝင်စေပါတယ် . . . ဆရာ။ အဲ့ဒါ ကြောင့် စားသောက်ရေး အဆင်မပြေကြောင်း တင်ပြပါတယ်"

ဦးသမိန်ဒူး မျက်နှာ မည်းခနဲ ပျက်သွား၏။ ဒါပေမဲ့ ဣန္ဒြေကို ထိန်းကာ . . .

"ဒါကတော့ ခင်ဗျားတို့အတွက် ဆရာကြီးချပေးထားတဲ့ ဘတ် ဂျက်အခြေအနေပေါ် မူတည်ပါတယ်။ ကျွန်တော်က ဘတ်ဂျတ်နဲ့ တိုင်း ပြီး လုပ်ရတာပါ"

မေးမြန်းသူကပင် ဒုတိယမြောက် မေးခွန်းထပ်ထုတ်သည်။

"ကျွန်တော် ကြားဖူးတာကတော့ ဦးသတိုးမင်းကျော်ဆိုတာ အလွန့်အလွန် သဘောမနောကောင်းပြီး စေတနာဖြူစင်တဲ့ ပုဂ္ဂိုလ်ကြီး လို့ သိရပါတယ်။ နှစ်စဉ်နှစ်တိုင်း ပြုလုပ်နေတဲ့ မြို့ဦးဘုရားပွဲမှာလည်း ထမင်းရည်ချောင်းစီးအောင် ကျွေးမွေးလှူဒါန်းတယ်လို့ ကြားဖူးခဲ့ပါ တယ်။ ကျွန်တော်ကိုယ်တိုင်လည်း ဦးသတိုးမင်းကျော်ကျွေးတဲ့ စတုဒိသာ တွေ မကုန်နိုင်၊ မခမ်းနိုင်အောင် စားခဲ့ရဖူးပါတယ်။ ဒါပေမဲ့ အခုတစ်ခါ မှာတော့ အခြေအနေ လုံးဝကွဲလွဲနေတယ်လို့ ခံစားရပါတယ်။ အဲဒါ ကြောင့် ဒီပြိုင်ပွဲကာလအတွင်း ဦးသတိုးမင်းကျော်နဲ့ တွေ့ခွင့်ရှိခဲ့ရင် အခု လို ကွဲလွဲနေမှုကို မေးမြန်းခွင့်ရနိုင်ပါသလား သိချင်ပါတယ် . . ဆရာ"

သမိန်ဒူးဆိုသူလူကြီး မျက်နှာအကြီးအကျယ် ပျက်သွားကာ–

"ဟာ . . . မရဘူး . . . မရဘူး"

အကြောက်အကန် တားမြစ်တော့ . . .

"ဘာကြောင့်ပါလဲ ခင်ဗျာ"

ချက်ချင်း မဖြေနိုင်။ ဒါပေမဲ့ အားလုံးကတော့ သဘောပေါက် သွားခဲ့ပြီ။ ချပေးထားသော ဘတ်ဂျတ်အတွင်းမှ ဒီလူကြီး ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com

ဘုံးလိုက်သည်မသိ။ မေးခွန်းထုတ်သူနှင့်အတူ အားလုံးက အဖြေကို ငံ့လင့်နေတော့ . . .

"ဟုတ် . . . ဟုတ်ပြီ . . . တင်ပြပေးမယ်။ ဆရာကြီးဆီကို အခုကိစ္စ တင်ပြပေးမယ်"

နဖူးစပ်မှ စို့သီးလာသော ချွေးကိုသုတ်ရင်း ဦးသမိန်ဒူးဖြေရှင်းတော့ . . .

"ကျေးဇူးတင်ပါတယ်ဗျာ"

ပြန်လည်ထိုင်ချတော့မှ စိတ်အေးသွားသလို ဦးသမိန်ဒူး သက်ပြင်းချပါသည်။ ထိုစဉ်မှာပဲ နောက်တစ်ယောက်က တစ်စခန်းထလာသည်။

"ကျွန်တော်ကတော့ ကျန်းမာရေးနဲ့ပတ်သက်ပြီး တင်ပြချင်ပါတယ်ဆရာ။ ဆရာရဲ့ နောက်ဆုံးပြောစကားအရ သတ်မှတ်ပေးထားတဲ့ နေရာတွေကလွဲပြီး ကျန်တဲ့နေရာတွေ မသွားရဘူးလို့ ဆိုထားပါတယ်။ ကျွန်တော်တို့ မသွားရမဲ့နေရာတွေက ဘယ်နေရာတွေလဲ သိချင်ပါတယ်ဆရာ"

ဦးသမိန်ဒူး မျက်မှောင်ကြုတ်သွား၏။

"မင်းပြောတော့ ကျန်းမာရေးဆို . . ."

"ဟုတ်ပါတယ် . . . ဆရာ၊ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်က ဆီးရွှင်တဲ့ရောဂါရှိပါတယ်။ မကြာခဏ ဆီးသွားတတ်လို့ တားမြစ်နယ်မြေတွေ မေးထားရတာပါ။ တော်ကြာ ဆရာတို့ တားမြစ်နယ်မြေထဲ သွားမိလို့ ဒုက္ခရောက်နေမှာစိုးလို့ပါ"

လူအချို့ ပြုံးကြ၏။ တချို့လည်း ကြားရသောစကားကြောင့် ရယ်ချက်ပက်ကျိတွေ ဖြစ်ကုန်သည်။ ပိုက်ဆံဘုံးတတ်ပေမဲ့ ဦးသမိန်ဒူးမှာ ဤနေရာမှာတော့ စာနာသနားတတ်ပုံရ၏။ လူယယ်အချို့လို ရယ်ကျဲကျဲမျက်နှာပေးမဟုတ်ဘဲ ကရုဏာသက်သောမျက်နှာနှင့် . . .



"အဲဒါကိုတော့ မနက်ဖြန်လူတွေ့စစ်ဆေးချိန်မှာ သက်ဆိုင်ရာ တာဝန်ရှိသူတွေ ပြောပြပါလိမ့်မယ်။ ရှောင်တခင်ရောဂါတွေနဲ့ ပတ်သက်လို့လည်း မပူပါနဲ့။ ကျွန်တော်တို့ခြံထဲမှာ ပင်တိုင်ဆရာဝန်ရှိပါတယ်"

ထို့နောက်မှာ မေးစရာမေးခွန်းတို့ ကုန်သွားသည်ထင်၏။ မတ်တတ်ထရပ်သူ မတွေ့ရတော့ ဦးသမိန်ဒူးက တစ်ဆောင်လုံးကို ဝေ့ကြည့်ပြီး ထွက်သွားဖို့ ပြင်စဉ် . . .

"လုထိပ်ခေါင်တင် . . . ဒီမှာရှိနေပါသလား ခင်ဗျာ"

"ဟင် . . ."

"ဟာ . . ."

ကြားရသော မေးခွန်းကြောင့် အာမေဍိတ်သံတွေ ထွက်သွားသည်။ ထမေးသူက တခြားသူမဟုတ်။

သက်သာ။

ဦးသမိန်ဒူးက သူ့ကို ခပ်တည်တည် လှမ်းကြည့်ရင်း . . .

"မင်းက ဘာလုပ်မလို့လဲ"

"ကျွန်တော့်ပန်းတိုင်ကို ကျွန်တော် မြင်ထားချင်လို့ပါ"

"ဘာ . . ."

"ဒီလိုရှိပါတယ်။ ပြိုင်ပွဲတစ်ခုမှာ ပန်းတိုင်ကို မျက်ခြည်မပြတ်သောစိတ်က အလွန်ပဲ အရေးကြီးပါတယ်။ ပန်းတိုင် ပျောက်သွားရင်ပဲဖြစ်ဖြစ်၊ ပန်းတိုင် မရှိတော့ရင်ပဲဖြစ်ဖြစ် ပြိုင်ချင်စိတ်တွေ မရှိတော့ပါဘူး။ ဒါပေမဲ့ ပန်းတိုင်ကို မြင်နေရရင်တော့ ပိုပြီး ကြိုးစားလိုစိတ်တွေ ဖြစ်စေပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ပန်းတိုင် ကျွန်တော်တို့ မြင်ထားချင်လို့ ရှိမရှိ မေးကြည့်တာပါ"

သူ့စကားက ပြိုင်ပွဲဝင်အားလုံးရဲ့ စိတ်ကို ဆွဲခေါ်လိုက်ပါသည်။ သခုမှ အိပ်ရာက လန့်နိုးလာသူတွေလို တစ်ယောက်တစ်ပေါက် သူ့စကားကို ထောက်ခံကြ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် . . . "

"ကျွန်တော်တို့လည်း တွေ့ချင်ပါတယ်"

"လှထိပ်ခေါင်တင်ကိုမြင်မှ အားပိုရှိမှာပါ"

ဦးသမိန်ဒူး လက်ကာပြတော့ ထောက်ခံမှုအသံတွေ တိတ်သွားသည်။ ထို့နောက်မှာ . . .

"မပူပါနဲ့ . . . လာမဲ့ စမ်းသပ်မှုအဆင့်တွေမှာ မင်းတို့ကို သူစောင့်နေပါတယ်"

✻ ✻ ✻



# V

အဆောင်ပြန်ရောက်တော့ တော်တော်နဲ့ မအိပ်ဖြစ်ကြ။ ယောကျ်ားလေးတို့၏ထုံးစံအတိုင်း တစ်ဦးနဲ့တစ်ဦး မိတ်ဆက်ကြ၊ စကားဝိုင်းဖွဲ့ပြောကြ၊ ရယ်ကြ၊ မောကြဖြင့် ဆူဆူညံညံလျက်ရှိနေသည်။ ယခုမှတွေ့ဖူးကြသူများဖြစ်ပေမဲ့ ခဏတွင်းပင် တကယ့်ငယ်ပေါင်းကြီးဖော်တွေလို ရင်းနှီးသွားကြ၏။

ဆေးလိပ်တွေ တလှူလှူသောက်၊ ကွမ်းတွေ တဗျစ်ဗျစ်ဝါးရင်း လွတ်လပ်ပေါ့ပါးကာ နေပါသည်။ လူငယ်များပီပီ လူစုံသော ညတစ်ညကို ပျော်ပျော်ကြီးကုန်ဆုံးဖို့ ကြိုးစားနေကြသည်။

စာအုပ်ကြီးတကိုင်ကိုင်နှင့် အလီရွတ်သလို တတွတ်တွတ် ကျက်မှတ်နေသော တချို့တလေလည်း ရှိပါသည်။ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ်မို့ အပြစ်တော့ မဆိုသာ။ တချို့တွေက အစိုးရိမ်ကြီးတာနဲ့ အလုပ်ကြိုးစားတာကို ကောင်းကောင်း မခွဲခြမ်းတတ်ကြသည် မဟုတ်ပါလား။

သူကတော့ ပြတင်းပေါက်တွင်ရပ်ကာ ပြင်ပအထိအတွေ့ကို ခံစားနေမိ၏။ ခပ်ဝေးဝေးဆီမှ မီးရောင်အချို့ကို တွေ့ရသည်။ တခြားအဆောက်အဦးများဆီမှ ထွန်းညှိထားသော မီးရောင်များ ဖြစ်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရေတွင်းဘက်ဆီမှ ရေသံများကိုလည်း ကြားရသည်။ အဆောင်မှလူတွေ မအိပ်ခင် ရေချိုးကြသည့် ထင်သည်။

အောက်ထပ်မှာလည်း ဆူညံကောင်းတုန်း ရှိသေးသည်။ မအိပ်ကြသေး။ ထိုစဉ်မှာပဲ အောက်ထပ်ရှိ နီးစပ်ရာ ပြတင်းတံခါးတစ်ခုဆီမှ စကားပြောသံအချို့ ထွက်လာသည်။

"ခင်ဗျားက ဒီနှစ်မှ လာပြိုင်တာလား"

"ဟုတ်တယ် . . . ခင်ဗျားကရော"

"ကျွန်တော်လည်း ဒီနှစ်မှ သတင်းကြားလို့ လာပြိုင်တာဗျ"

"ဒါဆို လှထိပ်ခေါင်တင်ကို မမြင်ဖူးသေးဘူးပေါ့"

"ဟင့်အင်း . . . မမြင်ဖူးဘူး"

"မမြင်ဖူးဘဲနဲ့ ဘယ်လိုလုပ် လာပြိုင်ဖြစ်သွားတာလဲ"

"မြင်ဖူးဖို့ မလိုဘူးလေဗျာ။ သူ့သတင်းက ကျော်စောပြီးသားပဲဥစ္စာ။ နောက်ပြီး သူ့အဖေကလည်း ချမ်းသာတယ်လေ"

"သြော် . . . အဲ့ဒါကြောင့်ပေါ့"

"အဟင်း . . . ခင်ဗျားကရော"

"အင် . . ."

စဉ်းစားသလို ငြိမ်သွားသေး၏။ ပြီးတော့မှ . . .

"ကျွန်တော်လည်း အဲ့ဒါကြောင့်ပါပဲဗျာ။ ဟား . . . ဟား . . ."

ငွေမြင်၍ မိန်းမလိုချင်သော ခပ်ညံ့ညံ့ယောကျ်ားနှစ်ဦး တသောသော ရယ်ကြသည်။ သက်သာစိတ်မကောင်းစွာ ခေါင်းယမ်းမိလိုက်သည်။ အခုနောက်ပိုင်း ယောကျ်ားတွေ ဘယ်လိုဖြစ်ကုန်ကြသည်မသိ။ မိန်းမတွေကရော . . .

တွေးချင်စိတ်ကို မရှိတော့သဖြင့် မြန်မြန်မေ့ပစ်လိုက်ရသည်။ ဒါပေမဲ့ မကြာခင်မှာပဲ ထိုကိစ္စမှာ သူတို့အပေါ်ထပ်တွင် ဦးတည်ချက်တစ်ခု ဖြစ်လာတော့၏။ စတင်ယူဆောင်လာသူက မြင်းခြံသား အောင်အောင်။



"ဒီတော့ လှစုံတုန်းလေး လှထိပ်ခေါင်တင့်နဲ့ ပတ်သက်ပြီး ဆွေးနွေးပွဲလေးတစ်ခု လုပ်လိုက်ရအောင်"

"ဘယ်လိုဆွေးနွေးပွဲလဲ"

"ဦးသတိုးမင်းကျော်ရဲ့ သမက်ရွေးပွဲကို ဝင်ရောက်ဖြစ်ခဲ့ပုံလေးပေါ့"

ဝိုင်းဖွဲ့ထိုင်နေသူလေးဦး တစ်ယောက်ကိုတစ်ယောက် ကြည့်သွားကြသည်။ အောင်အောင်တင်သွင်းလိုက်သောအဆိုက အပေါ်ထပ်တစ်ခုလုံးကို စိတ်ဝင်စားသွားစေပါသည်။ စာကျက်နေသူများ လှည့်ကြည့်ကြသလို ဆောင်ခြံ့ကွေးနေသူများ ခေါင်းထောင်ထလာ၏။ သက်သာပင် အပြင်ငေးနေရာမှ အတွင်းဘက် ဦးလှည့်လာသည်။

"ဒါဆိုလည်း မင်းကပဲ စပြောကွာ"

"အိုကေ . . . အားလုံး ယောကျ်ားတွေနော်။ ပွင့်ပွင့်လင်းလင်းပဲ . . . မကွယ်ဝှက်ကြေး"

"အိုကေ . . . ကြိုက်တယ်"

ထို့နောက်မှာ မြင်းခြံသား အောင်အောင်က ဆွေးနွေးပွဲကို စတင်သည်။

"အမှန်အတိုင်း ပြောရရင်တော့ ကျွန်တော်က အသည်းကွဲနေတဲ့လူပါ။ မကြာခင်ကပဲ တစ်သက်မှာ တစ်ခါပဲ ချစ်ခဲ့ဖူးတဲ့ ချစ်သူမိန်းကလေးက ကျွန်တော့်ကိုပစ်ပြီး အခြားတစ်ယောက်နဲ့ လက်ထပ်သွားတယ်။ သူလက်ထပ်သွားတဲ့လူက ကျွန်တော့်ထက် အဆပေါင်းများစွာ ချမ်းသာနေတယ်လေ။ ကျွန်တော် အရှုံးပဲ ခံစားခဲ့ရတယ်။ အထူးသဖြင့် အချစ်ကို ငွေကြေးနဲ့ တိုင်းတာအကဲဖြတ်ခံရတဲ့အတွက် ပိုပြီး နာကျည်းခံစားရတယ်။ အဲ့ဒါကြောင့် လက်မထပ်ခင်ညမှာ သူ့အိမ်ကိုသွားပြီး လက်ညှိုးငေါက်ငေါက်ထိုး ပြောခဲ့တယ်။

"နင့်ထက်သာတဲ့ မိန်းမရအောင် ယူပြမယ်"



www.burmeseclassic.com

www.burmeseclassic.com

ဆိုပြီးတော့ပေါ့။ ဒါပေမဲ့ ကျွန်တော့်လိုလူမျိုးက အဲလောက်ထိ ဘယ်စွမ်းနိုင်မှာလဲဗျာ။ ဒါနဲ့ပဲ ကျွန်တော် ဒီကို ရောက်လာခဲ့တာပါ။ အကယ်၍များ ငါ အောင်မြင်သွားခဲ့ရင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပေါ့။ တကယ်တော့ ကျွန်တော်ရောက်လာခဲ့တာ သမင်ကိုမုန်းလို့ ဆင်စီးပြမယ်ဆိုတဲ့ စိတ်မျိုးနဲ့ပါ”

တစ်ယောက်က ပွင့်လင်းတော့ နောက်လူတွေလည်း ပွင့်လင်းကုန်သည်။ ဒုတိယ ပုဂ္ဂိုလ်ကတော့ . . .

“ကျွန်တော်က စီးပွားရေးသမားဗျ။ ကုန်ရောင်းကုန်ဝယ် စီးပွားရေးတော့မဟုတ်ဘူး။ ကျွန်တော့် မိဘတွေက မျိုးရိုးစဉ်ဆက် ရွှေကူးတဲ့လုပ်ငန်းကို လုပ်ကိုင်တယ်။ ကြီးကြီးကျယ်ကျယ်လည်း မဟုတ်ပါဘူးဗျာ။ တစ်နိုင်တစ်ပိုင်ပါ။ ဒါပေမဲ့ အခုတလော ကျွန်တော်တို့ဒေသမှာ ရွှေအထွက်များလာတယ်ဗျာ။ တဖြည်းဖြည်း သတင်းကြီးလာတော့ မြန်မာပြည်နေရာအနှံ့က ရွှေတွင်းလုပ်ငန်းကုမ္ပဏီတွေ ရောက်လာတယ်။ သူတို့ရောက်တော့ ကျွန်တော်တို့ နေရာပျောက်ပြီပေါ့ဗျာ။

အခု အစိုးရက အကွက်သစ်တွေရိုက်ပြီး လေလံတင်ဖို့ လုပ်နေတယ်။ ကျွန်တော်တို့ ဘယ်ဝယ်နိုင်မှာလဲ။ လက်ရှိနေရာတွေကလည်း လုပ်ကိုင်သူတွေများလာလို့ အဆင်မပြေတော့ဘူး။ လေလံပွဲမှာလည်း ပိုက်ဆံအင်အားကြီးတဲ့လူတွေပဲ လက်ဝါးကြီးအုပ်မှာ သေချာတယ်။ အဲလိုအချိန်မှာ အဖေက ကျွန်တော့်ကို စကားတစ်ခွန်း ပြောလာတယ်။

“ငါ့သား . . . အခုခေတ်ကြီးမှာ အသက်ဝဝရှူချင်ရင် ပစ္စည်းနှစ်မျိုးရှိဖို့ လိုတယ်။ တစ်ခုက ငွေ၊ တစ်ခုက အာဏာ”

စဉ်းစားစရာမလိုတော့ လို့ အဖေ့စကားကို ကျွန်တော် လက်ခံလိုက်တယ်။ ငွေအရင်းအနှီးများများမရှိလို့ ကျွန်တော်တို့လုပ်ငန်း အဆင်မပြေတော့တာ မျက်မြင်ကိုယ်တွေ့ပဲလေ။ ဒီတော့ အာဏာနောက်ကိုလိုက်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။ ဦးသတိုးမင်းကျော်ဆိုတာက . . .”



စကားဆုံးအောင် မပြောသွားပေမဲ့ အားလုံးပဲသဘောပေါက်ကြပါသည်။ ကိုယ့်ရည်ရွယ်ချက်နဲ့ကိုယ် ရောက်လာသူတွေဖြစ်လေတော့ တစ်ဦးအကြောင်းတစ်ဦး နားထောင်ရတာကပင် စိတ်ဝင်စားဖွယ်ကောင်းနေသည်။ တစ်ယောက်က ဆိုလာပြန်သည်။

“ကျွန်တော်ကတော့ ချမ်းသာချင်လို့လည်း မဟုတ်ဘူး။ အာဏာရချင်လို့လည်း မဟုတ်ဘူးဗျ။ ဦးသတိုးမင်းကျော်ရဲ့ သမက်ဖြစ်ချင်လို့ ရောက်လာတာ”

“ဘယ်လို . . . ”

နားမလည်။ ဒါပေမဲ့ သူကလည်း ရှင်းသည်။

“ရှင်းရှင်းလေဗျာ . . . ဂုဏ် . . . ဦးသတိုးမင်းကျော်ရဲ့ သမက်ဆိုတဲ့ ဂုဏ်။ နောက်ပြီး ဒီပြိုင်ပွဲက သုံးနှစ်ဆက်တိုက် အောင်နိုင်သူ မရှိသေးဘူး။ အဲ့ဒါကိုလည်း ချိုးဖျက်ပစ်ချင်တယ်။ ဒါပဲ”

ရည်ရွယ်ချက်ကတော့ လန်ထွက်နေသည်။ သူတို့ဝိုင်းထဲမှပင် တချို့က သဘောတကျ ပြုံးသည်။ နောက်တစ်ယောက်ရော ဘယ်လိုလာဦးမည်မသိ။ ဒါပေမဲ့လည်း တစ်မျိုးလေး စိတ်ဝင်စားဖွယ်ကောင်းနေပြန်ပါသေးသည်။

“ကျွန်တော့် နာမည်စောမောင်။ ကျွန်တော့်အဖေမှာ အိပ်မက်တစ်ခုရှိတယ်ဗျ။ အဖေ့အိပ်မက်က ကျွန်တော့်ရည်ရွယ်ချက်ပဲ”

“ဘာလဲဟ”

သက်သာ စောမောင်ဆိုသူကို တစ်ချက် လှမ်းရှိုးလိုက်၏။ အစမျိုးပုံက နည်းနည်းများ ပြင်းထန်နေသလားဟုလည်း အတွေးရောက်မိသည်။ ဒါပေမဲ့ . . .

“ကျွန်တော့်အဖေက ခေတ်ပညာတတ်တစ်ယောက်၊ ဥရောပထိသွားပြီး ပညာသင်ခဲ့ဖူးတယ်။ နိုင်ငံရပ်ခြားမှာ ပညာတော်သင်အဖြစ်နှစ်ရှည်လများ နေလာခဲ့ဖူးတယ်။ အဲဒီကပြန်လာတော့ အဖေ့မှာ စွဲကပ်ပါလာတဲ့ ရောဂါတစ်ခုရှိတယ်ဗျ။ အဲဒါတော့ တော်ဝင်မျိုးနွယ်ဖြစ်ချင်တဲ့ ရောဂါ။



www.burmeseclassic.com

www.burmeseclassic.com

ဘာဖြစ်လို့လဲဆိုတော့ ဥရောပရဲ့ အချို့နိုင်ငံတွေမှာ အခုအချိန်ထိ တော်ဝင်မိသားစုတို့၊ တော်ဝင်မျိုးနွယ်တို့၊ မင်းသား၊ မင်းသမီးတို့၊ ထီးမွေနန်းမွေတို့ ဆိုတာတွေ ရှိနေသေးတယ်လေ။ ဘာကြောင့်မှန်းမသိဘူး၊ ကျွန်တော့်အဖေမှာ အဲဒီရောဂါ စွဲကပ်လာတယ်။ ဒါပေမဲ့ သာမန်မျိုးရိုး ကျွန်တော်တို့က ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲဗျာ။ မဖြစ်နိုင်ပေမဲ့ ကျွန်တော့်အဖေ စိတ်ကူးထဲမှာတော့ ဒါကြီးက အိပ်မက်အဖြစ် ရှိနေခဲ့တယ်။

နောက်ဆုံးမှာ အဲဒီတာဝန်က ကျွန်တော့်ပခုံးပေါ်ရောက်လာတယ် ဆိုပါတော့။

ကျွန်တော်သာ ဒီပြိုင်ပွဲမှာ အနိုင်ရခဲ့လို့ လှထိပ်ခေါင်တင်ကို ပိုင်ဆိုင်ရရင် ကျွန်တော်ဟာ နန်းတွင်းအနွယ်တော်တစ်ဦး ဖြစ်လာလိမ့်မယ်။ ကျွန်တော့်အဖေလည်း နန်းတွင်းမျိုးရိုးထဲကို ရောက်လာမယ်။ ဒီအခါမှာ ကျွန်တော့်အဖေရဲ့ အိပ်မက်တစ်ဝက် ပြည့်သွားလိမ့်မယ်။ သက်ဦးဆံပိုင်အနွယ်တော်တစ်ယောက် ဖြစ်လာခဲ့ပြီကိုး။ ဒါပေမဲ့ အလုံးစုံပြည့်စုံဖို့ကိုတော့ ဦးသတိုးမင်းကျော် မရှိတဲ့နောက်ပိုင်းမှာ ကျွန်တော်ကြိုးစားရမယ်။ တစ်နေ့နေ့မှာတော့ ရည်ရွယ်ချက်အတိုင်း တော်ဝင်မိသားစု။ အဲဒါကနေ တော်ဝင်မျိုးနွယ်စုတစ်ခုကို ပြန်လည်ထူထောင်နိုင်မှာပါ"

သက်သာ ပခုံးတစ်ချက်တွန့်ကာ ပြတင်းပေါက်ဘက် ပြန်လှည့်လိုက်ပါသည်။ သက်ဦးဆံပိုင်ကိုးကွယ်သူနဲ့မှ လာတွေ့နေရတယ်လို့။

တော်ဝင်မျိုးနွယ်ကြီး ပြန်လည်ထူထောင်ချင်သူနဲ့မှ လာဆုံနေရတယ်လို့။ တော်ဝင်တယ်ဆိုတာ ဘယ်လိုမျိုးလဲကြုံရင်တော့ မေးကြည့်ချင်ပါသေးသည်။ တော်ဝင်တယ်၊ မဝင်ဘူးဆိုတာ ပြည်သူတွေက သတ်မှတ်တာပါ။ မျိုးရိုးမြင့်မှ မဟုတ်ပါဘူး။ အုပ်ချုပ်သူ လူတန်းစားဖြစ်မှ မဟုတ်ပါဘူး။



လူတွေရဲ့ နှလုံးသားကို ဘယ်လောက်နားလည်သလဲ၊ သူတို့အတွက် ဘယ်လောက်ပေးဆပ်ဝံ့သလဲ။ ဒါဟာ အဖြေပါပဲ။

လမ်းကြုံရင်လည်း ပြောပြချင်ပါသေးသည်။ အောက်ခြေမှာနေပြီး တော်ဝင်သွားသူတွေလည်း မရေတွက်နိုင်အောင် ရှိခဲ့ပါတယ်လို့။

ထိုစဉ်မှာပဲ သူ့ဘေးကို လူတစ်ဦး လာရပ်၏။ လှည့်ကြည့်သော့ . . .

"ဗြော် . . ."

သူနှင့် ခုတင်ချင်းကပ်လျက် ပုဂ္ဂိုလ်။ ထိုလူက ပြုံးပြီး သူ့ကိုယ်သူ မိတ်ဆက်သည်။

"အစ်ကို့နာမည် တောက်ထွန်းလို့ ခေါ်ပါတယ်။ ပခုက္ကူကလာတာပါ"

"ဗြော် . . . ကျွန်တော်က ပဲခူးကပါ။ နာမည်က သက်သာ"

လက်ဆွဲနှုတ်ဆက်တော့ ကြင်နာမှုငွေ့ငွေ့ကို ထိုလူလက်ဝါးပြင်ဆီမှ ခံစားရသည်။ သာသနာထွန်းကားခဲ့သော ဒေသမှာ နေထိုင်သူမို့အားမသိ။ မျက်နှာက ပကတိအေးချမ်းနေသည်။ ကိုတောက်ထွန်းကအတွင်းမှ စကားဝိုင်းဆီ တစ်ချက်လှမ်းကြည့်ပြီး . . .

"ငါ့ညီကရော . . ."

သက်သာပြုံး၍ အကောင်းဆုံးအဖြေတစ်ခုကို ရွေးထုတ်ပေးလိုက်သည်။

"ကျွန်တော်ကတော့ လှထိပ်ခေါင်တင်ကို လိုချင်လို့ပါ"

ထိုခဏ၌ . . .

"ငါကတော့ မင်းတို့နဲ့ မတူဘူးကွာ။ ငါဒီကိုရောက်လာတာ လှထိပ်ခေါင်တင်ကို ချစ်လို့၊ သူနဲ့ လက်ထပ်ချင်လို့၊ အဲဒါကလွဲပြီး ကျန်တာ ဘာမှမလိုချင်ဘူး၊ ဘာမှလည်း မမက်မောဘူး"



www.burmeseclassic.com

www.burmeseclassic.com

အော်သံကြောင့် အကုန် မျက်လုံးပြူးသွားသည်။ ထွက်ပေါ်လာသည်က အခန်းထောင့်တွင် စောင်ခြုံအိပ်နေသော လူတစ်ယောက်ဆီမှ . . .

"အဲဒါကြောင့်လည်း နှစ်တိုင်းလာပြိုင်တာ။ ဒါနဲ့ဆို သုံးနှစ်မြောက်ပဲ"

"ဟာ . . ."

"ဟင် . . ."

စကားဝိုင်းရှိ လူများအားလုံး ထိုလူ့ဆီ ထပြေးကုန်သည်။ သက်သာတို့နှစ်ဦးလည်း စောင်ခြုံအော်နေသူကို စိတ်ဝင်စားသွားရသည်။

ဒါပေမဲ့ . . .

"ဟာ . . . လုပ်စမ်းပါဦးဗျာ . . . ခင်ဗျားလိုလူကို ရှာနေတာ"

"ဟုတ်ပါ့ဗျာ . . . အခုမှ တွေ့တော့တယ်။ လုပ်စမ်းပါဦး ခင်ဗျားက နှစ်တိုင်းဝင်ပြိုင်လာတာဆိုတော့ သူတို့တွေ ဘာတွေမေးလဲ သိမှာပေါ့"

"ဟုတ်တယ် . . . ကျုပ်တို့ကရော ဘာတွေလုပ်ရလဲ၊ ပြောပြစမ်းပါဗျာ"

လဲ့အိပ်နေသူက စောင်ကိုဖယ်ကာ ထထိုင်သည်။ ပြီးတော့ –

"ကျုပ်လည်း ဘာမှမသိဘူး။ ပြီးခဲ့တဲ့ နှစ်နှစ်လုံး Interview နဲ့ ထွက်ခဲ့ရတာ"

"ဘယ်လို . . ."

"ဘာ interview လဲ"

တစ်ခွန်းသံ ပြန်ဖြေ၏။

"မနက်ဖြန်လုပ်မဲ့ interview"



# VI

"ရှိ . . ."

ပထမအသံကို သတိမပြုမိလိုက်။

"ရှိ . . ."

ဒုတိယအသံကြားတော့ မနိုးတစ်ဝက်၊ နိုးတစ်ဝက်။

"ရှိ . . ."

တတိယ ဝီစီသံကြားပါမှ တစ်ဆောင်လုံး ဆူညံလှုပ်ရှားကုန်တော့၏။ အိပ်ချင်စိတ် မပြေယ့်တပြေယ်ဖြင့် အိပ်ရာမှ ကုန်းရုန်းထကြသည်။ ဝီစီသံမှာ အဆောင်ရှေ့မှ ထွက်လာခြင်းဖြစ်ပြီး အိပ်ရာထရန် အချက်ပေးခြင်းလည်း ဖြစ်သည်။

ခြေသံတွေ၊ လှုပ်ရှားသံတွေ၊ စကားသံတွေ ထွက်လာတော့မထချင်ပေမဲ့ သက်သာ ထလိုက်ရပါသည်။ မိုးမလင်းသေး။ ဒါပေမဲ့လည်း နိုးထရန် နှိုးဆော်နေပြီမို့ ထရတော့မည်။ ခုတင်ပေါ်မှဆင်းကာ အများနည်းတူ အိပ်ရာသိမ်းသည်။ ပြီးတော့ မျက်နှာသုတ်ပဝါကို ယူ၍ ရေတွင်းဆီ ဆင်းခဲ့လိုက်ပါသည်။

ဆောင်းရာသီမဟုတ်သော်လည်း သစ်ပင်၊ ကြီးငယ် များပြားသည်ကြောင့် အေးစိမ့်စိမ့်ဖြစ်နေ၏။ ရေတွင်းဆီရောက်တော့ လူတွင် ကြပ်

www.burmeseclassic.com

နေပြီ။ ကိုယ့်ထက်ဦးသူတွေက ရေတွင်းပတ်ပတ်လည်မှာ နေရာဦးထား ကြရာ ရေတစ်ခွက်ရရန်ပင် တော်တော်စောင့်ရသည်။

မျက်နှာသစ်ပြီး နောက်မှာ သူတို့အားလုံးအား မနေ့ကအတိုင်း ထမင်းစားဆောင်ဆီ ခေါ်သွားပါသည်။ အစာပြေစာစားမလို့လား၊ မနေ့က တင်ပြထားလို့လားမသိ။ မြန်မာထမင်းကြော်၊ ကြက်ဥဟက်ပရိုက်ကြော်အပြင် ကော်ဖီတစ်ခွက်ပါ အဆစ်ပါသေး၏။

စားလို့ပြီးတော့ ခေါ်ဆောင်လာသူက အားလုံးကြားရန် အော်ပြောသည်။

"ဒီကပြန်တာနဲ့ လူတွေ interview စမယ်။ နံပါတ် ၁၊ ၁၀၊ ၂၀၊ ၃၀ က အရင်စ ဝင်ရမယ်"

နံပါတ်ပိုင်ရှင်လေးဦး ခေါင်းထောင်သွားတော့ . . .

"၁ နောက်မှာ ၂၊ ၃၊ ၄၊ ၅ အစဉ်လိုက် တန်းစီစောင့်နေမယ်။ ၁၀ နောက်မှာ ၁၁၊ ၁၂ စောင့်နေမယ်။ ၂၀၊ ၃၀ နောက်မှာလည်း ဒီအတိုင်းပဲ အစဉ်လိုက် တန်းစီစောင့်နေမယ်။ ဟုတ်ပြီနော်"

ငြိမ်သက်နေသည်ကို မြင်တော့ . . .

"မရှင်းတာ ရှိသေးလား"

ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံသဘောပေမို့ ပြောသူက လှည့်ထွက်သွားသည်။ စားသောက်ပြီးပြီမို့ အားလုံးပဲ သူ့နောက်က လိုက်သွားရပါသည်။ အဆောင်ပြန်ရောက်တော့ စားပွဲလေးလုံးနဲ့ လူလေးယောက်က အသင့်စောင့်ကြိုနေချေပြီ။

အဆောင်ရှေ့တွင် နှစ်လုံး၊ အဆောင်နောက်တွင် နှစ်လုံး။ ခေါ်ဆောင်လာသူက ပြောထားသော လူလေးယောက်အား အရင်ဝင်စေပါသည်။ ကျန်လူတွေက အစဉ်လိုက် နောက်မှာစောင့်နေရသည်။ သက်သာမှာတော့ နံပါတ် (၃၄) ပေမို့ ရှေ့မှာ လေးယောက် ရှိနေသေး၏။



လူခွဲစစ်မေးခြင်းဖြစ်ပြီး စစ်မေးခံရသူနှင့် ကျန်သူများကို နေရာခြားထားသည်မို့ မေးခွန်းများကို လူသိမခံချင်ကြောင်း ထင်ရှားလှသည်။ ရှေ့တွင်နံပါတ် (၃၀) interview ဝင်နေသည်။ သက်သာတို့ ကျန်လူများကတော့ ဟိုးဘက်နောက်မှာ။

ဘာတွေမေးနေလဲ မကြားရ။ (၅) မိနစ်လောက်ကြာတော့ ပထမလူ ပြီးသွားသည်။ စစ်မေးသူလူကြီးက စာအိတ်တစ်အိတ်မှာ စာရေးပေးပြီး နောက်ဖက်ကို ဆက်သွားခိုင်း၏။ ပြီးတော့ နောက်တစ်ယောက်၊ အဆောင်နောက်ဖက်မှာဖြစ်သည်မို့ အရှေ့ဘက်တွင်လည်း ဘယ်လိုစခန်းသွားနေကြသည်မသိ။

ဒုတိယလူ ပြီးစဉ်မှာလည်း ပထမလူအတိုင်းပင် စာအိတ်တစ်အိတ်ပေး၍ နောက်ကိုသာ ဆက်သွားခိုင်းလေသည်။ နောက်ဘက်မှာ ဘာတွေ ထပ်ရှိနေသည်မသိ။

"သူတို့တွေ ဘယ်သွားကြတာလဲ"

သက်သာနောက်မှ လူတစ်ဦးက စာအိတ်ကိုင်ဝင်သူများ၏ ကျောပြင်ကိုကြည့်ပြီးမေးတော့ နီးစပ်ရာလူက ဝင်ဖြေပေးသည်။

"သိမလားကွ၊ တစ်နေရာ သွားခိုင်းလို့ နေမှာပေါ့"

မိုးလင်းခဲ့ပြီဖြစ်သော်လည်း သစ်ပင်များ ကွယ်နေသည်မို့ ထွက်သွားရာအရပ်ကို မမြင်ရ။ ဒါပေမဲ့ စစ်မေးသူလူကြီး၏ ဥပမိရုပ်ကိုတော့ ကောင်းကောင်း မြင်နေရပြီ။ အကင်းပါးသောမျက်လုံးနှင့် ခန့်ညားသော ရုပ်ရည်ရှိသူပါ။ interview ရည်ဝနေသော အလုပ်ရှင်တစ်ယောက်ရဲ့ ပြည့်ဝမှုမျိုး၊ ဒီလိုနှင့် နောက်နှစ်ယောက်ပြီးသွားချိန်မှာ သက်သာအလှည့် သည် ရောက်လို့လာပါတော့သည်။

ထိုင်ခုံတွင် ဝင်ထိုင်ပြီးတော့ . . .

"နာမည် . . ."

"သက်သာ . . ."

သူ့ကို အုပ်မိုးကြည့်ထားရာမှ . . .



www.burmeseclassic.com

www.burmeseclassic.com

"နေရပ် . . ."

"ပဲခူးတိုင်း၊ သနပ်ပင်မြို့"

"အသက် . . ."

"၂၃"

"ပညာအရည်အချင်း . . ."

"သင်္ချာနဲ့ ကျောင်းပြီးထားတယ်"

တစ်ယောက်တစ်ခွန်းစွဲနေရာမှ မေးသူက စကားကိုရပ်ပြီး ထိုင်ခုံကို ကျောမှီသည်။ ပြီး သူ့တစ်ကိုယ်လုံးအား ထက်အောက် စုန်ဆန်ကြည့်၍ . . .

"မင်း နေပုံထိုင်ပုံက နာမည်နဲ့လည်း မလိုက်ပါလား"

ခါးဆန့်၍ မတ်မတ်ထိုင်ထားသည်ကို ခနဲ့တဲ့တဲ့ ပြောခြင်းဖြစ်၏။

"ဒါက ဒီလိုရှိပါတယ်။ ခါးမတ်မတ်ထားရခြင်းရဲ့ အကျိုးသုံးမျိုးရှိပါတယ်။ ပထမတစ်ခုက လူရဲ့ ကိုယ်ဟန်ကို ခန့်ညားစေပါတယ်။ ဒုတိယတစ်ခုက ခန္ဓာကိုယ်ဖွံ့ဖြိုးမှုကို အားပေးပါတယ်။ အထူးသဖြင့် ဆယ်ကျော်သက်လူငယ်များမှာ ခါးကွေးနေလေ့ရှိသူထက်၊ ခါးဆန့်နေထိုင်လေ့ရှိသူက အရပ်ပိုရှည်လေ့ရှိပါတယ်။ နောက်ဆုံးတစ်ခုကတော့ ခါးမတ်ထားခြင်းဟာ ပျင်းရိမှုကို တိုက်ဖျက်နိုင်စွမ်းရှိပါတယ်။ အဲဒါကြောင့်ပါ"

တစ်ခွန်းချင်း တုံ့ပြန်ပေးလိုက်သော သူ့ကိုကြည့်ပြီး ဗျူးသူလူကြီး အနည်းငယ် ကျွတ်သွားသည်ထင်သည်။ ချက်ချင်းပင် ခါးကို မတ်မတ်ပြောင်းထိုင်ကာ . . .

"မင်းနာမည်က သက်သာဆိုတော့ မင်းအောက်မှာ အေးစေတို့၊ နေမြဲတို့ ညီအစ်ကိုတွေများ ရှိသေးလား"

"မရှိပါဘူး။ ကျွန်တော်က တစ်ဦးတည်းသောသားပါ။ သက်သာလို့ နာမည်ပေးရတာလည်း အခြားမဟုတ်ပါဘူး။ ကျွန်တော့်ကို



မွေးတုန်းက သက်သက်သာသာ လျှောလျှောရှုရှု မွေးဖွားနိုင်လို့ အမေက ပေးထားတာပါ"

ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး . . .

"ကဲ . . . ထားလိုက်ပါတော့။ ဒီကိုရောက်လာရတဲ့ ရည်ရွယ်ချက်လေးကိုလည်း ပြောပြပါဦး"

"လှထိပ်ခေါင်တင်ကို အရယူဖို့ပါ"

မျက်လုံးကြီး ပြူးသွားသည်။ ပြီး သူ့ကို ကြောင်တောင်တောင်ကြည့်ပြီး . . .

"ရှင်းလှချည်လား"

"ပွင့်လင်းတာပါ"

"ပြိုင်ပွဲမှာ ရှုံးသွားရင်ရော"

"မရှုံးနိုင်ပါဘူး"

သူ့ကိုကြည့်နေသော မျက်လုံးများ တဖြည်းဖြည်း အရောင်ပြောင်းလာပြီး . . .

"ကဲ . . . နိုင်သွားပြီဆိုပါတော့ကွာ . . . မင်း ဘာလုပ်မလဲ"

"ကျွန်တော့်အိမ်ကို ခေါ်သွားမယ်။ ပြီးရင် ကျွန်တော့်မိဘနှစ်ပါးကို အရင်ဆုံး ကန်တော့ခိုင်းမယ်။ သူ့ဘက်က မယားဝတ္တရား ကျေပွန်သည်ဖြစ်စေ၊ မကျေပွန်သည်ဖြစ်စေ၊ ကျွန်တော့်ဘက်ကတော့ ယောကျ်ားဝတ္တရား ကျေပွန်စွာ လုပ်ကျွေးစောင့်ရှောက်မယ်"

"ဘာအလုပ်တွေလုပ်ပြီး သူ့ကို ကျွေးမွေးမှာလဲ"

"အဲဒါ သူသိစရာ မလိုဘူး။ သူ့ကို ကျွန်တော် လူတန်းစေ့ထားမယ်။ ကျွန်တော် တတ်နိုင်သလောက် အကောင်းဆုံးတွေ ဖန်တီးပေးမယ်။ သိသင့်သိထိုက်တာကို ပြောပြမယ်။ မသိသင့်တာကို ပေးမသိဘူး"

မေးမြန်းသူ မျက်မှောင်ကြုတ်သွား၏။ ပြီးတော့ လေးနက်စွာ တစ်ခွန်းထပ်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်းက မကောင်းမှုတွေလုပ်ပြီး သားမယားကို ရှာကျွေးဖို့ စဉ်းစားထားတာလား"

သက်သာ 'ဟက်'ခနဲ ရယ်၍ . . .

"သမာအာဇီဝကျတာတွေပါ"

"အဲဒါဆို ဘာလို့ ပေးမသိရတာလဲ။ ယောက်ျားလုပ်တဲ့အလုပ်ကို မိန်းမက သိခွင့်ရှိရမှာပေါ့"

"ကျွန်တော် ပြောပြီးပြီပဲ။ သိသင့်သိထိုက်တာဆို ပေးသိမယ်လို့။ တကယ်တော့ လင်မယားဆိုတာ အရင်းနှီးဆုံး မိတ်ဆွေတွေပါပဲ။ ဒါပေမဲ့ တချို့ကိစ္စတွေမှာ စည်းထားရမယ်။ မဟုတ်ရင် မလိုလားအပ်တဲ့ပြဿနာတွေ ပေါ်လာနိုင်တယ်လေ။ မိန်းကလေးဆိုတာက နှမြောတတ်တယ်၊ သဝန်တိုတတ်တယ်၊ နေရာတကာ ဝင်ပါတတ်တယ်။ တစ်ခါတလေ ချုပ်ကိုင်တတ်တယ်။ သူတို့စိတ်နဲ့မတွေ့ရင် သွေးထိုးတတ်တယ်။ တစ်ခါတစ်ခါကျတော့လည်း အလုပ်ထိခိုက်အောင် စိတ်ကောက်တတ်တယ်။ ဝမ်းနည်းတတ်တယ်။ အဲဒါတွေကြောင့်ပါ။ မိန်းကလေးတိုင်းတော့ မဟုတ်ဘူးပေါ့။ တစ်ခုရှိတာက ကျွန်တော်တို့နှစ်ယောက်ဟာ တစ်ယောက်အကြောင်းတစ်ယောက်သိထားတဲ့ ချစ်သူတွေဆိုရင်တော့ တစ်မျိုးပေါ့။ အခုဟာက ထိထိုးနေရသလိုပဲလေ"

တိတ်သွားပြန်ပါ၏။ ခေါင်းကို ထပ်ခါထပ်ခါညိတ်ပြီး စဉ်းစားနေသယောင် ရှိသည်။ ထို့နောက် . . .

"လုထိပ်ခေါင်တင်က မင်းလုပ်သမျှ တစ်ခုမကျန် အကုန်သိချင်တယ်ဆိုရင်ရောကွာ"

"အဲဒါဆိုရင်တော့ သူ့ကို ကောင်းကောင်းဆုံးမရလိမ့်မယ်"

"ဟေ . . ."

အာမေဋိတ်သံပင် ထွက်သွားရပါသည်။ တော်တော်လည်း ထိတ်လန့်သွားဖွယ်ရှိသည်။ သူတို့ရဲ့မင်းသမီးကို ဆုံးမမည်ဆိုလေတော့-



"ဒါဆို လုထိပ်ခေါင်တင်က မင်းအိမ်မှာ မနေနိုင်တော့ဘူးကွာ။ ငါတို့ ဒီခြံကြီးထဲကို ပြန်လာမယ်"

"အဲဒါဆိုရင်တော့ လင်မယားတို့ရဲ့ ထုံးစံအတိုင်း မယားသွားရင် လင်ဖြစ်သူကျွန်တော်ပါ လိုက်လာရလိမ့်မယ်"

"အဲဒါဆို မင်းက ဒီမှာ ဘာလုပ်မှာလဲ"

"ဦးသတိုးမင်းကျော် မရှိတဲ့နောက်ပိုင်း ဒီခြံကြီးကို အုပ်ချုပ်မယ်"

လူကြီးက ပြုံး၏။ 'သနားလိုက်တာ' ဟူသော သဘောပါသည့် အပြုံးမျိုး။

"အဲလိုမရဘူး။ ဒီအိမ်ကြီးရဲ့အစဉ်အလာအရ နောက်ဆုံးရောက်လာသူသည် အနိမ့်ဆုံးနေရာက စဝင်ရတယ်။ ဥပမာ တံမြက်လှည်း၊ ထင်းခွဲပေါ့။ ဒါမှမဟုတ် ပန်းကန်ဆေး၊ ခွက်တိုက်ပေါ့"

'ဟက်'ခနဲ ရယ်မိပြန်ပါသည်။ တော်တော်လည်း သဘောကျသွားမိသည်။ ထို့ကြောင့် . . .

"ကျွန်တော်ကြားဖူးထားတဲ့ စကားတစ်ခွန်းရှိတယ်ဗျ။ ကျွန်တော် အကြိုက်ဆုံး အဆိုအမိန့်တွေထဲက တစ်ခုပေါ့"

"ဘာတုံး . . ."

"ဘုရင်လုပ်မဲ့လူက ဘုရင်နေရာကပဲ စလုပ်ရမယ်။ တံခါးမှူးဝင်လုပ်စရာ မလိုဘူးတဲ့"

ပတ်ဝန်းကျင်က ခဏတာ silentဖြစ်သွား၏။ စကားပင် တော်တော်နဲ့ မဆိုနိုင်တော့ပါ။ သူ မအောင်မြင်ပါစေနဲ့လို့လည်း စိတ်တွင်းကြိတ်၍ ဆုတောင်းကောင်း ဆုတောင်းနေနိုင်ပါသည်။ ဘုရင်ပဲလုပ်မယ်ဆိုထားသည်ကိုး။

"ဒါပေမဲ့ တစ်ခုတော့ ရှိတာပေါ့ဗျာ။ ဘုရင်လုပ်မဲ့သူက တံခါးမှူးလောက်ပဲ တတ်ထားလို့တော့ ဘယ်ဖြစ်မလဲ။ သူလုပ်မယ့်နေရာနဲ့ ညီမျှတဲ့ အတတ်ပညာ၊ အသိပညာ၊ အရည်အချင်းပြည့်ဝမှု ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com

အားထုတ်မှု အဲ့ဒါတွေတော့ ရှိရမှာပေါ့။ အဲလိုဆိုရင်တော့ လူတော်တို့၊ သူရဲကောင်းတို့ကို တန်ဖိုးထားချီးမြှောက်တတ်တဲ့ ဦးသတိုးမင်းကျော်လည်း ကျွန်တော့်ကို လက်ခံပါလိမ့်မယ်"

ပြီးလေပြီ။ လူကြီးက နှုတ်ခမ်းကို မဲ့ကာ ပခုံးတွန့်၏။ ထို့နောက်မှာ . . .

"ကောင်းပါပြီဗျာ . . . ဆရာကြီး လက်ခံ၊ မခံ မသိပေမဲ့ ငါကတော့ မင်းကို လက်ခံလိုက်ပါပြီ။ ဒီတော့ . . ."

ဆော့ပင်ကိုထုတ်ကာ စာတစ်ရွက်ရေးသည်။ ပြီး ထိုစာကို စာအိတ်တွင်းထည့်ကာ စာအိတ်နောက်ကျောတွင် စာသုံးကြောင်း ထပ်ရေးသေး၏။ ခုံစောင်းဖြစ်သည်မို့ ထိုလူကြီး ဘာရေးသည်ကို မမြင်ရ။ အားလုံးပြီးတော့မှ . . .

"ရော့ . . . ဒီစာကိုယူပြီး နောက်လမ်းထဲကို ဝင်သွား၊ စစ်ဆေးရေးဂိတ်ရောက်ရင် စာကိုပေးလိုက်"

မတ်တတ်ရပ်ကာ စာကို ယူသည်။ နောက်အဆင့်က မည်သို့နည်း။

• • •

စာအိတ်၏နောက်ကျောတွင် ရေးထားသည်ကား . . .

**စိတ်ကူးဉာဏ်စစ်ဆေးမှု**

အချစ်ဟူသော အမိပ္ပာယ်ကို (hand-made) တစ်ခုခုဖြင့် ဖော်ဆောင်ပေးပါ။ ထို့အတွက် လမ်းတစ်လျှောက်ရှိမည်သည့် ပစ္စည်းကိုမဆို ယူဆောင်လာခွင့်ရှိသည်။



စာကိုဖတ်ပြီး အနည်းငယ် စဉ်းစားသွားသည်။ အတွင်းမှ စာကို ဖောက်ကြည့်ရန် မသင့်သော်လည်း အပြင်စာကတော့ သူ့ကို ရည်ညွှန်းထားကြောင်း သေချာ၏။ အချစ်ကို ဘယ်လို အဓိပ္ပာယ်ဖွင့်ရမည်နည်း။ ဘာတွေနှင့် လက်တွေ့ဖန်တီးပြရမည်နည်း။

လှည်းကျင်းထားသည်ကြောင့် မြေလမ်းလေးက ရှင်းလင်းတိတ်ဆိတ်နေသည်။ လမ်းတစ်လျှောက် မည်သည့်ပစ္စည်းကိုမဆို ယူဆောင်ခွင့်ရှိသည်ဆိုသော်လည်း ဘာမှရှိမနေပါ။ လမ်းဘေးတွင် စုပုံထားသော အမှိုက်ပုံများနှင့် အလှစိုက် ပန်းပင်ငယ်လေးတွေသာ ရှိပါသည်။

အချစ်ဟူသော အဓိပ္ပာယ်ကို ဘယ်လိုပစ္စည်းမျိုးတွေနဲ့ ဖန်တီးတင်ပြရမည်နည်း။ စဉ်းစားလာခဲ့ပေမဲ့ ခြုံငုံမိလောက်သော အဖြေမထွက်။ အချစ်ဟူသည်က ယနေ့ထက်တိုင် ကမ္ဘာပေါ်ရှိ မည်သည့်ပညာရှင်မှ တိကျသော အဓိပ္ပာယ်ဖွင့်ဆိုရန် မတတ်နိုင်သေးသော ခံစားမှုတစ်မျိုးပင် မဟုတ်ပါလား။

ဒါပေမဲ့ တစ်နေရာမှာတော့ ထိတ်ပြတ်နေသော ပန်းအိုးဟောင်းတစ်လုံးကို တွေ့ရ၏။ အမှိုက်ပုံထဲမှ သစ်ရွက်ခြောက်၊ သစ်ကိုင်းခြောက်များထက်တော့ အသုံးဝင်နိုင်ရာ ယူလာခဲ့လိုက်ပါသည်။

တစ်နေရာ၌ ပလတ်စတစ်အိတ်စုတ်တစ်လုံးကို ယူ၊ ဖုန် လက်သုံးချပ်ခန့် ကျုံးထည့်လိုက်သည်။ ပြီးတော့ ရွက်လှပင်ပေါက်တစ်ပင်ကိုပါ ချိုးယူလာခဲ့ပါသည်။ မတတ်နိုင်တော့ ကြုံတတ်ကျက်လိုရတော့မည်။

တစ်လုံးမှ မဖြေတာထက်စာလျှင်တော့ နာမည်ထိုးမျှဉ်းတားခြင်းက အဖြေလွှာစစ်သူကို လေးစားရာရောက်သေးသည် မဟုတ်ပါလား။ ထို့နောက်မှာတော့ ညွှန်ကြားလိုက်သော စစ်ဆေးရေးဂိတ်သို့ရောက်ရှိလာပါတော့သည်။

လက်မှတ်ဂိတ်လိုလို၊ လုံခြုံရေးဂိတ်လိုလို တိုက်ပုယ်လေးတစ်လုံး၊ အဝတွင်ရပ်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဝင်လာခဲ့ပါ"

ခပ်တည်တည်ဖြင့် ဝင်သွားတော့ အတွင်းမှာ လူတစ်ယောက် ရှိနေသည်။ ထိုလူကိုတွေ့တော့ လက်တွင်းမှ ပန်းအိုးကိုချပြီး စာအိတ်ကို ထုတ်ပေးလိုက်သည်။ ထိုလူက ကမ်းပေးသောစာကိုယူကာ ဖောက်ကြည့်ပြီး နှုတ်ခမ်းကိုမဲ့၏။ ပြီးတော့ . . .

"ကဲ . . . လုပ်စမ်းပါဦး၊ မင်းရဲ့ အချစ်ကို နားလည်မှုလေး"

သက်သာစိတ်ကို တစ်ချက်တင်းရင်း . . .

"ကျွန်တော့်အတွက်တော့ အချစ်ဆိုတာ ပန်းအိုးတစ်အိုးနဲ့ အလားသဏ္ဌာန်တူပါတယ်။ ဒါကတော့ မေတ္တာပါ"

အိတ်တွင် ကျုံးထည့်လာသော ဖုန်မှုန့်များကို ထောင်ပြလိုက်သည်။ ပြီး ထိုဖုန်မှုန့်များကို ပန်းအိုးတွင် လောင်းထည့်ရင်း . . .

"အချစ်ဆိုတဲ့ သစ်တစ်ပင် ရှင်သန်လာစေဖို့ အဓိကက မေတ္တာနဲ့တူ ကဲ့ မြေဆီမြေဩဇာကောင်းဖို့ လိုအပ်ပါတယ်။ လူတွေအနေနဲ့က တော့ မေတ္တာပေါ့။ မေတ္တာပါမှသာလျှင် အချစ်ဆိုတဲ့အဓိပ္ပာယ်ဟာ ရေရှည်ခိုင်မြဲနိုင်မှာပါ။ ဒီပန်းအိုးကတော့ သစ္စာလို့ အဓိပ္ပာယ်ဖွင့်ပါတယ်။ မေတ္တာရှိနေရုံနဲ့လည်း မပြီးသေးပါဘူး။ သစ္စာဆိုတဲ့ စည်းလေးလည်း ရှိဖို့ လိုအပ်ပါသေးတယ်။ ဒါမှသာလျှင် ပြင်ပက အတိုက်အခိုက် အနှောင့် အယှက်တွေ ဝင်လို့မရမှာဖြစ်ပါတယ်။ တစ်ဦးနဲ့တစ်ဦး သစ္စာရှိနေမှသာ ရေရှည်လက်တွဲ လို့ရမှာပါ။ ဒီပန်းအိုးလေးလို ပြင်ပအန္တရာယ်တွေ ကာ ကွယ်ပေးနိုင်တာပေါ့"

စကားကိုရပ်ပြီး အေးမှာချထားသော ရွက်လှပင်ပေါက်ကို ပန်း အိုးတွင် ထိုးစိုက်လိုက်သည်။ စောင့်ကြည့်သူ လူကြီးကတော့ သူလုပ် ကိုင်သမျှကို မျက်တောင်မခတ်စတမ်း လေ့လာနေ၏။

"ကဲ . . . အခု သစ္စာတွေကာရံထားတဲ့ မေတ္တာဆိုတဲ့ မြေဆီ မြေဩဇာထဲမှာ အချစ်သစ်ပင်ကို ကျွန်တော် စိုက်လိုက်ပါပြီ။ သူသည်



ဒီအတိုင်း ရှင်သန်လာမှာလား၊ မဟုတ်ပါဘူး။ ဒီအတိုင်းထားရင် သေ သွားဖို့ပဲ ရှိပါတယ်။ မသေဖို့အတွက် အားအင်တစ်ခုလိုတယ်။ အဲဒါ ကတော့ ရေပါ။ ရေလောင်းပေးထားမယ်ဆိုရင် တဖြည်းဖြည်း ဒီပင်လေး ဟာ ရှင်သန်လာပါလိမ့်မယ်။ ကျွန်တော်တို့လူတွေအတွက်လည်း အချစ် တစ်ခု ရှင်သန်လာဖို့အတွက် အားအင်လိုပါတယ်။ အဲ့ဒီအားအင်ကတော့ ရေနဲ့ အလားသဏ္ဌာန်တူတဲ့ အားပေးမှု၊ နားလည်မှု၊ ယုံကြည်မှုတွေပါ ပဲ"

နားထောင်သူလူကြီး မျက်မှောင်ကြုတ်သွား၏။ ပြီး နားမလည် သလိုလို အမူအရာဖြင့် . . .

"ဘယ်လိုမျိုးလဲ"

"ဥပမာ . . . ကျွန်တော် လုထိပ်ခေါင်တင်ကို ပိုင်ဆိုင်ခွင့်ရခဲ့ပြီ ဆိုပါတော့။ လုထိပ်ခေါင်တင်က ကျွန်တော့်ကို အမြဲ ပြုစုနေမယ်၊ အထင် သေးနေမယ်၊ ပြဿနာ ရှာနေမယ်ဆိုရင် ကျွန်တော် ဘာအလုပ်မှ ကောင်း ကောင်းလုပ်နိုင်မှာ မဟုတ်ပါဘူး။ အဲ့ဒီအပြင် ရှိတဲ့အရည်အချင်းတွေ ပါ ပျောက်ကွယ်ကောင်း ပျောက်ကွယ်သွားနိုင်ပါတယ်။

အဲ . . . ဒါပေမဲ့ သူမက ကျွန်တော့်ကို အမြဲ အားပေးနေမယ်၊ ယုံကြည်နေမယ်၊ လေးစားအထင်ကြီးနေမယ်၊ ကျွန်တော့်နောက်ကနေ ကျွန်တော့်ကိုယ်ပွားအဖြစ် အမြဲရှိနေပေးမယ်ဆိုရင်တော့ ကျွန်တော်ဟာ သာမန်အလုပ်တွေ မဆိုထားနှင့် လွန်စွာကြီးကျယ်တဲ့ အလုပ်တွေကို တောင် သေချာပေါက် လုပ်နိုင်ပါလိမ့်မယ်။ ဒါဟာ ကျွန်တော်ပြောတဲ့ အားအင်ပါပဲ"

ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေရာမှ . . .

"ဒါပဲလား"

"နောက်တစ်ခုကတော့ သစ်ပင်တစ်ပင်အတွက် အဓိကလိုအပ် မှုဖြစ်တဲ့ နေရောင်ခြည်ပါ။ ဒီပန်းအိုးလေးမှာ အားလုံး ပြီးပြည့်စုံနေသော်



www.burmeseclassic.com

www.burmeseclassic.com

လည်း အိမ်ထဲမှာထည့်ထားရင် ကြီးထွားသင့်သလောက် ကြီးထွားလာမှာမဟုတ်ပါဘူး။ ထို့အတွက် နေရောင်ခြည်ကျရောက်ရာအရပ်မှာ ထားရပါမယ်။

ထို့အတူပဲ အချစ်ဆိုတဲ့ တည်ဆောက်မှုကမ္ဘာလေး လောကရဲ့ အမြင့်ဆုံးနေရာထိ သွားနိုင်ဖို့အတွက် လိုအပ်သော အထောက်အပံ့တွေရဲ့ ရင်ငွေ့ကို ခိုလှုံရပါမယ်။ ဥပမာ မြတ်စွာဘုရားရဲ့ ရင်ငွေ့တော်ပေါ့။ ကြီးကျယ်မြင့်မြတ်သူတို့ရဲ့ ဒဿနအဆုံးအမတွေကိုပေါ့"

စကားကိုရပ်တော့ လက်ခုပ်တီးသံလိုလို ကြားလိုက်ရ၏။

ဟုတ်ပါသည်။ စစ်ဆေးသူပုဂ္ဂိုလ်ရဲ့ ဂုဏ်ပြုလက်ခုပ်သံ သုံးချက်ပါ။

ပြီးတော့ . . .

"ဒီနှစ်ကတော့ စိတ်ဝင်စားစရာပဲ။ စောင့်ကြည့်ရမဲ့လူတစ်ခု ရှိနေပြီ"

ထို့နောက် . . .

"အဆောင်က စောင့်နေပါ။ ညနေမှာ အောင်စာရင်း ကြေငြာလိမ့်မယ်"



# VII

"ဟေ့ကောင် . . . အောင်အောင်၊ မင်း ဘာဖြေခဲ့လဲ"

"တစ်လမ်းလုံး ကြည့်သွားတာ ယူဖို့ပစ္စည်း မတွေ့တာနဲ့ဘဲ အိတ်ထဲမှာပါလာတဲ့ ဆေးလိပ်တစ်လိပ်ထုတ်ပြီး သောက်ပြလိုက်တယ်"

"ဘာအဓိပ္ပာယ်လဲကွ"

"အချစ်က မီးနဲ့တူတယ်ပေါ့ကွာ။ တစ်ယောက်ယောက်ကို စချစ်မိတာနဲ့ ကိုယ်တိုင် လောင်ကျွမ်းခံရတော့တာပဲ။ အဲဒီမှာ ဘဝကို ငါက ဆေးလိပ်တစ်လိပ်နဲ့ တင်စားလိုက်တယ်။ သောက်တဲ့ အတိုင်းအတာပေါ်မှာလည်း မူတည်တယ်ပေါ့ကွာ။ များများသောက်ရင် မြန်မြန်ကုန်ပြီး နည်းနည်းသောက်ရင်တော့ တရွေ့ရွေ့ချင်း ကုန်တယ်ပေါ့။ အဲလိုပဲ များများချစ်မိရင် အသက်တိုပြီး နည်းနည်းသာချစ်ရင်တော့ အသက်ရှည်ကောင်း ရှည်နိုင်တယ်ပေါ့။

ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် အဆုံးသတ်မှာတော့ သေဆုံးရမှာပဲ။ ဆေးလိပ်ရဲ့သဘောသဘာဝအရ လောင်ကျွမ်းခံရပြီးတာနဲ့ များများပဲသောက်သောက်၊ နည်းနည်းပဲသောက်သောက်၊ မသောက်ဘဲထားထား၊ ဆေးသားကုန်ရင် မီးသေရတာပဲလေ။ ထို့အတူပဲ အချစ်ကြောင့် လောင်ကျွမ်းခံထားရတဲ့ လူအားလုံးဟာ သေမှပဲ ငြိမ်းအေးရတယ်။ ဘဝတစ်ခု ချုပ်ငြိမ်းရတယ်။ ဒါကို သာဓကပေးပြီး ရှင်းပြလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား . . . ဘယ်လိုနေလဲ"

"ကြိုက်မယ်ထင်တာပဲ။ ဒါနဲ့ မင်းကရော"

မေးခွန်းထုတ်သူက ဖြေရမယ့်အလှည့်ရောက်တော့ ဟိုကြည့် ဒီကြည့်ကြည့်သည်။ ပြောရမှာ မဝံ့မရဲဖြစ်နေသလိုမျိုး၊ သက်သာ မျက်လုံးကိုလွှဲပြီး ခုတင်ပေါ်ကနေ နားစွင့်ထားမိသည်။ စိတ်ဝင်စားသူ မရှိလောက်ဘူးထင်မှ ဖြေဆိုမှုကို ရှင်းသည်။

"ငါကတော့ ဂိတ်နားရောက်ခါနီးမှ အချိုရည်ဘူးခွံတစ်ခုကို တွေ့တယ်ကွာ။ သူတို့သောက်ပြီး လွှတ်ပစ်ထားတာ ထင်ပါရဲ့။ နိုင်ငံခြားဖြစ် သံဘူးလေ။ ငါလည်း အကြံရပြီး အဲဒီဘူးခွံကိုပဲ ယူသွားလိုက်တယ်။ အထဲ ရောက်တော့ လူကြီးကို အဲဒီဘူးခွံပြပြီး ပြောလိုက်တယ်ကွာ . . ။ အချစ်ဟာ . . . ဒါပဲလို့"

"ဘယ်လိုကြီးလဲကွ"

"မင်းမေးသလိုပဲ သူက ပြန်မေးတယ်ဗျာ။ ဒီတော့မှ ရှင်းပြလိုက်တယ်။ ဒါဟာ စုဘူးတစ်ခုပါလို့"

"စုဘူး . . . "

"ဟုတ်တယ် . . . ။ ပိုက်ဆံစုတဲ့ . . . စုဘူး၊ နိုင်ငံခြားဖြစ် အချိုရည်ဘူးတွေကို ကြည့်ရင် ထိပ်မှာ ဖောက်သောက်ထားတဲ့ အပေါက်နဲ့ ကလေးတွေ ပိုက်ဆံစုတဲ့ စုဘူးနဲ့ တူတယ်လေကွာ။ အချို့ကလေးတွေဆို အဲ့ဒီဘူးတွေနဲ့ပဲ ပိုက်ဆံစုကြတာ"

"ရှင်းပါဦး"

"အဓိကကတော့ ဘဝတစ်ခုမှာ စုဆောင်းဖို့ လိုအပ်တယ်ပေါ့။ စုဆောင်းမှုမရှိတဲ့ အိမ်ထောင်တစ်ခုဟာ အရေးကြုံရင် ဒုက္ခရောက်တတ်တယ်လေ။ ငါ လေ့လာမိသလောက် အခြားအကြောင်းတွေထက် ငွေရေးကြေးရေးကြောင့် ပြိုကွဲသွားတဲ့ အိမ်ထောင်ရေးက လောကကြီးထဲမှာ ပိုများနေတယ်။ အခြားအကြောင်းအရာတွေကို ခေါင်းစဉ်တပ်ဦး၊ အိမ်



ထောင်တစ်ခု ပြိုလဲအောင် လှုံ့ဆော်မှုရဲ့ စတင်ရာသည် ငွေရေးကြေးရေးပဲ။ အဲဒါကြောင့်ပဲ နောက်ပိုင်းကိစ္စတွေ တစ်ခုပြီးတစ်ခု ဖြစ်ပျက်ကုန်တာ။ အဆုံးသတ်ကတော့ ပြိုကွဲမှုပဲပေါ့။

ဒါပေမဲ့လည်း ဘယ်လောက်ပဲ ဒုက္ခတွေနဲ့တွေတွေ၊ ဘယ်လောက်ပဲ အခက်အခဲတွေ ကြုံကြုံ၊ တစ်ယောက်လက်တစ်ယောက်တွဲပြီး လောကကို ရဲရဲယှဉ်ပြိုင်သွားသူတွေလည်း ရှိပါတယ်။ အဲဒါကလည်း တစ်ယောက်ကိုတစ်ယောက် ချစ်နေမှ။ ငါနဲ့ လှထိပ်ခေါင်တင်က ချစ်သူတွေမဟုတ်ဘူးလေ။ အဲဒီအဆင့်ရောက်ဖို့ တော်တော်ကြိုးစားရဦးမှာ။ ဒီတော့ အဓိကသည် ပိုက်ဆံစုထားဖို့ပဲပေါ့"

"ဟာ . . . ဦးသတိုးမင်းကျော်က ဒီလောက်ချမ်းသာတာ ပိုက်ဆံစုဖို့တော့ လိုမယ်မထင်ပါဘူးကွာ"

ဘယ်တုန်းက ရောက်နေမှန်းမသိတော့ နားထောင်သူတစ်ယောက်က ဝင်ပြောသည်။

"ငါ နေပုံထိုင်ပုံ အချိုးမပြေလို့ အမွေဖြတ်ပစ်လိုက်ရင် ဘယ်လိုလုပ်မလဲကွ"

"ဖြတ်ချင်းဖြတ် မင်းကိုပဲ ဖြတ်မှာပါကွာ။ သူ့သမီးကိုတော့ ဖြတ်မယ်မထင်ပါဘူး"

ဖြေကြားသူက သက်ပြင်းကိုချ၏။

"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ကွာ၊ ပိုက်ဆံစုတာကတော့ ဘဝတစ်ခုထူထောင်သူတိုင်းအတွက် လိုအပ်ပါတယ်"

ဟုတ်သည်။ ဟုတ်လို့လည်း ငြိမ်သွားကြသည်။ ဘာပဲပြောပြော သူ့စုဘူးကလေးကလည်း လိုအပ်နေသည် မဟုတ်ပါလား။

ဒီတစ်ခါတော့ အော်ကျယ်အော်ကျယ်ဝင်လာသူက ခေတ်နောက်ပြန်သမား တော်ဝင်မိသားစု ထူထောင်ချင်သူတစ်ယောက်။ ရှင်းရှင်းပြောရရင် နောက်ပြန်လှည့်လိုသူတစ်ယောက်။ သူက . . .

www.burmeseclassic.com

"ငါကတော့ စစ်ဆေးရေးပုဂ္ဂိုလ်ကို သိမ်းပိုက်ပစ်ခဲ့တယ်ဟေ့"

ဘယ်လိုမျိုးလဲ နားထောင်ကြည့်တော့ . . .

"လမ်းမှာတွေ့ရတဲ့ နှင်းဆီပန်းတစ်ပွင့် ချိုးသွားပြီး ပြလိုက်တယ်ကွာ။ တကယ်တော့ နှင်းဆီပန်းဟာ အချစ်ရဲ့ သင်္ကေတပဲလို့။ သူဟာ အချစ်ရဲ့ သင်္ကေတအဖြစ် ရပ်တည်လာခဲ့တာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ အခုအချိန်ထိ လူကြီးလူငယ်မရွေး နှင်းဆီပန်းကို လက်ခံနေသေးတယ်။ ဘာကြောင့်လဲ စဉ်းစားကြည့်ရင် သူ့မှာ အဓိပ္ပာယ်တွေ ရှိနေတယ်လေ။

နှင်းဆီပန်းက အချစ်တစ်ခုရဲ့ အနာဂတ်ကို ကြိုတင်ဟောကိန်းထုတ်ထားတယ်။ အချစ်ရဲ့ ခေါင်းစဉ်အောက်မှာရှိတဲ့ ဘယ်ဘဝတိုင်းမှ အစဉ်သဖြင့် တည်မြဲမနေဘူး။ အခက်အခဲတွေ၊ အဆင်မပြေမှုတွေ၊ ကျဆုံးမှုတွေ၊ အောင်မြင်မှုတွေ နေရာတိုင်းမှာ ရှိနေတယ်။ နှင်းဆီပန်းအနေနဲ့ ပြောရရင်တော့ အဲဒါတွေဟာ ရိုးတံက ဆူးလေးတွေပေါ့။ အဲဒီဆူးတွေကို တစ်ချောင်းချင်း ဖြုတ်ကျော်ရမည်။

ကျော်လွှားမှုအရေအတွက် များလာတာနှင့်အမျှ ငါတို့ဆီမှာ အသိဉာဏ်ပညာတွေ၊ ရင့်ကျက်မှုတွေ၊ ခံနိုင်ရည်အားတွေ တိုးတက်လာလိမ့်မယ်။ အခန့်မသင့်ရင် ချော်လဲမယ်၊ ဆူးစူးမယ်၊ နောက်မတွန့်နဲ့၊ ချက်ချင်းပြန်ထ။ ဒါ ဘဝပဲ။ နောက်ဆုံးမှာတော့ ဆူးတွေကင်းပြီး ပွင့်ချပ်ပွင့်ဖတ်တွေနဲ့ လှပမွှေးကြိုင်နေမဲ့ နှင်းဆီပန်းခိုင်ဆီကို ရောက်လိမ့်မယ်"

စကားဆုံးသွား၏။ နားထောင်သူများကတော့ သက်သက်မောမောရှိနေသေးသည်။ စကားပြောတော့ အတော်ကောင်းသည့် ပုဂ္ဂိုလ်ပါ။ လက်ဟန်ခြေဟန် မျက်နှာအမူအရာကအစ နားထောင်သူများ၏ စိတ်ကို ဆွဲဆောင်ထားနိုင်သည်။

"သူတို့ ကြိုက်မှာပါ။ ခင်ဗျားတင်ပြပုံက အဓိပ္ပာယ်ရှိနေတာပဲ"



"မကြိုက်လို့လည်း မရဘူး . . . ကိုယ့်လူ။ ကျွန်တော် ဦးသတိုးမင်းကျော်ရဲ့ သမက်ဖြစ်ရင် ခင်ဗျားကို ရာထူးတိုးပေးမယ်ဆိုပြီး သူ့ကိုပါ တစ်ခါတည်း ချုပ်ထားခဲ့တယ်"

ပြီးလေပြီ။ ရည်ရွယ်ချက်ကြီးသလို အကွက်လည်း ကြီးသူဖြစ်ပါ၏။ ဉာဏ်ရည်ဉာဏ်သွေးလည်း မြင့်မားသည့်ဘက်မှာရှိသည်။ သက်သာ ဂရုပြုရမဲ့လူတစ်ဦးတော့ ပေါ်ထွန်းလာခဲ့ချေပြီ။ ထိုစဉ်မှာပဲ . . .

"ငါ့ညီရော ဘယ်လိုဖြေလာခဲ့လဲကွ"

အနားရောက်လာသူက ကိုတောက်ထွန်း။ သက်သာ ခပ်ယဲ့ယဲ့ပြုံး၍ . . .

"ကျွန်တော်ကတော့ ပန်းအိုးလေးတစ်အိုးကို စိုက်ပြဖြစ်ခဲ့တယ်ဗျာ။ အစ်ကိုကရော . . . "

ကိုတောက်ထွန်းခေါင်းယမ်း၏။ ပြီးတော့ သက်ပြင်းတစ်ခုကို ချကာ

"အစ်ကို မဖြေနိုင်ခဲ့ဘူး"

• • •

ညနေ ထမင်းစားပြီးချိန်၌ ယနေ့စစ်ဆေးမှု၏ အောင်စာရင်းကို ထုတ်ပြန်သည်။ စိတ်မချမ်းမြေ့စရာ။ အောင်မြင်သူစာရင်းတွင် ကိုတောက်ထွန်း ပါမလာခဲ့။ ထို့အတူ သူတို့အပေါ်ဆောင်မှ နောက်တစ်ယောက်လည်း ကျရှုံးခဲ့သည်။

အောက်ထပ်ကတော့ သူတို့ထက် အရေအတွက်ပိုသည်။ အယောက်နှစ်ဆယ်မှာ လေးယောက်။

စုစုပေါင်း ၃၈ ယောက်တွင် ၆ ယောက် ကျကျန်ခဲ့ပါသည်။ ကျန်ရစ်သူအရေအတွက်က ၃၂ ယောက်။



www.burmeseclassic.com

www.burmeseclassic.com

ဘယ်အဆင့်မှာ ဘယ်နှစ်ယောက် ကျန်ရစ်ခဲ့ဦးမည်မသိ။ ကိုတောက်ထွန်းအတွက်တော့ စိတ်မကောင်းခဲ့။ သို့သော်လည်း ဤခြံကြီး၏ အပြင်ဘက်မှာ ဘဝ၏စာမေးပွဲများက သူ့ကို တစ်ဆင့်ပြီးတစ်ဆင့် စောင့်ကြိုနေပါလိမ့်မည်။

လူ့ဘဝဟူသည်က လမ်းမှန်ကိုမတွေ့သေးသ၍ လောကီနယ်ထဲတွင် ကျင်လည်ရ၊ ဖြေဆိုရလိမ့်ဦးမည် မဟုတ်ပါလား။



# VIII

လေသာပြတင်းတွင် ရပ်ကာ သူပိုင်ခြံဝန်းကြီးကို ကြည့်ပြီး ဦးသတိုးမင်းကျော် ကျေနပ်ပီတိ ဖြစ်နေမိသည်။ မနက်ခင်းက သူ၏ ဧရာမခြံဝင်းကြီးထဲသို့ ကွက်ကွက်ကွင်းကွင်း ရောက်ရှိနေပါပြီ။

ယနေ့သည် သူ၏ သမက်လောင်းများအတွက် ဒုတိယမြောက် စစ်ဆေးရေးနေ့ ဖြစ်ပါသည်။ ဘယ်လောက် အောင်မြင်ကြမည်မသိ။ ဒီနေ့ကထက်တော့ စစ်ဆေးမှုမှာ အနည်းငယ် ခက်ခဲပေလိမ့်မည်။ ဝင်လာသော လေကို တဝကြီးရှူသွင်းလိုက်၏။ ပြီးတော့ ညင်သာစွာ ပြန်ထုတ်သည်။

အသက်အရွယ်ရလာသော ကျန်းမာရေးကို အရင်ကထက် ပိုဂရုစိုက်နေရပြီ၊ တအောင့်နေ ခြံထဲဆင်းလမ်းလျှောက်ရမည်။ သမီးလေးသည်း နိုးနေလောက်ပြီထင်သည်။ ယနေ့ညတော့ သူရော၊ သမီးလေးရော ဒုတိယနေ့ အောင်မြင်လာမည့်လူများကို ကြိုဆိုဧည့်ခံပေးရတော့မည်။

သမီးအတွက် စိတ်ချရသူ ယခုနှစ်တွင်ရော ပါလောက်ပါ့မလား။ သုံးနှစ်လုံးလုံး စောင့်ကြည့်ခဲ့ပေမဲ့ စိတ်ချရသူ ပေါ်မလာသေး။ သူကိုယ်တိုင်လည်း အသက်ရလာပြီမို့ သမီးကို စိတ်ချချင်သည်။ ပြီး



www.burmeseclassic.com

www.burmeseclassic.com

သော့ သူပိုင်ဆိုင်သမျှ လုပ်ငန်းများ၊ ငွေကြေးဥစ္စာများ၊ အလုပ်သမားများ စသာတွေကိုလည်း ဦးဆောင်လုပ်ကိုင်နိုင်မည့်သူ ဖြစ်ရဦးမည်။ ဒါကြောင့်လည်း ယခုကဲ့သို့ အဆင့်ဆင့် ရွေးချယ်သုံးသပ်နေရခြင်းဖြစ်ပါသည်။ ပြီးတော့ မျိုးဆက်၊ ဦးသတိုးမင်းကျော်၏ မျိုးဆက်ကိုလည်း လောကအလယ်မှာ ချန်ထားခဲ့ချင်သည်။

သမီးမွေးထားသူမို့ သမက်နှင့်မြေးကိုသာ အားကိုးရမည်မဟုတ်ပါလား။ ညက ရောက်ရှိလာသော အစီရင်ခံစာအရ ယခုနှစ်တွင်တော့ ဆောင့်ကြည့်ရမည့် လူငယ်အချို့ ပါလာသည်ဆို၏။ ဟုတ်မဟုတ် ယနေ့ည မြင်တွေ့ရပါမည်။

ကျန်ရစ်ခဲ့သော အယောက်သုံးဆယ်ကျော်တွင် ဘယ်နှယောက် အောင်မြင်လို့ ဘယ်နှယောက် လှည့်ပြန်သွားရဦးမည်နည်း။

မကြာခင်မှာပဲ ဒုတိယနေ့၏ စမ်းသပ်မှုများ စတင်ပါတော့မည်။

ထိုအခိုက် . . .

"ဟင် . . ."

ရှူသွင်းလိုက်သောလေပင် တစ်ဝက်တစ်ပြတ်နှင့် ရပ်သွားရပါသည်။

ဘာတွေလဲ။

ခြံရှေ့မှာ မြင်ရသော မြင်ကွင်းက အသည်းယားချင်စရာ။ ရောင်စုံကွက်ကြားတွေနှင့် လှုပ်လှုပ် လှုပ်လှုပ်နှင့်။ တစ်ခြံလုံးကို စီးမြင်ရသည့် လေသာပြတင်းမို့ ခြံစည်းရိုးကိုကျော်ကာ ခြံဝကို လှမ်းမြင်နေရသည်။

အံ့သြနေစဉ်မှာပဲ အောက်ဖက်မှ ပြေးလာသော လူရိပ်တစ်ခုကို မြင်ရသည်။ သေချာကြည့်လိုက်တော့ သူ့ခြံ၏ လုံခြုံရေးမှူး ဗလကျော်သူ၊ ရေးကြီးသုတ်ပျာ ပြေးလာပုံထောက်တော့ . . .

ဦးသတိုးမင်းကျော် လေသာပြတင်းမှ ဖယ်ကာ အိမ်အောက်သို့ ဆင်းခဲ့လိုက်သည်။ အောက်ရောက်ရောက်ချင်းမှာပင် . . .

"ဘာဖြစ်တာလဲဟေ့ . . . ဗလကျော်သူ"



"ခြံရှေ့မှာ နွားကုန်သည်တစ်စု ရောက်နေပါတယ် . . . ဆရာကြီး"

"ဟေ . . ."

ဦးသတိုးမင်းကျော် အံ့သြသွား၏။

ထိုစဉ်မှာပဲ အိမ်တွင်းသို့ ဦးသမိန်ဒူး ဝင်ရောက်လာပြီး . . .

"ခြံရှေ့မှာ ဘာဖြစ်တာလဲ . . . ဗလကျော်သူ။ ငါ အခုပဲ လာတော့မလို့"

ဗလကျော်သူက ဦးသမိန်ဒူးကိုပါ အရိုအသေပေးပြီး ဖြစ်ပျက်ခဲ့သော အကြောင်းအရင်းကို ရှင်းပါသည်။

"သီပေါဘက်က နွားကုန်သည်တစ်စု နွားရောင်းရောက်လာတာပါ။ ခိုင်းနွားတွေ ပါလာပါတယ်"

ဦးသတိုးမင်းကျော် ခါးကို ဟန်ပါပါထောက်ရင်း . . .

"ငါ့ဆီမှာလည်း ခိုင်းနွားတွေ အလုံအလောက်ရှိနေတာပဲ။ မယူဘူးလို့ ပြောလိုက်လေကွယ်"

"ပြောပါတယ် . . . ဆရာကြီး။ ဒါပေမဲ့ သူတို့က မပြန်ဘူးနေလို့ပါ"

"ဘာ . . ."

ထစ်ချုန်းသံနှင့်အတူ မျက်လုံးတို့ ရှိန်းခနဲ တောက်ဝင်သွားတော့ . . .

"ဆရာကြီးနဲ့ တွေ့ချင်တယ်လို့လည်း ပြောပါတယ်"

စကားပင်ဆိုမနေတော့။ လှေကားတွင် ရပ်နေရာမှ အပြင်ကို ခပ်သွက်သွက် လှမ်းထွက်လိုက်သည်။ ဘယ်နှင့်ညာမှာ သမိန်ဒူးနှင့် ဗလကျော်သူပါလာသည်။ ဦးတည်ရာက ခြံဝတံခါးပေါက်ဆီသို့။

စိတ်ဆောင်နေလို့လားမသိ ဘယ်လောက်မှ မသွားလိုက်ရဘဲ ခြံဝကို ရောက်သွားသည်။ တံခါးကို ဆွဲဖွင့်တော့ . . .

"ရပ်လိုက်စမ်း"



www.burmeseclassic.com

www.burmeseclassic.com

အော်သံနောက်မှာ ပတ်ဝန်းကျင်က တိတ်ကျသွားသည်။ သူ့အော်သံကြားတော့ ခြံစောင့်ကုလားကို ရင်ဘတ်ဆောင့်ဆွဲထားရာမှ တွန်းသွတ်လိုက်သည်။ မာလီကုလားမှာ မြေပေါ်ကျသွားပြီး ကြောက်ကြောက်လန့်လန့်နှင့် သူ့ခြေရင်း ပြေးလာ၏။

တွန်းလွှတ်သူပုဂ္ဂိုလ်ကတော့ ဘာကိုမှဂရုမထားသလို ကုလားကို ခါးထောက်ရပ်ကြည့်နေ၏။ အားလုံးပေါင်း သုံးယောက်တိတိ။

သုံးယောက်လုံး ရှမ်းဘောင်းဘီနှင့် ရှမ်းအင်္ကျီပွပွကြီးများကို ဝတ်ကာ ခမောက်ကိုယ်စီဆောင်းထားသည်။ လွယ်အိတ်တစ်ယောက်တစ်လုံး လွယ်ထားသည်။ သူတို့နောက်မှာ ရှမ်းနွားတစ်အုပ်။

နှစ်ဦးက နွားမောင်းကြိမ်ကိုကိုင်ပြီး တစ်ဦးက ကြိုးတစ်ခွေ လွယ်ထားပါသည်။ နီးစပ်ရာ နွားတစ်ကောင်တွင် ကုန်းနှီးနှင့် အထုပ်အပိုးများ တင်ထားပါသည်။ ပြီးတော့ ဝါးဆစ်ပိုင်းများကိုလည်း ချိတ်ဆွဲထား၏။ နောက်ပြီး အကဲခတ်ရသလောက် လူကြီးပိုင်းမဟုတ်ဘဲ လူငယ်လေးများ ဖြစ်နေသည်။

သူ့ကိုတွေ့တော့ သုံးယောက်လုံး ခမောက်ချွတ်ကာ ဦးညွှတ်နှုတ်ဆက်ကြသည်။ တစ်ယောက်က . . .

"ဦးသတိုးမင်းကျော် . . . ထင်ပါတယ်ဗျာ"

"အေး . . . ဟုတ်တယ်။ ဘာကိစ္စ ငါတို့လက်အောက်ငယ်သားကို အခုလို လုပ်ရတာလဲ"

ပြန်ဖြေသူက ဦးသတိုးမင်းကျော်ကိုယ်တိုင်မဟုတ်။ ညာဘက်ခြမ်းတွင် ရပ်နေသူ ဦးသမိန်ဒူးက ဒေါနှင့်မောနှင့် ဝင်ပြောခြင်းဖြစ်သည်။

"ဒီလိုပါ . . . ဒီကုလားက ကျွန်တော်တို့နွားကို အဆမတန်ဈေးနှိမ်ပြီး လာဝယ်နေလို့ပါ။ နောက်ပြီး ပေါ်ရောင်းဖို့လို့ ပြောပါတယ်။ ဒါကို ကျွန်တော်တို့ လက်မခံနိုင်ပါဘူး။ နွားဆိုတာ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်ပါ။ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက သူတို့ ထွန်ယက်ပေးတဲ့ ဆန်၊ စပါးကို စားပြီး ကျွန်တော်တို့လူမျိုး ဖြစ်တည်လာခဲ့တာ



အခုနောက်ပိုင်း သူတို့ရဲ့ အခန်းကဏ္ဍ မှေးမှိန်ခဲ့တယ်ဆိုပေမဲ့ ကျေးဇူးရှင်က ကျေးဇူးရှင်ပါပဲ။ ဒါကြောင့် မရောင်းဘူးလို့ ကောင်းမွန်စွာ ပြောတာကို မရမက ဈေးဆစ်ပြီး ထပ်ဝယ်ပါတယ်။ အဲ့ဒါကြောင့်ပါ"

တစ်ဦးက စကားရပ်တော့ နောက်တစ်ဦးက ဆက်ဝင်သည်။

"လူကြီးတစ်ယောက်ရှေ့မှာ ရိုင်းပြသလို ဖြစ်သွားရင် တောင်းပန်ပါတယ်။ စော်ကားသလိုဖြစ်သွားရင်လည်း ထပ်ဆင့်တောင်းပန်ပါတယ်ဗျာ"

သုံးဦးလုံး ဦးထပ်ညွှတ်ကြပါ၏။ တောင်းပန်သူက တောင်းပန်သော့လည်း လူကြီးတစ်ယောက်အနေနှင့် ခွင့်လွှတ်ရပေမည်။ ကိုယ့်အမှားလည်း မကင်းသလို ဖြစ်နေတာကိုး။

ဦးသတိုးမင်းကျော် ချောင်းကို တစ်ချက်ဟန့်၍ . . .

"ထားလိုက်ပါတော့၊ မောင်ရင်တို့ လာရင်းကိစ္စကို ဆိုပါဦး"

"ကျွန်တော်တို့ သီပေါနယ်ဘက်က နွားကုန်သည်တွေပါ။ ဦးကို နွားရောင်းလာစပ်တာ ဆိုပါတော့"

နောက်ဘက်မှာ ရှိနေသော နွားအုပ်ကို တစ်ချက်လှမ်းကြည့်၍ . . .

"ငါ့ဆီမှာ ခိုင်းနွားတွေ အလုံအလောက် ရှိနေတယ်ကွ။ နွားဝယ်ဖို့ မလိုလောက်သေးဘူး"

သုံးဦးသား တစ်ယောက်ကိုတစ်ယောက် ကြည့်သည်။ ပြီးတော့ . . .

"ဒါဆိုလည်း တစ်ခုလောက် ခွင့်တောင်းချင်ပါတယ်။ ကျွန်တော်တို့ ခက်ကမ်းကိုကူးပြီး နွားဆက်ရောင်းဖို့ အစီအစဉ်ရှိပါတယ်။ ရေကြောင်းကို ဒီအတိုင်းဖြတ်ကူးဖို့ မဖြစ်လို့ စက်လှေငှားရမှာပါ။ စက်လှေ ငှားပြီးပြီးကြား ဦးရဲ့ ခြံနောက်ဘက် ဧရာဝတီမြစ်ကမ်းဘေးမှာ ခဏ တည်းခိုခွင့် ပြုစေချင်ပါတယ်ဗျာ"

www.burmeseclassic.com

ဒီတစ်ခါတော့ ဦးသတိုးမင်းကျော်တို့သုံးယောက် တစ်ယောက်ကို တစ်ယောက် ကြည့်ရပါသည်။ ဦးသတိုးမင်းကျော်မှပင် . . .

"ခွင့်မပြုဘူးဆိုရင်ရော"

"အဲလိုတော့ မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဧရာဝတီမြစ်ဟာ ဦးလေးတစ်ယောက်တည်းပိုင်တဲ့မြစ် မဟုတ်ဘူး။ ဦးလေးမိသားစုတစ်စုတည်းပိုင်တဲ့မြစ်လည်း မဟုတ်ပါဘူး။ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေ အားလုံးပိုင်တဲ့ မြစ်ပါ။ ဒါကြောင့် အားလုံးပိုင်တဲ့ မြစ်ကမ်းဘေးမှာ ကျွန်တော်တို့ တည်းခိုပိုင်ခွင့်ရှိပါတယ်"

"ဘာကွ . . . "

ဒေါသတကြီး အော်လိုက်ပေမဲ့ ရှေ့သုံးယောက်ကတော့ စိတ်ဝင်စားဟန် မပြပါပေ။ ကြိုးခွေလွယ်ထားသော တစ်ယောက်က . . .

"တာဝန်အရ ကျွန်တော်တို့ ခွင့်တောင်းပြီးပြီဆိုတော့ ခွင့်ပြုပါဦး"

ပြောပြောဆိုဆို သုံးယောက်သား နွားအုပ်ကြီးမောင်းကာ ထွက်သွားကြသည်။ ပြန်လှည့်သွားခြင်းကား မဟုတ်။ ဦးသတိုးမင်းကျော်၏ ခြံစည်းရိုးအုတ်တံတိုင်းဘေးမှ သီကာ မြစ်ကမ်းဘက်သို့ ဆင်းသွားကြခြင်းဖြစ်၏။


ဦးသတိုးမင်းကျော်မှာတော့ ဒေါသချောင်းချောင်းထွက်လျက် ကျန်ရစ်ခဲ့ရသည်။

"ဗလကျော်သူ . . . "

"ပြောပါ . . . ဆရာကြီး"

"ဒီကောင်တွေကို သေချာကြည့်ထားစမ်း။ အကြောင်းထူးရင် ငါ့ဆီ ချက်ချင်း လာသတင်းပို့"






သင်၏ စတင်ရာသည် **'က'** ဖြစ်၍ သင်၏ပန်းတိုင်မှာ **'ခ'** ဖြစ်သည်။ နှစ်သက်ရာလမ်းက သွားခွင့်ရှိသည်။ လမ်းတစ်လျှောက် မြင်တွေ့သမျှကို လေ့လာမှတ်သားပါ။ အဆင်ပြေသောနေရာတွင် နေ့လယ်စာ စားပါ။



www.burmeseclassic.com

www.burmeseclassic.com

# IX

လက်တွင်းရောက်လာသော စာရွက်ကိုကြည့်ပြီး သက်သာ ခေါင်းကုတ်မိသည်။ သူ့နည်းတူပင် အခြားသူတွေမှာလည်း စာရွက်ကို ကြည့်၍ ခေါင်းကုတ်သူ ကုတ်ကြသည်။ သက်ပြင်းချကာ ခေါင်းယမ်းသူ ယမ်းကြသည်။ တချို့ ဆန္ဒစောသူများကတော့ ထလိုက်၊ ထိုင်လိုက် ပင် ဖြစ်သွားကြ၏။

ထိုစဉ်မှာပဲ ဦးသမိန်ဒူးရောက်လာကာ သူတို့ကို တစ်နေရာခေါ် သွားပါသည်။ ခေါ်သွားသည့်နေရာက မနေ့ကလို ဂိတ်တဲလေးတစ်လုံး ရှေ့သို့။ ဒါပေမဲ့ မတူတာတစ်ခုတော့ ရှိနေ၏။ အဲဒါက . . .

"အားလုံးပဲ ဒီဂိတ်တဲလေးကနေ တစ်ယောက်ချင်း ဝင်သွားရမယ်။ ဟိုဘက်ခြမ်းမှာ မင်းတို့အတွက် လက်တွေ့ကစားပွဲတစ်ခုရှိတယ်"

ခပ်ပြတ်ပြတ်ပြောပြီး တအောင့်ကြာတော့ နံပါတ်စဉ်အတိုင်း ရှေ့နားမှာ ရပ်နေသူ နံပါတ်တစ်က ဝင်ချသွားသည်။ ပြီးတော့ နံပါတ်နှစ်။ ဒီလိုနှင့် သူ့အလှည့် ရောက်လာတော့ သက်သာ ဂိတ်တဲတွင်း ဝင်သွားလိုက်ပါသည်။ ထင်ထားသလိုပင် အထဲမှာ အစောင့်တစ်ယောက် ရှိနေသေး၏။ အခြားသူမဟုတ်။ မနေ့က (Hand Made) စစ်ဆေးသူ ပုဂ္ဂိုလ်ပါပင်။



ယခုလည်း . . .

"စာရွက်ထဲက မြေပုံမှာ 'က' ကနေ 'ခ' အထိ သွားရမည်။ ...င်းဘယ်နှလမ်းရှိလဲ။ အချိန် ၃ မိနစ်ရမယ်"

"ဗျာ . . ."

ရုတ်ခြည်းကြားလိုက်ရသော စကားကြောင့် သက်သာ ကြောင် ...သွားရသည်။ ဒါပေမဲ့ အချိန် သုံးမိနစ်သာပေးထားသည်မို့ ချက်ချင်း ...ကြည့်လိုက်ရ၏၊ နှစ်မိနစ် စွန်းသွားချိန်မှာ အဖြေထွက်လာသည်။

"၁၆ လမ်း"

သက်သာဖြေသော အရေအတွက်ကို လူကြီးက ရှေ့ရှိစာရင်း ...အုပ်မှာ ရေးသွင်းသည်။ မှန်သည်၊ မှားသည် မပြော၊ ပြီးတော့ . . .

"ရပြီ . . . သွားတော့ . . ."

ဖွင့်ထားသော လမ်းကြောင်းအတိုင်း ရှေ့ကိုဆက်တော့ ဒုတိယ ...ခါးပေါက်ကို ရောက်သည်။ အပြင်ထွက်လိုက်စဉ်၌ . . .

"ဟာ . . ."

သက်သာ ပါးစပ်ဟောင်းလောင်း ပွင့်သွားရတော့သည်။ ဝက်ပါ ...င်ခုလား၊ မဟုတ်။ လက်တွင်းမှ မြေပုံကို အရှင်လတ်လတ် မြင်လိုက် ...ခြင်းပါ။ ရှေ့တွင် လမ်းနှစ်လမ်း သူ့ကို စောင့်ကြိုနေသည်။ ချက်ချင်း ... သဘောပေါက်လိုက်၏။ ပေးထားသောမြေပုံက တကယ်ရှိနေသော ...ပါမြောက်လမ်းများကို ပုံတူကူးဆွဲထားခြင်းဖြစ်ပါသည်။

သက်သာ နေရင်းထိုင်ရင်းနှင့် တိုးရစ်တယောက် ဖြစ်သွားလေ ...၊ ရောက်ဖူးသော အရပ်မှာ မြေပုံကြည့် စခန်းသွားရတော့မည်မဟုတ် ...သား။ ဘယ်ဘက်သို့ ချိုးဝင်ထားသောလမ်းနှင့် ညာကို ဦးတည်ထား ...သော လမ်း။ ထိုနှစ်လမ်းအနက် တစ်လမ်းကို ရွေးရမည်။

အခြားလမ်းများကိုတော့ လောလောဆယ် မတွေ့ရသေး။ အ... ...။ လမ်းတစ်ခုခုကို ရွေးချယ်လျှောက်လှမ်းသွားလျှင်တော့ ... ...သော အကွာအဝေးတစ်ခုတွင် မြေပုံထဲကအတိုင်း လမ်းအ...



www.burmeseclassic.com

www.burmeseclassic.com

တွေ့ ရပါလိမ့်မည်။ ရွေးချယ်မှုမစခင် အရှေ့ဆီကို လှမ်းမျှော်ကြည့်
တော့ ဘယ်ဘက်လမ်း၏ နောက်ဘက်မှာ ဇရပ်အဆောင်ဆောင်နှင့် အမို
ချွန်းအဆောက်အဦးငယ်လေးများကို တွေ့ရ၏။ ညာဘက်လမ်းမှာတော့
ကွင်းထီးထီးဖြစ်ပြီး အဆုံးတွင် သစ်အုပ်ပင်တန်း အချို့ရှိပါသည်။ ခြေ
ရပ်ရင်း အနည်းငယ် စဉ်းစားလိုက်၏။ ပြီးတော့ ဆုံးဖြတ်ချက်တစ်ခု
ကို ချလိုက်သည်။

ညာဘက်လမ်းကို ခြေလှမ်းတော့ အဝေးဆီမှ ကျီးတစ်ကော
လှမ်းအာသည်။ ရွေးချယ်မှု မှန်ကန်သွားပြီ ထင်ရဲ့။ မြေပုံကို လက်မှာ
ကိုင်ရင်း တစ်လှမ်းချင်း လှမ်းလာလိုက်၏။ ကွင်းပြင်ကို လွန်တော့ သစ်
အုပ်ပင်တန်းထဲကို တိုးဝင်သည်။ လမ်းမှာ ဖြောင့်စင်းလျက်ရှိနေ၏။

ရှေကလူတွေ ဘယ်လမ်းကို ရွေးချယ်ကြပါလိမ့်။ တစ်ဦးတစ်
ယောက်မျှ မတွေ့ရ။ လမ်းမှာ ရှင်းလင်းနေသည်။ ပြီးတော့ တိတ်ဆိတ်
ရြိပင် ရှိနေပါသေးသည်။ နံဘေးမှာ တမာပင်များ စီတန်းကာ ပေါက်
ရောက်နေသည်။ အညာဆိုတော့ လွဲမှားစရာမရှိ။ တမာရနံ့ကပင် စိတ်
ကို တစ်မျိုးတစ်မည် ဆွဲဆောင်ထားသလို။

ဤမျှ ကျယ်ဝန်းနက်ရှိုင်းသည့် ခြံကြီးကိုလည်း တစ်သက်နှင့်
တစ်ကိုယ် မမြင်ဖူး။ ပုံစံကြည့်ရတာ အပန်းဖြေဥယျာဉ်လိုလို၊ ဘောနို
တောလိုလို၊ ရှေ့ခပ်လှမ်းလှမ်းဆီမှာ အတန်းလိုက် ပေါက်နေသော ထန်း
သုံးပင်ကို တွေ့ရသည်။

အပင်ရှည်မျိုးမဟုတ်ဘဲ ပုလုံးလုံးလေးတွေ ဖြစ်ပါသည်။ ထို
ထန်းသုံးပင်ကို လွန်တော့ ပထမဆုံးလမ်းချိုးကိုတွေ့ရတော့သည်။

လက်ထဲမှ မြေပုံနှင့် တိုက်ကြည့်ကာ နားလည်လိုက်၏။ အပေါ
ဘက်သို့ ဒေါင်လိုက်ထောင်တက်သွားသောလမ်း၊ ဆက်သွားရမလား
လမ်းသစ်ကို ရွေးချယ်ရမည်လား၊ စဉ်းစားရပြီ။

မူလလမ်းကို လှမ်းမျှော်လေ့လာတော့ မကြာခင်မှာ သစ်ပင်
တန်းမှထွက်ပြီး စိုက်ခင်းအချို့ကို ဦးတည်ထားသည်။ လမ်းသစ်မှာတော့



...တန်းမှ ခွဲမထွက်သေး။ ကောင်းကင်ကို မော့ကြည့်တော့ နေလုံး
... ဆောင့်မှန်ကျတော့မည်။ မူလလမ်းအတိုင်း အဖြောင့်လိုက်သွားလျှင်
... သေချာပေါက် နေလုံးနှင့် ညားပေပြီ။ မြင်ရသလောက် စိုက်ခင်း
...ဆီမှာ အရိပ်ရယ်မရှိ။ စိုက်ပျိုးခင်းပေမို့ ကွင်းထီးထီးမှာ . . .

လမ်းသစ်ကတော့ သစ်ရိပ်ဝါးရိပ် ရှိနေသေးသည်။ နေရာတိုင်း
...ပ်မရသည့်တိုင် ကွင်းပြင်လောက်တော့ ပူမှာမဟုတ်။ ဆိုင်မဆိုင် မသိ
... စကားတစ်ခုက နားထဲရောက်လာသည်။ ဤရပ်ဝန်းသို့ ခြေချမိ
...ည်နှင့် ပထမဆုံးကြားရသည့် သတိပြုဖွယ်စကား။

"စွမ်းအင်ကို အတတ်နိုင်ဆုံး ချွေတာပါ။ အထဲမှာ ကိုယ်စွမ်း
... ဉာဏ်စွမ်းရော အားကုန်စိုက်ထုတ်အသုံးပြုရမဲ့ အပိုင်းတွေရှိတယ်။
...တော့ ချွေတာလို့ရတဲ့နေရာမှာ စွမ်းအင်ကို တတ်နိုင်သလောက် ချွေ
... အသုံးပြုရမဲ့နေရာရောက်ရင် အားပြည့်အင်ပြည့် ထုတ်သုံးနိုင်တာ
...

မြနန်းဘုံသာသို့လိုက်ပို့ပေးသူ မြင်းလှည်းသမား၏ အကြံပေး
...ား (သို့) သူ့အတွက် သတိပြုဖွယ်စကား၊ ဒီတော့ ပန်းတိုင်သို့သွားရာ
...်းချင်းအတူတူ စွမ်းအင်ချွေတာနိုင်မည့်လမ်းကိုပဲ ရွေးချယ်လိုက်သည်။
...်ကို ချိုးကွေ့ချလိုက်၏။ မြေပုံအရ မကြာခင်မှာ လက်ဝဲဘက်က
...မည့်လမ်းတစ်လမ်းနှင့် ဆုံပေမည်။

သို့သော်လည်း ထိုလမ်းနှင့် မဆုံခင်မှာ ထင်မှတ်မထားသော
...ာတစ်ခုကို မြင်တွေ့လိုက်ရသည်။အဲဒါက . . .

နွားအော်သံ၊ လှည်းမောင်းသံတွေနှင့် ရတ်ခြည်းပေါ်လာသည့်
...ဘွင်းတစ်ခု၊ နွားခြံကြီးတစ်ခြံပါ။ အရွယ်စုံနွားတွေ ထည့်လှောင်ထား
...သော ခြံကြီးတစ်ခုဖြစ်သည်။ ပတ်ပတ်လည် ဝါးလုံးတန်းများ...
...ဘွင်းတွင် နွားများကို ကြိုးမချည်ဘဲ ထည့်လွှတ်ထား၏။ ...
... တဲတစ်လုံးရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

တဲနောက်ဖက်မှာက နောက်ချေးပုံကြီးတစ်ပုံ၊ လူနှစ်ယောက်က ထိုနောက်ချေးများကို လှည်းပေါ်တင်နေသည်။ တစ်ယောက်က ပေါက်တူးပေါက် တောင်းထဲထည့်ပြီး အပေါ်ပင့်တင်ပေးသည်။ အပေါ်မှလူက နောက်ချေးတောင်းကိုယူကာ လှည်းထိပ်တွင်ပုံ၏။

တဲပိုးတင်ထားသော နွားနှစ်ကောင်မှာတော့ လှည်းကိုမှော့ပြီး ခုံရပ်နေသည်။ အကြောင်းက ဇက်ကြိုးကို တင်းအောင်ဆွဲပြီး လှည်းရှိတိုင်တွင် ချည်ထားသောကြောင့်ဖြစ်၏။ လုပ်ငန်းခွင်ဝင်နေကြခြင်း ဖြစ်နိုင်ပါသည်။ ခြံထဲမှ နွားကောင်ရေနှင့်ညီမျှသော နွားချေးပုံကြီးမို့ ပတ်ဝန်းကျင်တွင် နောက်ချေးနံ့က လှိုင်လှိုင်ထွက်နေသည်။

သူ့ကိုမြင်တော့ . . .

"နားပါဦးလားဗျ . . . ရေနွေးလေး ဘာလေး သောက်သွားပါဦး"

လှည်းပေါ်မှလူက အော်ပြောသည်။ သက်သာနှစ်လိုဖွယ် ပြုံးပြရင်း . . .

"မနားတော့ပါဘူးဗျာ . . . အချိန်ရှိတုန်းလေး လျှောက်လိုက်ပါဦးမယ်"

လုပ်ငန်းခွင်ဝင်နေသူနှစ်ယောက် သူ့ကို ပြုံးကြည့်ကာ ကျန်ခဲ့၏။ ခြံတွင်းမှ အလုပ်သမားများ ဖြစ်နိုင်ပါတယ်။ ဒီလိုနှင့် လျှောက်လာလိုက်တာ ခဏကြာတော့ ထင်ထားသလို လက်ဝဲမှလာသောလမ်း တစ်လမ်းနှင့် သွားဆုံသည်။

ထိုစဉ်မှာပဲ သူအဖော်သစ်တစ်ယောက် ရလိုက်သည်။

"ဟေ့လူ . . . ခဏ . . ."

နောက်ဖက်မှ ခေါ်သံကြားတော့ သက်သာခြေလှမ်းတို့ ရပ်သွားသည်။ အသံကြားရာဆီ လှည့်ကြည့်တော့ သစ်ပင်ရိပ်တွင်ထိုင်နေသော လူတစ်ယောက်ကို တွေ့ရပါ၏။ လမ်းခွဲကိုကြည့်ပြီး ကိုယ့်အာရုံနှင့်ကိုယ် လျှောက်လာသည်မို့ ထိုင်နေသောသူကို မတွေ့လိုက်။



ထိုလူက လက်ကာပြရင်း ထိုင်ရာမှထကာ သူ့ဆီလျှောက်လာ ည်၊ အနီးရောက်တော့ . . .

"ခင်ဗျား ဒီလမ်းက လာတာလား"

"ဟုတ်တယ်လေ"

"ကျွန်တော်ကတော့ လမ်းချိုးက ဝင်လာတာ။ မောတာနဲ့ ခဏ င်နားနေတာ"

လက်ဝဲဘက်မှ လာပေါင်းသော မြေလမ်းလေးကို ညွှန်ရင်း ားဆိုသည်။ ပြီးတော့ . . .

"ခင်ဗျား တည့်တည့်ပဲ ဆက်သွားမှာမလား"

"အင်း . . . ဒီလမ်းပဲရှိတဲ့ ဥစ္စာ"

"ဒါဆို အတူတူသွားရအောင်ဗျာ . . . အဖော်ရတာပေါ့"

ပြောပြောဆိုဆို ထိုလူက ခြေလှမ်းဆက်တော့ သက်သာလည်း လိုက်ရသည်။ ကျန်ရစ်သော (၃၂) မှ တစ်ယောက်သေချာပေမဲ့ သာ ထိုလူကို သေချာမမြင်ဖူးပေ။ အောက်ထပ်ဆောင်မှ ဖြစ် က်ပါသည်။ ထို့ကြောင့် မိတ်ဆက်သောအနေဖြင့် . . .

"ကျွန်တော့်နာမည် သက်သာ . . . နံပါတ်က (၃၄)"

"ကျွန်တော်က စိုးအောင် . . . နံပါတ် (၁၂)"

"ဪ . . . အောက်ထပ်ဆောင်ကပဲ။ ဒါကြောင့်မလို့ ခင်ဗျား ကို သေချာမမြင်ဖူးတာ"

စိုးအောင်က သူ့ကို တစ်ချက်လှမ်းကြည့်ကာ . . .

"ကျွန်တော်ကတော့ ခင်ဗျားကို သိပါတယ်ဗျာ။ ရောက်ရောက်ခြင်းညနေကလေ"

သက်သာ အံ့သြသွားရ၏။ ထိုလူက ဘာကို သဘောကျသည် သိ။ 'ဟက်' ခနဲ ရယ်ကာ . . .

"အဲဒီနေ့က ထမင်းစားဆောင်မှာ ခင်ဗျားထမေးတဲ့ နှုန်း ကို သဘောကျတယ်ဗျာ။ ဟုတ်လည်း ဟုတ်တယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com

ဝင်ပြိုင်မယ့် ပြိုင်ပွဲဝင်တစ်ယောက်အနေနဲ့ ဆုဖလားလေးတော့ မြင်ထားချင်တာပေါ့။ ဒါမှလည်း ပြိုင်ရတာ အားရှိမယ်လေဗျာ။ မဟုတ်ရင် ပြိုင်ပွဲဝင်တာနဲ့ မတူတော့ဘူး။ ရည်ရွယ်ချက်မရှိ သူများနိုင်းတာ လိုက်လုပ်ရသလို ဖြစ်နေလိမ့်မယ်"

နောက်ပြီး သူကောင်းသားက သူ့ကို တစ်ချက်ချုပ်လိုက်သေးသည်။

"ဒါပေမဲ့ ကျွန်တော်ကတော့ ပြိုင်ပွဲဝင်အချင်းချင်း ပြိုင်ဘက်လို သဘောမထားပါဘူး။ ပန်းတိုင်တစ်ခုကို အတူတူလျှောက်နေတဲ့ သူငယ်ချင်းတွေလိုပဲ သဘောထားပါတယ်"

ဘာပဲဖြစ်ဖြစ် သက်သာ ချီးကျူးမိပါသည်။ယခုမှ တွေ့ဖူးသည့် လူတစ်ယောက်ကို ပွင့်လင်းစွာ ဆံဆက်တတ်ခြင်းသည် ချီးကျူးဖွယ် ဂုဏ်ရည်တစ်ရပ်ပင် မဟုတ်ပါလား။ သက်သာငြိမ်နေတော့ . . .

"အားပါး . . . ၁၂ နာရီတောင်ထိုးတော့မယ်။ ဗိုက်က တော်တော်ဆာနေပြီဗျ။ ခင်ဗျားရော မဆာဘူးလား"

"မဆာဘဲနေမလားဗျာ၊ ဆာတာပေါ့"

ထိုလူကလက်မှနာရီကို နောက်တစ်ကြိမ် ထပ်ကြည့်၍ . . .

"အဆင်ပြေတဲ့နေရာမှာ နေ့လယ်စာစားပါလို့တော့ စာထဲမှာ ရေးထားတာပဲ။ ဒါပေမဲ့ ထမင်းထုပ်ထည့်ပေးလိုက်တာလည်းမဟုတ်၊ ဝယ်စားရအောင်ကလည်း လမ်းမှာ ဘာဆိုင်မှရှိတာမဟုတ်တော့။ ကျွန်တော်တို့က ဘာသွားစားရမှာလဲ။ ခြံထဲက စားလို့ရတဲ့ အသီးအရွက်တွေ လိုက်ရှာစားမှပဲရမယ်"

တော်တော် ဗိုက်ဆာနေပုံရပါ၏။ ဗိုက်ဆာသူတို့၏ ထုံးစံအတိုင်း ဒေါသလည်း အနည်းငယ် ထွက်နေပုံရသည်။ သက်သာကိုယ်တိုင်ပင် ဗိုက်ဆာနေသော်လည်း အနည်းငယ်တော့ ထိန်းထားနိုင်သေးသည်။ ထို့နောက်တော့ နှစ်ဦးသား စကားမဆိုဖြစ်ကြတော့။



ဟိုကြည့် ဒီကြည့်ဖြင့် ပျောက်လာလိုက်တာ တစ်နေရာရောက်တော့ သူတို့နှစ်ဦးလုံး ခြေစုံရပ်မိလိုက်သည်။ ခပ်ဝေးဝေးဆီမှ ပျံ့လွင့်လာသောအသံအချို့။

"ခင်ဗျား ကြားလိုက်လား"

သက်သာ ခေါင်းညိတ်ပြတော့ . . .

"မိန်းကလေးသံဗျ"

ဟုတ်ပါ၏။ အရှေ့လေစီးနှင့်မျောလွင့်လာသည်က မိန်းကလေးသံ တစ်ယောက်တည်းပင်မဟုတ်။ နှစ်ယောက်ထက်ပိုသော အရေအတွက်ဖြင့် အချင်းချင်းပြောဆိုနေကြသော အသံများ။

"အရှေ့ဘက်ကထင်တယ်"

သူ့စကားကို တစ်ဖက်လူက ချက်ချင်းထောက်ခံကာ . . .

"ဟုတ်တယ် . . . လာဗျာ . . . သွက်သွက်လျှောက်ရအောင် ထမင်းကျွေးတဲ့လူတွေ ဖြစ်ရင်ဖြစ်မှာ"

ရည်ရွယ်ချက် တစ်လေကြီးဖြင့် လျှောက်လာလိုက်ကြတာ နှစ်ပြဘောက်လွန်တော့ . . .

"ဟင် . . ."

ထင်ထားသလို မဖြစ်ခဲ့ပါ။ ထမင်းကျွေးသူမဟုတ်။ သူတို့ ဘာသာဘာ၁၀ စ,နောက်ရယ်မောရင်း ရေချိုးနေကြသော မိန်းကလေး လေးဦး၊ ရေတွင်းတစ်ခုဘေးမှာ ပတ်ဝိုင်းရင်း ရေသဘင်ဆင်ယင်နေကြသည်။ ထင်မှတ်မထားသော မြင်ကွင်းကြောင့် အံ့ဩသွားရသလို ရင်တစ်ခုလုံးလည်း လှိုက်ဖိုသွားသည်။

အကြောင်းကား ရေစိုအဝတ်ပါးပါးအောက်မှ လှိုက်ဖိုကြီးငယ် အသွယ်သွယ်က ထင်ရှားစွာ ပေါ်လွင်နေသည်မဟုတ်ပါလား။ [illegible] ကိုယ်လုံး၊ အသက်အရွယ်၊ ဆွဲဆောင်မှု စတာတွေအားလုံးက [illegible] သော ပုရိသတိုင်းရဲ့ရင်ကို အပြင်းအထန် ဆွဲခါနိုင်စွမ်းရှိနေသည်၊

www.burmeseclassic.com

ကိုယ်ကိုယ်တိုင်လည်း ရှာန်ရရသေး၊ ရဟန်းမဟုတ်သည်ကြောင့် ခဏတာ မေ့မြောသွားရသည်။ ဒါပေမဲ့ တည်ဆောက်ထားသော စိတ်ဓာတ်အဆောက်အအုံက စက္ကန့်ပိုင်းလောက်သာ မေ့မျောခွင့်ပေးလိုက်ပါသည်။ ကိုယ့်စိတ်ကို အုပ်စိုးမိချိန်မှာ . . .

"ဟာကွာ . . ."

မရှိတင်ကဲ ရေရွတ်သံတစ်ခုက နံဘေးမှ ထွက်လာသည်။ စိုးမောင်လည်း ခဏတာ သတိလက်လွတ် ဖြစ်သွားသည်ထင်၏။ ထိုစဉ် မှာပဲ မိန်းကလေးတစ်ဦးက သူတို့ကို မြင်သွားပုံရကာ . . .

"ဟယ် . . . ဟိုမှာတော့ . . ."

လွှဲပြီးသား မျက်လုံးကို အောက်ထပ်ငုံ့လိုက်ပေမဲ့ . . .

"အစ်ကိုတို့ . . . ညီမတို့ကို တစ်ခုလောက် ကူညီပေးပါလား"

"ဘာလဲ . . ."

စိုးမောင်နှုတ်မှ လွတ်ခနဲ ထွက်သွားစဉ် . . .

"ညီမရေခွက်လေး တွင်းထဲကျသွားလို့ ပြန်ဆယ်တာ မရဘူး ဖြစ်နေတယ်။ ဖြစ်နိုင်ရင် ကူညီပေးပါလား . . . အစ်ကို"

ရုပ်ရည်ပင်မဟုတ် အသံနှင့် ဆွဲဆောင်မှုကလည်း ပြင်းရှလှသည်။ စိုးမောင်က သူ့ကို ပခုံးတိုက်၍ . . .

"သနားပါတယ်ကွာ . . . သွားဆယ်ပေးရအောင်"

စိုးမောင်ကို လှည့်ကြည့်တော့ ညို့ကွင်းတွင် မိချင်သော အရိပ်အယောင်များကို တွေ့ရပါသည်။ သက်သာ ကိုယ့်ကိုယ်ကိုယ် သတိပေးရင်း . . .

"မင်း သွားချင်သွားလေ၊ ငါ ဒီမှာ စောင့်နေလိုက်မယ်"

"ကူညီပါ . . . အစ်ကိုရဲ့၊ လာပါ . . . ညီမတို့ ကိုက်မစားပါဘူး . . . ဟင်း . . . ဟင်း . . ."



ဒုတိယမြောက် ညှုတုတုအသံနောက်မှာတော့ စိုးမောင် ဥပေက္ခာပြုနိုင်တော့ပါ။ မိန်းကလေးတစ်ယောက် အကူအညီတောင်းတာကို ငြင်းဆယ်ရကောင်းလားဟူ၍ သူ့ကို ခပ်ချဉ်ချဉ်ကြည့်ပြီး . . .

"ဒါဆိုလည်း ပြီးရော . . . ငါ သွားကူပေးလိုက်မယ်"

ရှေ့မှ ခပ်တည်တည် ထွက်သွားပါသည်။ သူ့ကိုယ်သူ သူရဲကောင်းတစ်ဦးအဖြစ်လည်း အထင်ရောက်သွားပုံရ၏။ စိုးမောင်တစ်ဦးတည်း လျှောက်လာသည်ကို မြင်တော့ . . .

"ဟိုအစ်ကိုရော မလာဘူးလား"

"ဟာ . . . ရတယ်၊ ကျွန်တော် ဒီမှာပဲ စောင့်နေလိုက်မယ်"

သက်သာ ကပျာကရာ ငြင်းလိုက်ရသည်။ ဒါတောင် မျက်လုံးကြီးတွေ ထပ်ရောက်လာသေး၏။ စိုးမောင်အနီးရောက်လာတော့ အကူအညီတောင်းသူ မိန်းကလေးက တွတ်တီးတွတ်တာ စကားလုံးများဖြင့် ယှည်ငင်သိမ်းပိုက်ပြီး ရေတွင်းထဲကို လက်ညှိုးထိုးပြနေသည်။ ပြီး နှစ်ဦးသား အသားချင်းထိလုမတတ် ပူးကပ်ငုံ့ကိုင်း၍ ပြုတ်ကျသွားသော ရေခွက်ကို ဆယ်ယူရန် ကြိုးစားနေကြသည်။

စိုးမောင်တို့နှစ်ဦးကို ကြည့်နေရာမှ မျက်လုံးထောင့်စွန်းမှာ အနီရောင်တစ်ခု ဖျတ်ခနဲ ပေါ်လာတော့ . . .

"ဒီကိုလာပါလား . . . ရပ်နေရတာ နေပူမှာပေါ့"

ဦးတည်ခေါ်ငင်လိုက်သော မျက်လုံးနှင့် အနက်အဓိပ္ပာယ်က သူ့ရင်ကို လိုက်ဖိုသွားစေသည်။ ရေစိုအဝတ်နှင့် ကားစွင့်လှပသော မိန်းကလေး။ ထူအမ်းသော နှုတ်ခမ်းတစ်စုံက ညိုပြာရောင်သန်းလျက် ဆံခနှင့် မျက်နှာပြင်မှာ ရေမှုန်ရေစတွေ ကပ်ငြိလို့။ အသားက ညိုစိမ့်ဝင်းမ်။

မျက်လုံးဝိုင်းများဆီမှ ညို့ဓာတ်တစ်မျိုးထွက်ကာ သူ့ကို ခေါ်ငင်နေသည်။ ဒါပေမဲ့ . . .

"အား . . . ရတယ် . . . ရတယ် . . . ကျွန်တော် ဒီမှာပဲ စောင့်နေလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com

သင့်တော်သော အဖြေတစ်ခု အလျင်အမြန်ပေးပြီး ချက်ချင်း ပြောင်းလွှဲပေးလိုက်ရသည်။ စိုးမောင်တို့ကတော့ စက်သီးကြိုးကို နှစ်ယောက်အတူကိုင်ပြီး ရေပုံးကို အပေါ်ဆွဲတင်သည်။ ရေတွင်းဘောင်ပေါ် ရောက်လာတော့ အတွင်းမှာ ကော်ရေခွက်လေးတစ်ခွက် ပါလာ၏။ ...က်စွပြီးပြီမို့ စိုးမောင် ပြန်လှည့်လာမည်ထင်ထားသော်လည်း . . .

"သူငယ်ချင်းရေ . . . ငါ ဒီမှာ ခဏနေခဲ့လိုက်ဦးမယ်။ မင်း ဆက်သွားရင် သွားနှင့်လိုက်"

ကြားလိုက်ရသော စကားကြောင့် တော်တော်အံ့သြသွားသည်။ ဒီအချိန်လေးအတွင်း ထိုမိန်းကလေးက ဘယ်လို သိမ်းသွင်းလိုက်သည် မသိ။ စိုးမောင်တော့ တော်တော် အဆိပ်တက်နေပြီထင်သည်။ သူ့ကို လည်း ချန်မထားပါ။ ခုနဖိတ်ခေါ်သူ မိန်းကလေးကပင် . . .

"ဒီအစ်ကိုက အိမ်မှာ ထမင်းလိုက်စားမှာ၊ သူလည်း တို့အိမ် လိုက်ခဲ့ပါလား။ ထမင်းစားပြီးမှ ခရီးထပ်ဆက်ပေါ့"

"ဗျာ . . ."

စကားရဲ့ အဓိပ္ပာယ်ကို သက်သာ နားမလည်။

"အဆင်ပြေတဲ့နေရာမှာ နေ့လယ်စာ စားပါလို့ စာထဲမှာ ရေးထားတယ်မလား။ အဲဒါ တို့အိမ်ကို ပြောတာ။ လမ်းမှာ ထမင်းဆိုင်မရှိဘူး။ ထမင်းစားဆောင်လည်း မရှိဘူး။ ဒီလိုပဲ အဆင်ပြေတဲ့အိမ်မှာ စားရမှာ"

လက်တွင်းမှာစာကို ဖျတ်ခနဲ ငုံ့ကြည့်ပြီး သက်သာ စဉ်းစားသွားသည်။ စာရဲ့ အဓိပ္ပာယ်က ဘယ်လိုမျိုးပါလိမ့်။ ထိုမိန်းကလေး ပြောသလိုများလား။

"လာပါ . . . လိုက်ခဲ့ပါ။ အိမ်မှာ ဘယ်သူမှမရှိဘူး။ တို့ ညီအစ်မလေးယောက်ပဲနေတာ"

ထပ်မံကြားရသော စကားက သူ့ကို အဆုံးအဖြတ်ပေးလိုက်ပါပြီ။



"တော်ပြီ . . . ကျွန်တော် သွားတော့မယ်"

ကျောခိုင်းလိုက်မိသည်။ မဖြစ်ပါချေ။ ညီအစ်မလေးယောက် နေသောအိမ်မှာ ဒီလိုပုံစံတွေနှင့်၊ နောက်ပြီး စဉ်းစားစရာတွေလည်း ရှိနေသည်။ သူတို့အားလုံးအတွက် နေ့လယ်စာက ဘယ်လိုအဓိပ္ပာယ်ဖြင့် မြုပ်နှံပေးလိုက်တာပါနည်း။ ဒါဟာ လှည့်ကွက်တစ်ခုလား။ သို့မဟုတ် ထောင်ချောက်တစ်ခုလား။

နောက်ကျောမှာ မျက်လုံးတွေ ကပ်ပါလာတာကို သတိထားမိသော်လည်း ဥပေက္ခာပြုနိုင်ခဲ့သည်။ စိုးမောင်ကိုလည်း စိတ်တွင်းမှ ကျိန်ဆဲမိ၏။

သူ စောင့်နေရတာနဲ့ပင် အချိန် အတော်ကုန်သွားခဲ့ပြီမဟုတ်လား။ ဒါပေမဲ့ သတိချပ်စရာတစ်ခုတော့ တွေ့ခဲ့ရသည်။

"နေ့လယ်စာ၏ အဓိပ္ပာယ်က ဘာလဲ"

ဦးနောက်ကို အလုပ်ပေးရင်း လျှောက်လာခဲ့ရာ ဆယ်မိနစ်လောက်ကြာတော့ ညာဘက်ခြမ်းဆီသို့ ကွေ့ဆင်းသွားသော လမ်းချိုးတစ်ခုကို တွေ့ရသည်။ မြေပုံကို ကြည့်လိုက်၏။ ဟုတ်ပါသည်။ ဆက်သွားပါက ပန်းတိုင်ကို တောက်လျှောက်ပြေးထားသော လမ်းမကြီးနှင့် ...မည်။

ညာဘက်သို့ ချိုးပါက နောက်ထပ်လမ်းချိုးတစ်ခုကို ထပ်တွေ့မည်။ ပြီးတော့ အပေါ်ကို ထောင်တက်ထားသည့် လမ်းဆီရောက်မည်။ ...ယ်ချိုး၍ တက်သွားပါက ပန်းတိုင် (ခ) ကိုရောက်ပေပြီ။

မည်သည့်လမ်းကို ရွေးရမည်လဲ။ တည့်တည့်ဆက်သွားရမည်လား။ ညာကွေ့ရမည်လား။ ကြုံဖူးခဲ့သော သင်ခန်းစာအရ ယခု သူ လျှောက်လာသော လမ်းသည် စိတ်မချရ။ အရှေ့ဘက်ဆီမှာ ...ဘောင်းဘင်းနှင့် နောက်ထပ် မိန်းကလေးတွေ ရှိမနေဘူးဟု မပြောနိုင်။ ယခု ...အိမ်ဆိုလျှင်တော့ ခက်ခဲသွားလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

စိုးမောင်မရှိတော့သည်ကြောင့် ရေခွက်ကို ကိုယ်တိုင်ကောက်ပေးရတော့မည် မဟုတ်ပါလား။ ထို့ကြောင့် . . .

ညာကိုချိုးကွေ့ဝင်လာတော့ ခြေလှမ်းသုံးဆယ်လောက်ထိ အေးဆေးနေသေး၏။ ဒါပေမဲ့ သုံးဆယ့်တစ်လှမ်းရောက်စဉ်မှာ ရွေးချယ်မှုများယွင်းပြန်ပြီမှန်း သိလိုက်ရတော့သည်။

"အား . . ."

မိန်းကလေးတစ်ဦး၏ အထိတ်တလန့်အော်သံက ပတ်ဝန်းကျင်ကို ဖုံးလွှမ်းသွားသည်။ ခြေလှမ်းတို့ တီခနဲရပ်သွားတော့ နီးစပ်ရာ ငှက်တစ်အုပ် ထပ်ပျံသည်။ ကြောက်လန့်တကြား ဟစ်အော်လိုက်သည့် အသံမျိုးဖြစ်ရာ ဒီတစ်ခါတော့ သက်သာ သွေးမအေးနိုင်တော့၊ အသံကြားရာဆီ အလျင်အမြန် ပြေးသွားလိုက်သည်။ လမ်းဘေးတွင် ဘွားခနဲ တွေ့လိုက်ရသည်ကား မြင်းခြံကြီးတစ်ခြံ။

ဝါးလုံးတန်းများကို ပတ်ပတ်လည်ကာရံ၍ အထဲတွင်မြင်းသုံးကောင်လွှတ်ထားသည်။ နံဘေးမှာကား အိမ်ငယ်လေးတစ်လုံး။ အသံထွက်လာသည်က ထိုအိမ်ငယ်လေးဆီမှ . . .

"အား . . ."

ဒုတိယမြောက် အော်သံထွက်လာတော့ သက်သာ သဘောပေါက်လိုက်လေပြီ။ အိမ်လေးနှင့် မြင်းခြံကြား အဖီအောက်မှ ထွက်လာခြင်းပါ။ ပြေးဝင်လိုက်တော့ ခုံတစ်လုံးတွင်ကျောပေးထိုင်နေသော မိန်းကလေးတစ်ဦးကို မြင်ရသည်။ သက်သာ အလျင်အမြန်ပြေးသွားကာ –

"ဘာ . . . ဘာဖြစ်လို့လဲ"

မေးခွန်းနှင့်အတူ မြင်လိုက်ရတာက . . .

"ဟာ . . ."

သူမတစ်ကိုယ်လုံးမှာ သွေးစက်တွေ ပေကျံနေသည်။ လက်ကို တဆတ်ဆတ်ခါကာ မျက်လုံးမှာ မျက်ရည်တွေ ရွှဲလို့။

"ရှီ . . . အား . . . လားလား . . ."



နှုတ်မှ ညည်းညူရင်း နှုတ်ခမ်းကို ဖိကိုက်ထားပါသည်။

"ဘာ . . . ဘာဖြစ်တာလဲ၊ ဘာကူညီရမလဲ"

"မြက်စင်းနေတာ လက်ကို ဓားထိသွားလို့ . . . အား . . ."

သူမရှေ့ မြက်စင်းခုံမှာလည်း သွေးစက်တွေ စင်ထားသည်။ တဆတ်ဆတ်ခါနေသည်ကြောင့် လက်တစ်ချောင်းလုံးပင်မဟုတ် သူမခန္ဓာကိုယ်အနှံ့မှာပါ သွေးစက်တွေ ထိနေ၏။

"အမိ . . . မခါနဲ့လေ၊ ခါရင် ပိုဆိုးမှာပေါ့။ ပြကြည့်စမ်း"

လက်ကို ဖမ်းချုပ်တော့ သွေးလူးနေသည်မို့ ဒဏ်ရာ အတိမ်အနက်ကို မမြင်ရ။ သွေးထွက်များသည်မို့ ဒဏ်ရာလည်း ကြီးလောက်သည်။ ထို့ကြောင့် . . .

"ရေ ဘယ်နားမှာလဲ"

မျက်နှာကို ရှုံ့မဲ့ရင်း . . .

"နောက်ဖေး စည်ပိုင်းထဲမှာ"

သက်သာ အဖီနောက်ဖက်ကို ဝင်ကြည့်တော့ ခြံထောင့်တွင် ရေစည်ပိုင်းတစ်ခုကို တွေ့ရသည်။ ရေတစ်ခွက် အလျင်အမြန်ခပ်ပြီး ဒဏ်ရာပေါ် လောင်းတော့ မိန်းကလေး တွန့်တွန့်လူးသွားပါသည်။

"အား . . . စပ်တယ် . . . စပ်တယ်"

လက်ကိုရှုန်းသည်မို့ သေချာကိုင်ထားရ၏။ ဒဏ်ရာမှာ တော်တော်ကြီးပါသည်။ ဒီအတိုင်း ထားလို့မရ။

"ဆေးရှိလား . . . ဘာရှိလဲ"

ရှုံ့မဲ့နေသော မျက်နှာကို အိမ်ဘက်လှည့်ပြကာ . . .

"ကြွက်လျှောက်တန်းပေါ်မှာ အရက်ပျံနဲ့ ပတ်တီးလိပ်ရှိတယ်"

သက်သာတုံ့ဆိုင်းသွားပြီး သွေးစက်အချို့စင်ထားသော သူမမျက်နှာကို မရှုံ့မရဲကြည့်ကာ . . .

"ငါ သွားယူရမှာလား"



www.burmeseclassic.com

www.burmeseclassic.com

"ရှင် သွားယူရမှာပေါ့။ ကျွန်မလက်မှာ ဒဏ်ရာနဲ့ ဘယ်လိုသွားယူရမှာလဲ"

ခပ်ဆတ်ဆတ်အော်တော့ သက်သာ ပခုံးကို မသိမသာတွန့်ရင်း . . .

"အေး . . . အေးပါကွာ . . . မအော်ပါနဲ့"

မဆီမဆိုင် ဝင်ကူညီသူကိုပင် ပြန်အော်နေသေးသည်။ ဘယ်လိုမိန်းကလေးပါလိမ့်။ အိမ်ရှေ့ကိုပတ်လျှောက်ကာ ဖွင့်ထားသော တံခါးမှ အတွင်းဝင်လိုက်သည်။ အထဲရောက်ရောက်ချင်း အငွေ့အသက်တစ်ခုကို ခံစားရ၏။ ပစ္စည်းထားသိုပုံကို ကြည့်ပြီးလည်း သဘောပေါက်လိုက်ပါသည်။

မိန်းကလေးနေအိမ်ပါ။ တစ်ယောက်တည်း နေတာလား၊ အများနဲ့နေတာလား မသိပေမဲ့ မိန်းကလေးချည်းနေတာတော့ သေချာသည်။ မကောင်းတတ်သည်ကြောင့် အရက်ပြန်ပုလင်းကို အမြန်ရှာလိုက်ရ၏။ သံဆန်ကာ ကပ်ထားသော အိမ်ရှေ့ကြွက်လျှောက်ပေါ်မှာ ရှာတွေ့သည်။

ချက်ချင်းပဲ အရက်ပျံနှင့် ပတ်တီးလိပ်ယူကာ အိမ်ဘေးပြန်ဝင်တော့ ဒဏ်ရာက သွေးပြန်ထွက်နေပြီ။ ပတ်တီးဖြင့်တို့ပြီး အရက်ပျံလောင်းထည့်တော့ . . .

"အား . . ."

Echo ထည့်ထားသလို အသံရှည် ဆွဲထွက်သွားသည်။ ခုံပေါ်ထိုင်၍ မြေမှာထောက်ထားသော ခြေထောက်များပင် ကြွတက်သွားပါသည်။ အံကြိတ်ထားရာမှ နှုတ်ခမ်းတို့ တဆတ်ဆတ်တုန်လာပြီး . . .

"ဘာလို့ အများကြီး လောင်းထည့်တာလဲ။ စပ်လိုက်တာ . . . အား . . ."

ဒီတစ်ခါတော့ . . .



"မသိဘူးလေကွာ . . . မင်းက ပြောမှမပြောဘဲ"

"ပြောမှ သိရမှာလား၊ အရက်ပြန်ထည့်ရင် စပ်တာ ရှင် မသိဘူးလား"

သက်သာ စိတ်နည်းနည်းပေါက်သွားရကာ . . .

"စပ်ရင် ဘာလို့ ထည့်ခိုင်းသေးလဲကွာ"

"ဘယ်သူက ရှင့်ကို ထည့်ခိုင်းလို့လဲ။ အရက်ပြန်ရှိတယ်ပဲ ပြောတာ"

သက်သာ စိတ်ချဉ်ပေါက်ပေါက်ဖြင့် အရက်ပြန်ပုလင်းကို မြေပေါ်ဆောင့်ချလိုက်သည်။ ပြီး ပတ်တီးလိပ်ကို မြက်ခင်းခုံပေါ် ပစ်တင်၍ . . .

"မင်းဟာမင်းသာ လုပ်တော့"

သူ့အပြောကြောင့် မယ်မင်းကြီးမက အံကိုကြိတ်ကာ ကြည့်သည်။ သက်သာ လှည့်ထွက်ဖို့ ပြင်စဉ်မှာပဲ . . .

"ဟယ် . . . ငါးဟင်းအိုး တူးပြီ"

လွှတ်ခနဲ ပြောပြီး ဆတ်ခနဲ ထပြေးရာ မြက်ခင်းခုံပေါ်တင်ထားသော ရေခွက်ကို တိုက်ချသွားပါ၏။ ထိုရေများက သူ့ခြေနှစ်ဖက်ကို ဖြန်းခနဲ . . .

"ဟာ . . ."

ကြောင်ငေးရင်းသာ ကျန်ခဲ့ရပါတော့သည်။ ခြေနှစ်ဖက်လုံးမှာ ဒူးအောက်ပိုင်းကစပြီး ငိုကြွေးသွား၏။ ခြေစုံရပ်ကာ ဘာလုပ်ရမှန်းမသိ။ ဒေါသပဲထွက်ရမည်လား။ ထွက်ပဲသွားရမလား။ ဆုံးဖြတ်ချက်မချနိုင်ခင်မှာပဲ နှာသီးဝကို ရနံ့တစ်ခု တိုးဝှေ့လာသည်။ ငါးဟင်းနံ့၊ ရှင်းအောင်ပြောရပါက ငါးဟင်းအိုးကပ်နံ့။

ဆာလောင်နေသော ဝမ်းက ပိုဆိုးသွားသည်။ စားချင်သောဆန္ဒတွေ တရှေ့ချင်းတိုးလာတော့ တံတွေးကို မျိုချလိုက်ရ၏။ ဒါပေမဲ့ လုံးဝ

www.burmeseclassic.com

မဖြစ်နိုင်ပါ။ ထို့ကြောင့် အခြေအနေ ပိုဆိုးမလာခင် အိမ်မှ ထွက်ဖို့ပြင်သည်။ အိမ်ရှေ့ကိုရောက်တော့ . . .

"ဟော့လူ . . . ဘယ်လဲ၊ ဒီမှာ ထမင်းစားသွားချည်"

နောက်ဖက်မှ ထွက်လာသောအသံက သူ့ကို တုံ့ဆိုင်းပစ်လိုက်သည်။ ထမင်းစားခေါ်ပုံက တစ်ဆိတ် ယဉ်ကျေးလွန်းသည်လည်း ထင်မိသည်။ လှည့်ကြည့်တော့ ဘယ်ချိန်ခင်းလိုက်သည်မသိသော စားပွဲပေါ်တွင် ပန်းကန်အချို့ကို တွေ့ရ၏။ ပန်းကန်လုံးတွင်းသို့လည်း ဒယ်အိုးထဲမှ ဟင်းအား လှယ်ထည့်နေသည်။

သက်သာ ငြိမ်နေမိသေးသည်ကြောင့် . . .

"ရှေ့မှာ ဘာမှမရှိတော့ဘူး၊ ဆက်သွားရင် ရှင် တစ်နေ့လုံး ထမင်းငတ်သွားလိမ့်မယ်"

ပြတ်တောင်းတောင်းပြောပြီး ဒယ်အိုးကိုင်ကာ အိမ်နောက်ဖက်ဝင်သွားသည်။ စားပွဲပေါ်မှ အငွေ့တထောင်းထောင်းထနေသော ထမင်းနှင့် ဟင်းကိုကြည့်ပြီး သက်သာ ပင့်သက်ရှိုက်မိသည်။ ဗိုက်က သံစုံမြည်၍ တောင်းဆိုနေပြီ၊ အချိန်က နေ့လယ်စာအတွက် နောက်ကျနေခဲ့ပြီ မဟုတ်ပါလား။

"ဟော့လူ . . . ဘာရပ်လုပ်နေတာလဲ။ ဒီမှာ လာစားလေ။ ဘာလဲ . . . ကျွန်မပြောတာ မယုံလို့လား၊ မယုံလည်း ရှင့်သဘောပဲ။ ရှေ့မှာတော့ ဘာမှမရှိတော့ဘူး။ ရှင်တို့အတွက် အဆင်ပြေတဲ့နေရာမှာ နေ့လယ်စာစားဆိုတာ ကျွန်မတို့လိုအိမ်တွေမှာ ဝင်စားလို့ ပြောတာ။ လမ်းမှာ ထမင်းဆိုင် မရှိဘူး။ ဝယ်စားလို့ မရဘူး"

ရှေ့မှာ တွေ့ခဲ့ရသော မိန်းကလေးတစ်အုပ်နှင့် ခပ်ဆင်ဆင်တူသော စကားကို ဆိုသည်။ မျက်နှာနှင့်ဟန်ပန်ကို လေ့လာတော့ တကယ်ပင် တည်တံ့နေသည်မို့ စဉ်းစားသွားရသည်။ အငွေ့တထောင်းထောင်း



ထနေသော ထမင်းနှင့် ဟင်းကလည်း သူ့ကို မြှူဆွယ်လို့ နေပါသည်။ နောက်ဆုံးတော့ ဝမ်းဗိုက်၏တောင်းဆိုမှုကို မလွန်ဆန်နိုင်တော့ပါ။

ဟင်းမှာ လိုက်ဖက်လွန်းလှ၏။ ငါးဟင်းအိုးကပ်၊ ချဉ်ပေါင်ရွက်ချဉ်ရည်၊ ငါးပိရည်ကျို၊ သခွားသီး အစိမ်းတို့။

သက်သာ ဝင်ထိုင်စားတော့ သူမက ယပ်ခတ်ပေးပါသည်။ ခုနလို ကတ်ကတ်လန်ဟန်ပန်မျိုး မတွေ့ရတော့ . . .

"မင်းရော မစားဘူးလား"

"ဟင့်အင်း . . . ကျွန်မတို့က ဧည့်သည်နဲ့အတူ ထမင်းဝင်စားဆိုင် မရှိဘူး"

"ဩော် . . ."

"ရှင့်ကို အော်မိတာ တောင်းပန်ပါတယ်။ မခံနိုင်အောင် စပ်လွန်းလို့ မဲမိမဲရာ ဖြစ်သွားတာပါ"

"ရပါတယ် . . . ဒါမျိုးက ဖြစ်တတ်ပါတယ်"

သူကျွေးသော ထမင်းစားနေရပြီမို့ မရလို့မဖြစ်။ သူမလက်ညှိုးကို လှမ်းကြည့်ပြီး . . .

"အခုရော ဘယ်လိုနေသေးလဲ"

"နည်းနည်းတော့ စပ်သေးတယ်"

တစ်ပန်းကန်ကုန်တော့ နောက်တစ်ချီထပ်ယူသည်။ ပြိုင်ပွဲဝင်များအတွက် ထမင်းကျွေးသည့်နေရာ သေချာပြီမို့ အားနာမနေတော့။ စားရင်းနဲ့ . . .

"မင်းတို့က ဒီမှာ ဘာတွေလဲကွ၊ ရှေ့မှာလည်း မိန်းကလေး လေးယောက် တွေ့ခဲ့ရသေးတယ်"

သူမ သက်ပြင်းကိုချကာ ဖြေသည်။

"ဦးသတိုးမင်းကျော်ရဲ့ အလုပ်သမားတွေပေါ့"

"မင်းက ဒီမှာ တစ်ယောက်တည်းနေတာလား"

အိမ်တွင်းကို မျက်စိ ကစားရင်းမေးတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ဘူး . . . အစ်မနဲ့ နေတာ။ အစ်မက လယ်ထဲဆင်း နေတယ်။ ကျွန်မကတော့ ဒီမှာ မြင်းခြံစောင့်ပေါ့။ မြင်းစာအတွက် မြက်စင်းနေရင်းနဲ့ ဓားထိသွားတာ"

"သြော် . . ."

သက်သာ ဓာတ်ရည် လည်သွားခဲ့ပြီ။ ရောမခြံကြီးအတွင်း အလုပ်သမားများကို အိမ်တစ်ဆောင်စီ ဆောက်ပေး၍ တာဝန်ခွဲဝေပေး ထားခြင်းပါ။ သူတို့ကို မြေပုံပေး လမ်းလျှောက်ခိုင်းသည်။ ပြီးတော့ အဆင်ပြေသော အိမ်မှာ နေ့လယ်စာစားစေသည်။

ဒါဆို ရှေ့မှမိန်းကလေးလေးယောက်လည်း သဘောရိုးနဲ့ ထမင်းစားရန် ခေါ်ခြင်းဖြစ်နိုင်ပါသည်။ ဒါပေမဲ့ ယခု မယ်မင်းကြီးမနှင့်တော့ အသွင်အပြင် ခြားနားလှသည်။ မြင်းခြံစောင့်ပီပီ ဂျင်းပန်နှင့် ရှပ်အင်္ကျီလက်ရှည်ကို ဝတ်ထား၏။ ပုံစံက ကျွတ်ဆတ်ဆတ်။

မျက်နှာမှာလည်း ပကတိဖြူစင်နေသည်။ သို့သော် တော်တော်တော့လှ၏။ ပထမတော့ ဦးသတိုးမင်းကျော်နှင့် ပတ်သက်၍ လှထိပ်ခေါင်တင်နှင့် ပတ်သက်၍ အနည်းငယ် စပ်စုမည်ကြံသော်လည်း နောက်ပိုင်း မမေးဖြစ်။ သို့သော်လည်း သူ့ခေါင်းထဲမှာ ဝေခွဲမရနိုင်သေးသော ကိစ္စတစ်ခုက ရှိနေသည်။ အဲဒါက ယနေ့ စစ်ဆေးမှု၏ အဓိပ္ပာယ်ကို နားမလည်သေး။ စားသောက်ပြီးတော့ . . .

"တအောင့်နားရင် နားဦးလေ။ ခရီးဆုံးဖို့ သိပ်မလိုတော့ပါဘူး"

ဒါပေမဲ့ မနားဖြစ်ပါ။ မရောက်ဖူးသောအရပ်မို့ ကိုယ့်ဘာကိုအတတ်နိုင်သလောက် သွားထားရပေမည်။ ထို့ကြောင့် ကျေးဇူးတင်စကားပြောကာ နှုတ်ဆက်ထွက်လာခဲ့သည်။ နာမည်လေးတော့ တစ်ခုတ်တရမေးဖြစ်ခဲ့၏။ ရုပ်ရည်နှင့် လိုက်ပါ၏။ 'ရည်ရွယ်' ဟု ခေါ်ပါသတဲ့။

လမ်းပေါ်ရောက်မှ မြင်းခြံကို သေချာကြည့်မိစဉ် . . .

"ဟင် . . ."

ထူးဆန်းသောဘုတ်တစ်ခု ခြံဝမှာ စိုက်ထား၏။



| | | | | | |
|---|---|---|---|---|---|
| H | A | E | A | H | O |
| O | R | S | E | S | R |
|  | R | S | Y | M | U |
| H | O | E | O | U | S |
| A | E | D | I | R | T |

ဝင်လာတုန်းက အလျင်စလိုဖြစ်သွားသည်မို့ မမြင်ခဲ့ခြင်းပါ။ ယခု ပြန်ထွက်မှ သတိထားမိခြင်းဖြစ်သည်။ ဘာပါလိမ့်။ ခြံထဲလှမ်းကြည့်တော့ မြင်းသုံးကောင် ကစားနေသည်။ အမည်းတစ်ကောင်၊ အညိုနှစ်ကောင်။

အိမ်တွင် လှမ်းကြည့်ရာ ရည်ရွယ်၏အရိပ်အယောင်ကို မမြင်ရတော့။ ခဏရပ်ကြည့်မိသော်လည်း ဘာမှန်းမသိသည်မို့ ကျောခိုင်း၍သာ ထွက်လာခဲ့လိုက်ပါသည်။ ဒါပေမဲ့ စိုက်ထားသော ဘုတ်ပြားက ခေါင်းလုံးတွင်းမှာ ပါလာသည်။ အပိုသက်သက် စိုက်ထားခြင်းတော့ မဖြစ်နိုင်ရာ ဘာအဓိပ္ပာယ်လဲ။ ဘာကိုဆိုလိုတာလဲ။

ဦးနှောက်ကို အလုပ်ပေးတော့ ခြေလှမ်းအနည်းငယ်အတွင်းမှာ အဖြေတစ်ခု ထွက်လာ၏။ ခေါင်းထဲတွင် လက်ခနဲ ဖြစ်သွားကာ နောက်လှည့်ပြေးရတော့သည်။ မြင်းခြံရှေ့ပြန်ရောက်တော့ ဘုတ်ပြားကို သေချာထပ်ကြည့်သည်။

သေချာပေပြီ။ ထင်ထားသလို ဝှက်စာတစ်ခုပါ။ ဒါပေမဲ့ မြင်းခြံရှေ့တွင် ထောင်ထားသော ဘုတ်ပြားဖြစ်သည်မို့ . . .

မျက်လုံးတစ်ချက် မှေးကျင်းသွားပြီးစဉ်မှာ အားလုံးကို နားလည်လိုက်တော့တဲ့။ ချက်ချင်းပဲ ခန္ဓာကိုယ်ကို အားတစ်ချက်တင်းကာ ပါးလုံး



www.burmeseclassic.com

www.burmeseclassic.com

တန်းကို ခုန်ကျော်သည်။ မြင်းခြံတွင်း ခြေချမိတော့ ရင်ဆိုင်ရမည့်တစ်ကောင်ကို ရွေးချယ်လိုက်၏။ သုံးကောင်မှာ နှစ်ကောင်က ထောင်ထောင်မောင်းမောင်း၊ အညိုနှစ်ကောင် အတွင်းမှတစ်ကောင်က အနည်းငယ်ညှပ်သည်။

ကိုယ်အနေအထားနှင့် ထိုအကောင်ကိုပဲ ရွေးချယ်ရပေမည်။

"ဖျောက် . . . ဖျောက် . . ."

လက်ဖျောက်နှစ်ချက်တီးတော့ မြက်စားနေရာမှ သူ့ကို ခေါင်းထောင်ကြည့်၏။ သက်သာ အသက်ကိုအောင့်ပြီး ထိုအကောင်နား တိုးကပ်သွားလိုက်ပါသည်။

"ကျွတ် . . . ကျွတ် . . . ကျွတ် . . ."

နှုတ်မှလည်း အသံပြုကာ တစ်ရွေ့ချင်း တိုးသွားတော့ . . .

အနားရောက်စဉ်မှာ ခုန်ပေါက်ထွက်ပြေးသွားသည်။ သက်ပြင်းကို ချလိုက်၏။ လွယ်လွယ်နှင့်တော့ ရမည်မထင်ပါ။ အနားမှ ထွက်ပြေးပြီး ခြံထောင့်မှာ သွားရပ်နေသည်။ နောက်တစ်ကြိမ် ကြိုးစားကြည့်ရန် ခြေလှမ်းကို ပြန်စသည်။ ဒီတစ်ခါတွင်တော့ လက်ဖျောက်တီးရုံမဟုတ် နှုတ်မှလည်း . . .

"သားက လိမ္မာပါတယ်ကွာ . . . ကျွတ် . . . ကျွတ် . . . မင်းကို ဘာမှမလုပ်ပါဘူး။ မင်းလည်ဆံမွှေးလေးလှလို့ ကိုင်ကြည့်ချင်လို့ပါ။ လိမ္မာပါတယ်။ ငြိမ်ငြိမ်လေးနေနော်။ ကျွတ် . . . ကျွတ် . . . ငါ ကိုင်ကြည့်မယ်"

အသက်ပင်ဝဝမရှူဘဲ တစ်လှမ်းချင်းတိုးသွားတော့ သူ့ကို ငြိမ်ပြီး ကြည့်နေသည်။ အနီးရောက်တော့ လက်ကိုအသာလှမ်းပြီး ပါးကို ထိကိုင်သည်။ ထိမိစဉ် ခေါင်းကို ယမ်းပစ်၏။ ဒါပေမဲ့ ခုနလို ပြေးထွက်မသွား။

"ကျွတ် . . . ကျွတ် . . . လိမ္မာပါတယ်ကွာ၊ ခဏလေးပါ"



ဒုတိယတစ်ကြိမ် ထိကိုင်တော့ ခေါင်းမယမ်းတော့ချေ။ သက်သာ သက်ပြင်းပေါ့ပေါ့ချပြီး လည်ကိုပွတ်ပေးတော့ ငြိမ်ဆင်းသွားချေပြီ။ လည်ဆံမွှေးများကို ထက်အောက်ပွတ်ပေးရင်း နားဝင်ရန်လည်း တဖွဖွ ပြောနေရသေး၏။ အဆင်ပြေသွားချေပြီ။ လုံးဝမရုန်းတော့။ စိတ်ချရပြီထင်မှ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်သည်။

လည်ကို သိုင်းဖက်ကာ ကျောပေါ်ခုန်တက်တော့ ရုတ်ခြည်းဆိုသလိုလိုတိုက်ပွဲမှာ ပြင်းထန်သွား၏။ ကျောပေါ်ရောက်ရောက်ချင်း မြင်းမှာ ကဆုန်ပေါက် ထခုန်သည်။ လည်ဆံမွှေးကို စုကိုင်ရင်း ပြုတ်ကျမသွားရန် မနည်းထိန်းလိုက်ရသည်။

သို့သော် တိုက်ပွဲမှာ မရပ်ပါ။ ကျောပေါ်မှ ပြုတ်ကျရန် နည်းမျိုးစုံကို အသုံးပြုတော့၏။ ခုန်သည်။ခါသည်။ ရှေ့နောက် ကဆုန်ပေါက်သည်။ ကုန်းနှီးတင်ထားခြင်း မဟုတ်သည့်အပြင် ဇက်ကြိုးလည်း ဆွဲမရသည်ကြောင့် သက်သာရေရှည် မခံခဲ့ပါ။

တစ်ချီတွင် ခြေပစ်လက်ပစ် ပြုတ်ကျသွား၏။ မီးသွေ့ရှိုးတစ်လျှောက် စူးအောင့်သွားသည်။ ညာဘက်စောင်းကျသည်မို့ လက်တစ်လျှောက်လုံးလည်း ထုံသွားပါသည်။ မြင်းကတော့ အနီးမှ ခုန်ပေါက်ထွက်သွားခဲ့ပြီ။ချက်ချင်း မထနိုင်။ အတော်ကြီးကြာမှ အားယူကုန်းထနိုင်သည်။

မတ်တတ်ရပ်ပြီးစဉ်မှာ ဘာကြောင့်မှန်းမသိ မြင်းမည်းကြီးက သူ့ဆီတည့်တည့် ပြေးဝင်လာသည်။ ဖြစ်ချင်ရာ ဖြစ်ချေတော့၊ အရဲစွန့်ကာ ကျောပေါ်ခုန်တက်လိုက်၏။

ခုနထက် ကိုယ်လုံးကိုယ်ထည် ကြီးမားသည်မို့ သတိထားကိုင်တွယ်လိုက်သော်လည်း တုန်လှုပ်မှုမရှိပါ။ ကျောပေါ်ရောက်နေသည်ကိုပင် သတိမထားမိသည့်အလား ပြေးထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ခါချခြင်းမပြုလေတော့ သက်သာ တစ်ဆင့်တက်လိုက်၏။ လည်ဆံကိုဆွဲစဉ် ဦးမော့ရှိုပ်သွားသည်။ ကိုယ်လုံးကို ခြေဖြင့်တို့တော့ သွက်သွက်ပြေးပါ၏။ ယခုမှ သဘောပေါက်လိုက်သည်။ အယဉ်နှင့် အရိုင်း ယှဉ်တွဲပြီး ရွေးချယ်ခိုင်ထားခြင်းပါ။

ဒါသည်ပင် စမ်းသပ်မှုတစ်ခုလေလား။ ခြံကို ပတ်ပြီးစီးပြတော့ ထင်မှတ်မထားသော အရပ်ဆီမှ လက်ခုပ်သံ သုံးချက်ထွက်လာ၏။

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . ."

ကောင်းချီးပေးလာသူက ကောင်းဘွိုင်မလေး။

ᅎ ᅎ ᅎ



# X

"ဒုတိယနေ့ စစ်ဆေးမှုအတွက် အောင်မြင်သူစာရင်း ထွက်ပါပြီ . . . ဆရာကြီး"

ခြံနောက်ဘက်တွင် လမ်းလျှောက်နေရာမှ ဦးသတိုးမင်းကျော် ခြေလှမ်းကို ရပ်လိုက်သည်။ သမိန်ဒူးက သတင်းလာပို့ခြင်းဖြစ်ပါသည်။

"ဘယ်နှယောက်ရလဲ"

"ဆယ့်လေးယောက် ရပါတယ်"

ဦးသတိုးမင်းကျော် မျက်မှောင်ကြုတ်သွားပြီ . . .

"ဒါဆို ဆယ့်ရှစ်ယောက် ပြုတ်တာပေါ့"

"ဟုတ်ပါတယ်။ သူတို့ ဆယ့်လေးယောက်ကို ညနေစာ ကျွေးဖို့အတွက်လည်း အားလုံး ပြင်ဆင်ပြီးသွားပါပြီ။ အဲဒါ ဆရာကြီးကို သတင်းလာပို့တာပါ"

"သမီးလေးရော . . ."

"အိမ်တောင်ဘက် ရေကန်ဘေးမှာ အဖော်များနဲ့ အတူရှိနေပါတယ်"

"အေး . . . သူ့ကိုပါ အကြောင်းသွားကြားထားလိုက်။ ဒီည ထမင်းစားပွဲကို သူပါလိုက်ရမှာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ပါ . . . ဆရာကြီး"

ထို့နောက် သမိန်ဒိုးမှာ ဦးညွှတ် အရိုအသေပေးရင်း တောင်ဘက်အရပ်ကို ထွက်သွားသည်။ ဦးသတိုးမင်းကျော်မှာတော့ နေရာတွင် ဆက်လက်ကျန်နေခဲ့၏။ အလကား လမ်းလျှောက်နေခြင်းတော့ မဟုတ်ပါ။

အုတ်တံတိုင်းခတ်ထားပေမဲ့ မျက်လုံးများက အပြင်ကို လေ့လာနေသည်။

သူ့ခြံနောက်ဖက် မြစ်ကမ်းစပ်တွင် နွားပွဲစားအဖွဲ့စခန်းချထားသည် မဟုတ်ပါလား။



# XI

ဘဲဥပုံစားပွဲရှည်ကြီးကို အလယ်တွင်ထားပြီး သူတို့ ဆယ့်လေးယောက် မျက်နှာချင်းဆိုင် ထိုင်ရသည်။ တစ်ဖက် ခုနစ်ယောက်ဆီ နေရာပေးထားပြီး စားပွဲ၏ ထိပ်စွန်းနှစ်ဖက်မှာတော့ နေရာလွတ်နေသည်။ သူတို့အားလုံး စောင့်မျှော်နေသူ နှစ်ဦးရောက်မလာသေး။ ဦးသတိုးမင်းကျော်နှင့် သမီးဖြစ်သူ လှထိပ်ခေါင်တင်။

ယနေ့ညတော့ သူတို့အားလုံး၏ ပန်းတိုင်ကို မျက်ဝါးထင်ထင် မြင်တွေ့ရတော့မည်။ တိုက်ပဲတိုက်ဆိုင်လွန်းတာလား။ သူပဲ ကံဆိုးတာလားမသိ။ မျက်နှာချင်းဆိုင်လာကျသူက စောမောင်။ တော်ဝင်မျိုးနွယ်ရှူး။ ဒီအထဲတွင် အကြီးမားဆုံး ရည်ရွယ်ချက်ပိုင်ရှင်။

လက်ကို ခပ်တည်တည်ပိုက်ပြီး ဆရာကြီးပုံစံထိုင်နေသည်။ သူကတော့ ကျောမှီ၍သာ အချိန်တစ်ခုကို စောင့်နေလိုက်သည်။ ကျန်သူများက အချင်းချင်း စကားတီးတိုးဆိုနေကြပေမဲ့ တော်ဝင်ရှူးနှင့်တော့ စကားပြောဖို့ အဆင်မပြေနိုင်ပါ။ သူကောင်းသားကလည်း မြွေမြွေချင်း ခြေမြင်သလို ဂရုမစိုက်သည့်အလား ပြုံးထေ့ထေ့ အမူအရာကို ဆောင်ထားသည်။

သူတို့ရှေ့စားပွဲပေါ်မှာကား ပန်းကန်လွတ်တွေ တန်းစီချထား၏။ စားသောက်ဖွယ်ရာ တစ်စုံတစ်ရာရောက်ရှိမလာသေး။ မကြာခင်



www.burmeseclassic.com

www.burmeseclassic.com

မှာပဲ ခန်းမဆောင်တွင်းမှ နာရီများက ခြောက်နာရီတိတိကို ညွှန်ပြသွားသည်။ ထိုအခါမှာတော့ . . .

"ဂလောင် . . ."

ခေါင်းလောင်းသံတစ်ချက်နှင့်အတူ ညာဘက်ခြမ်းမှ တံခါးမကြီးတစ်ချပ် ပွင့်လာသည်။ အားလုံး၏ ဦးခေါင်းများ ထိုအရပ်သို့ လည်သွားစဉ် တွေ့လိုက်ရသည်ကား . . .

ခန့်ညားသောဝတ်စုံနှင့် အလယ်မှာ မတ်တတ်ရပ်နေသောလူကြီးတစ်ဦး၊ ဘေးမှာ သမိန်ဒူးဆိုသောလူကြီးနှင့် နောက်တစ်ဦးရှိနေသည်။ ကြည့်နေစဉ်မှာပဲ ခန့်ညားသောဝတ်စုံနှင့် လူကြီးမှာ တစ်လှမ်းချင်း လျှောက်လာသည်။ နောက်ဖက်မှာကား . . .

"ဟာ . . ."

အားလုံးပဲ သက်မောလိုက်ခါသွားပါတော့၏။

"လှထိပ်ခေါင်တင်"

မချိတင်ကဲဖြစ်သူတစ်ယောက်က နာမည်ကို ရေရွတ်သည်။ ဟုတ်ပါ၏။ လွဲမှားစရာမရှိသော မိန်းမပျိုတစ်ဦးပါ။ အဝါရောင် ဝတ်စုံကို ထက်အောက်ဆင်မြန်း၍ ပဝါပါးတစ်ထည်ပင် ခြုံလာသေးသည်။ မီးရောင်အောက်မှာ မြင်ခွင့်ရလိုက်သော အလှတစ်စုံတစ်ရာက အားလုံး၏ရင်ကို ဆွဲချည်ရစ်ယှိမ်းသွား၏။

ရှေ့တွင် အဖေကိုယ်တိုင် ပါလာသည်ကိုပင် သတိမထားမိတော့။

သက်သာစိတ်တွင်းမှ ချီးကျူးမိလိုက်သည်။ နာမည်ကြီးတာနှင့် ညီမျှပါပေသည်။ ဦးသတိုးမင်းကျော်က စားပွဲထိပ်ဆုံးခုံမှာ ဝင်ထိုင်ပြီး သူမကတော့ အဖေဖြစ်သူနှင့် မျက်နှာချင်းဆိုင် တစ်ဖက်စွန်းမှာ ဝင်ထိုင်သည်။ သူ့နေရာက အလယ်ရောက်နေသည်မို့ လှထိပ်ခေါင်တင်ကို အဝေးမှသာ အကဲခတ်ခွင့်ရ၏။



"တော်ပြီ . . . ကျွန်တော် သွားတော့မယ်"

ကျောခိုင်းလိုက်မိသည်။ မဖြစ်ပါချေ။ ညီအစ်မလေးယောက် ပဲနေသောအိမ်မှာ ဒီလိုပုံစံတွေနှင့်၊ နောက်ပြီး စဉ်းစားစရာတွေလည်း ရှိသေးသည်။ သူတို့အားလုံးအတွက် နေ့လယ်စာက ဘယ်လိုအဓိပ္ပာယ်တွေဖြင့် မြုပ်နှံပေးလိုက်တာပါနည်း။ ဒါဟာ လှည့်ကွက်တစ်ခုလား။ သို့မဟုတ် ထောင်ချောက်တစ်ခုလား။

နောက်ကျောမှာ မျက်လုံးတွေ ကပ်ပါလာတာကို သတိထားမိပေမဲ့၊ ဥပေက္ခာပြုနိုင်ခဲ့သည်။ စိုးမောင်ကိုလည်း စိတ်တွင်းမှ ကျိန်ဆဲမိ၏။

သူ စောင့်နေရတာနဲ့ပင် အချိန် အတော်ကုန်သွားခဲ့ပြီမဟုတ်ပါလား။ ဒါပေမဲ့ သတိချပ်စရာတစ်ခုတော့ တွေ့ခဲ့ရသည်။

"နေ့လယ်စာ၏ အဓိပ္ပာယ်က ဘာလဲ"

ဦးနှောက်ကို အလုပ်ပေးရင်း လျှောက်လာခဲ့ရာ ဆယ်မိနစ်လောက်ကြာတော့ ညာဘက်ခြမ်းဆီသို့ ကွေ့ဆင်းသွားသော လမ်းချိုးတစ်ခုကို တွေ့ရသည်။ မြေပုံကို ကြည့်လိုက်၏။ ဟုတ်ပါသည်။ ဆက်သွားပါက ပန်းတိုင်ကို တောက်လျှောက်ပြေးထားသော လမ်းမကြီးနှင့် ဆုံမည်။

ညာဘက်သို့ ချိုးပါက နောက်ထပ်လမ်းချိုးတစ်ခုကို ထပ်တွေ့မည်။ ပြီးတော့ အပေါ်ကို ထောင်တက်ထားသည့် လမ်းဆီရောက်မည်။ ဘယ်ချိုး၍ တက်သွားပါက ပန်းတိုင် (ခ) ကိုရောက်ပေပြီ။

မည်သည့်လမ်းကို ရွေးရမည်လဲ။ တည့်တည့်ဆက်သွားရမည်လား။ ညာကွေ့ရမည်လား။ ကြုံဖူးခဲ့သော သင်ခန်းစာအရ ယခု သူ လျှောက်လာသော လမ်းသည် စိတ်မချရ။ အရှေ့ဘက်ဆီမှာ ရေတွင်းတစ်တွင်းနှင့် နောက်ထပ် မိန်းကလေးတွေ ရှိမနေဘူးဟု မပြောနိုင်။ ယခု အကြိမ်ဆိုလျှင်တော့ ခက်ခဲသွားလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ . . . အားလုံးပဲ အခုလို တွေ့ရတာ ဝမ်းသာပါတယ်။ ကျုပ်ကတော့ ဒီမြနန်းဘုံသာ စံအိမ်ကြီးရဲ့ ပိုင်ရှင်သတိုးမင်းကျော်ပါ။ ဟိုဟာကတော့ ကျုပ်ရဲ့ တစ်ဦးတည်းသော သမီးလှထိပ်ခေါင်တင်ပါ"

မိတ်ဆက်မှုပြီးတော့ လှထိပ်ခေါင်တင်က ခပ်ယို့ယို့မတ်တတ်ရပ်ရင်း အားလုံးကို ခြုံငုံ၍ နှုတ်ဆက်ပြုံးပြသည်။

"အခုညစာကတော့ ဒုတိယနေ့ စစ်ဆေးမှုကို အခက်အခဲမရှိ အောင်မြင်လာသူ မောင်ရင်တို့အတွက် ဂုဏ်ပြုညစာပါပဲ။ အခုလို အရေအတွက်အများကြီး အောင်မြင်လာတဲ့အတွက်လည်း အလွန်ဝမ်းမြောက်ရပါတယ်။ ကျုပ်ကတော့ မြင်တဲ့အတိုင်း အိုနေပါပြီ။ အဲ့တော့ ကျုပ်နေရာကို ပခုံးပြောင်းတာဝန်ယူနိုင်မဲ့ သား၊ သမက်မျိုးကို အလွန်ပဲ မျှော်လင့်မိပါတယ်။

ရှေ့မှာ သုံးနှစ်ဆက်တိုက် ရှာဖွေခဲ့ပေမဲ့ ထိုက်တန်တဲ့လူမျိုး မတွေ့ရသေးပါဘူး။ ဒီနှစ်တော့ ကျုပ် အများကြီး မျှော်လင့်ပါတယ်။ အဲ့တော့ ဒီမှာရှိနေတဲ့ လူအားလုံးကို ကျုပ်ပြောချင်တာက ရှေ့လာမယ့် စစ်ဆေးမှုအဆင့်တွေမှာ အစွမ်းကုန် ယှဉ်ပြိုင်ကြပါ။ နောက်ဆုံးအဆင့်အထိ ယှဉ်ပြိုင်အနိုင်ရလာမဲ့ တစ်ယောက်ကိုတော့ ကျုပ်ရော၊ ဟောဒီ ကျုပ်သမီးကရော ဒီခြံထဲက အလုပ်သမား ဝန်ထမ်းများအားလုံးကပါ မျှော်လင့်စောင့်စားနေကြပါတယ်"

နားသည်ဆိုရုံမျှ စကားကို ခဏလေးနားလိုက်၏။ ပြီးတော့-

"ကဲ . . . အားလုံးပဲ ကျုပ်ရဲ့ ဂုဏ်ပြုညစာကို စိတ်တိုင်းကျ သုံးဆောင်နိုင်ပါပြီ"

လက်ခုပ်သံ တစ်ချက်ထွက်လာတော့ နောက်လူများက ဆက်တိုက်ဆိုသလို လက်ဝါးချင်းရိုက် အားပေးကြသည်။ ပြီးတော့ ဦးသတိုးမင်းကျော်မှပင် ညစာကို အရင်ဆုံး စားသည်။ ထို့နောက်မှာ အကုန်လုံးက ဆာလောင်မှုကို အရသာရှိလှစွာသော ဟင်းမျိုးစုံနှင့် ဖြေသိမ့်လိုက်ကြပါတော့၏။ လှထိပ်ခေါင်တင်ရှိနေ၍ ဣန္ဒြေထိန်းကြတာတောင် ဇွန်းသံ၊ ခက်ရင်းသံတွေ ဆူညံသွားသည်။

ထမင်းစား ဟန်မလုပ်တတ်သူမို့ လှထိပ်ခေါင်တင် ရှိနေပေမဲ့ သက်သာကတော့ လွေးပါသည်။ နှစ်သက်ရာ အစားအစာများကိုလည်း ရဲရဲတင်းတင်း စားသည်။ တချို့တလေလည်း ရှိ၏။ သူ့စိမ်းမိန်းကလေး ရှိနေလျှင် ထမင်းစားရတာ အသက်မပါသလိုမျိုး၊ မစားတတ်သလိုမျိုး၊ ရှက်တက်တက် ဟန်လုပ်စားနေသလိုမျိုး၊ ထမင်းစားတာတောင် ရုပ်ရှင်မင်းသားရှိုးအောင် အိုက်တင်ထုတ်စားနေသလိုမျိုး . . .

သက်သာကတော့ ရှင်း၏။ အသက်ရှင်ဖို့ ထမင်းစားတာဖြစ်သည့်အတွက် ထမင်းသည် အသက်ဓာတ်ဖြစ်သည်။ ထို့အတူပင် အသက်ရှင်ဖို့ လေရှူရ၏။ လေသည် အသက်ဓာတ်ဖြစ်သည်။ ထို့ကြောင့် ထမင်းစားရာတွင်လည်း လေရှူသလိုပင် ပုံမှန်လုပ်ဆောင်နေကျအတိုင်း လုပ်ဆောင်ရလိမ့်မည်။

ရှက်စရာမလို၊ မဝံ့မရဲဖြစ်စရာမလို၊ ဒါပေမဲ့ ရှေ့တည့်တည့်မှ ဗိုလ်ကြီးလိုက်ကတော့ တော်တော်ဒုက္ခရောက်နေသည့် အနေအထားရှိသည်။ ဇွန်း၊ ခက်ရင်းကိုသုံးကာ ထမင်းကို အကြောင်းမဲ့ နယ်နေသည်။ နယ်ပြီးသားထမင်းကို တစ်ဇွန်းခပ်သည်။ ထမင်းများ၍ ဇွန်းမောက်သွားသည့်အတွက် ပြန်ချ၏။

နောက်တစ်ဇွန်းထပ်ခပ်တော့ နည်းသွားပြန်သည်။ ထမင်းလုပ်လေး၊ ထို့ကြောင့် ပြန်ချကာ နောက်တစ်ဇွန်း ထပ်ခပ်သည်။ ဒီတစ်ကြိမ်အခွင့်လည်း ကျေနပ်ပုံမပေါ်၊ သို့သော်လည်း မကောင်းတော့သည်မို့ ပါးစပ်ထဲသို့ ခွင်းထည့်လိုက်ရသည်။ ဟန်ပျက်သွားမှာ စိုးသည်မို့ ကောင်းကောင်း ဝါးရဲ။ နောက်ပြီး ဘေးဘီကို တစ်ချက်ရှိုးရသေးသည်။

သူ့ကို ဘယ်သူတွေ ကြည့်နေလဲ၊ ဘယ်သူတွေ စိတ်ဝင်စားနေလဲ၊ သူ စားသောက်တာ အများအမြင်မှာ အဆင်ပြေပါ့မလား စသော



www.burmeseclassic.com

www.burmeseclassic.com

မေးခွန်းတွေနှင့်၊ ရှေ့မှ ဟင်းပွဲများကို ကြည့်ပြန်၏။ သူ့ပန်းကန်ထဲတွင် ဟင်းကုန်နေပြီ။ ဟင်းခပ်ထည့်ချင်နေပုံရသည်။ ဒါပေမဲ့ ခပ်ရမှာလည်း မဝံ့မရဲဖြစ်ကာ အကြည့်နှင့်သာ စားနေပါသည်။

သက်သာ စိတ်တွင်းမှ ရယ်လိုက်မိသည်။ တော်တော်ဆိုးသည့် ဘဝပါပဲ။ 'ဟက်'ခနဲတစ်ချက်ရယ်ရင်း ပန်းကန်တွင်းရှိနေသော ပုစွန်တုပ်ဆီပြန်ကို ခက်ရင်းဖြင့် ထိုးကာ ပါးချောင်မှာ ကပ်ဝါးပစ်လိုက်သည်။ အဆီနှင့်အသားက ပါးချောင်တစ်ခုလုံးကို စိမ့်ကျသွား၏။

ရှေ့မှပုဂ္ဂိုလ်ကတော့ ထမင်းချည်းသာ စာခြောက်ရုပ်ဝါးသလို ဝါးနေသည်။ သက်သာ တစ်ပန်းကန်ကုန်တော့ စားပွဲ၏ ညာဘက်ခြမ်းမှာ ရိပ်ခနဲ လှုပ်ရှားမှုတစ်ခုကို တွေ့ရ၏။ လှမ်းကြည့်တော့ လှထိပ်ခေါင်တင် မတ်တတ်ရပ်နေသည်။ သမီးဖြစ်သူကို ကြည့်ကာ ဦးသတိုးမင်းကျော်က ခေါင်းညိတ်ပြ၏။

လှထိပ်ခေါင်တင်က သူတို့အားလုံးကို ခြုံကြည့်ပြီး . . .

"စားသောက်ပြီးသွားလို့ ကျွန်မကို ခွင့်ပြုပါဦးရှင်"

ထို့နောက်တော့ အဖော်တစ်ဦးနှင့်အတူ ခန်းမဆောင်တွင်းမှ ထွက်ခွာသွားပါသည်။ ကြည်လင်အေးမြသော အသံလေးနှင့် ရိုးရှင်းသော နောက်ပိုင်းအလှတစ်ကွက်ကို ကြည့်ကာ သက်သာ ရီးသားမိလိုက်ပါသည်။

မရှေးမနှောင်းမှာပင် ဦးသတိုးမင်းကျော်လည်း သူ၏ညစာကို အဆုံးသတ်သည်။ ပြီးတော့ . . .

"ကျုပ်ကိုလည်း ခွင့်ပြုကြပါဦး။ မောင်ရင်တို့အတွက် နောက်ပိုင်းမှာ စိတ်ဝင်စားဖွယ် အစီအစဉ်လေးတွေ ရှိပါတယ်"

ထို့နောက် သမိန်ဒူးနှင့်အတူ အခန်းတွင်းမှ ထွက်သွားသည်။ သူတို့ကတော့ ညစာကို ဆက်လက်အဆုံးသတ်ကြပါသည်။ ဦးသတိုး



မင်းကျော်တို့ မရှိမှ ရှေ့ကပုဂ္ဂိုလ်မှာ အငမ်းမရစားတော့သည်။ သို့သော် သက်သွက်သော လူအချို့ကြောင့် ဟင်းပန်းကန်အတော်များများက ကုန်နေပြီဖြစ်၏။

စိတ်မကောင်းစွာနဲ့ဘဲ ရယ်သွမ်းသွေးဖြစ်ပါသည်။ အားလုံး ပြီးဆုံးတော့ . . .

"ဂလောင် . . ."

တတိယမြောက် ခေါင်းလောင်းသံထွက်လာတော့ ပိတ်ထားသော အတွင်းတံခါးချပ်များ ပြန်ပွင့်လာသည်။ ရည်ရွယ်တို့အုပ်စု ပြန်ထွက်လာပါသည်။ မချိုမချဉ် မျက်နှာပေးများဖြင့် စားသောက်ပြီးသော ပန်းကန်များကို သိမ်းဆည်းသည်။ ထို့နောက် သူတို့စားပွဲပေါ်သို့ ထပ်မံသယ်ဆောင်လာသည်ကား သစ်သီးပန်းကန်များနှင့် ဝိုင်အရက်များ။

ရည်ရွယ်က အနားရောက်လာပြီး . . .

"သောက်မယ်မလား"

စကားနှင့်အတူ ရှေ့မှခွက်တွင်းသို့ ဝိုင်အရက်များ လောင်းထည့်ပြင်တော့ . . .

"ဟာ . . . မလုပ်နဲ့၊ ကျွန်တော် မသောက်တတ်ဘူး"

ကောင်မလေး မျက်လုံးပြူးသွားသည်။ ပြီး . . . အံ့ဩသလို မျက်လုံးဝိုင်းလေးဖြင့် . . .

"တကယ် . . ."

သက်သာ ခေါင်းညိတ်ပြတော့ . . .

"ဝိုင်သောက်က မိန်းကလေးတွေတောင်သောက်တဲ့ဥစ္စာ ဘာဖြစ်လို့လဲ။ မပူပါနဲ့။ ဒီမှာ သောက်လို့ရပါတယ်။ သူတို့ကို ဧည့်ခံဖို့ပဲ စီစဉ်ထားတာ"

တစ်စုံတစ်ရာ အပြစ်ဖြစ်မည်စိုးသောကြောင့် မသောက်သည်ထင်၍ ရည်ရွယ်က ရှင်းပြသည်။



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ပါဘူး . . . ကျွန်တော် မသောက်တတ်လို့ပါ"

နှုတ်ခမ်းဖူးဖူးလေးကို တစ်ချက်ကိုက်ကာ . . .

"ဒါဆို ဘာသောက်မလဲ"

"လိမ္မော်ရည်တစ်ခွက်လောက် ရမလား"

"ရတာပေါ့"

အတွင်း ပြန်ဝင်သွားပါ၏။ ဘဝတူ သူငယ်ချင်းများကို လှေ့လာတော့ တချို့လည်း ငြင်းဆန်နေသည်။ကြိုက်တတ်သူများကတော့ နှစ်ခွက်လောက် သောက်ပြီးနေပြီ။ တချို့လည်း သူများတွေကို ကြည့်ကာ သောက်ရကောင်းနိုး မသောက်ရကောင်းနိုး ဖြစ်နေကြသည်။

ရှေ့မှပုဂ္ဂိုလ်၏ ဖန်ခွက်တွင်းမှာလည်း ဝိုင်အချို့ ရောက်နေပြီး ဒါပေမဲ့ သက်သာမသောက်သည်မို့ သူ့မှာ သောက်ရခက်၊ မသောက် ရခက် ဖြစ်နေ၏။ ထူးခြားတာတစ်ခုလည်း ရှိပါသေးသည်။ အဲဒါက သူတို့ဆယ့်လေးယောက်အတွက် ဝေယျာဝစ္စမိန်းကလေးများမှာလည်း ဆယ့်လေးယောက်တိတိ ရှိနေပါသည်။

တမင်တကာ လူရွေးထည့်ပေးထားကြောင်း သိသာလှသည်။ ပြီးတော့ အားလုံးက အပြိုင်းအရိုင်းလှနေသူများပင်။ လူကြီးတစ်ဦးမှ မရှိတော့သည်အတွက် ပိုမိုလွတ်လပ်နေသယောင်၊ နောက်ပြီး ပုံစံတွေ ကြည့်ရတာ ယခုမှ အစိမ်းသက်သက် တွေ့ဆုံရသူများမဟုတ်။ သူနှင့် ရည်ရွယ်လိုပင် ရိုးသားသော ဇာတ်လမ်းလေးတွေ ရှိလောက်ပါသည်။

အကြောင်းကား သူတို့ ဆယ့်လေးယောက်လုံးပင် သူမတို့ ဆယ့် လေးယောက်၏ တည်ခင်းသော နေ့လယ်စာကို စားဖူးကောင်းစားဖူး ကြလိမ့်မည် မဟုတ်ပါလား။

တအောင့်ကြာတော့ လိမ္မော်ရည်တစ်ခွက်ကိုင်ပြီး ရည်ရွယ် ပြန် ရောက်လာ၏။ စားပွဲပေါ်တင်ပေးတော့ ကျေးဇူးတင်ကြောင်း ပြုံးပြပြီး တစ်ငုံ မော့သောက်လိုက်သည်။



"အဆင်ပြေရဲ့လား"

ခေါင်းညိတ်ပြတော့ . . .

"အသီးတွေလည်း စားလေ"

"အင်း . . ."

မကြာသော အချိန်တွင်းမှာပဲ သူ့တို့ ဆယ့်လေးယောက်လုံး မှာ တစ်ယောက်တစ်တွဲစီ အဆင်ပြေကြလေပြီ။ ငှဲ့ပေးသူက ငှဲ့ပေး၊ သောက်သူကသောက်နှင့် ခွက်ရေများလာတော့ မျက်လုံးတွေက ရီဝေ၊ ရီဝေ။

ညမှောင်မှောင် မီးရောင်အောက်မှာ လိုက်ဖိုကြီးငယ် အသွယ် သွယ်နှင့်၊ စွဲမက်ဖွယ်အတိပြီးသော မိန်းကလေးတွေနှင့်။ သူမတို့ဘက် ကလည်း သာမန်ထက်ပိုချင်သော ရင်းနှီးမှုအမူအရာတွေ ပြလာသည်။

သက်သာစိတ်တွင်းမှာ ထိတ်ခနဲ တစ်ချက်ဖြစ်သွား၏။ လှေ့ လာကြည့်တော့ တစ်ဝက်လောက်က အေးဆေးစွာ ရှိနေသည်။ လှထိပ် ခေါင်တင်အတွက် ပြိုင်ပွဲဝင်နေတာမို့ ကျန်သောကိစ္စတွေ ခေါင်းထဲမှာ ရှိသလိုမျိုး ဘယ်လောက်လှလှ စိတ်မဝင်စား။ တချို့တွေကတော့ . .

သူတို့ကိုယ်သူတို့တော့ သိချင်မှ သိလိမ့်မည်။ ဒါပေမဲ့ . . . ခိုးခဲ့မှာပဲ နှစ်တွဲမှာ ခန်းမဆောင်အတွင်းမှ အပြင်ထွက်သွားသည်။ သက်သာ တအံ့တသြဖြစ်သွားကာ . . .

"သူတို့ ဘယ်သွားကြတာလဲ"

ရည်ရွယ်က မထူးဆန်းသလို ပြုံးရင်း . . .

"ခြံထဲဆင်း လမ်းလျှောက်ကြတာပါ"

ပြီးတော့ သူ့ကိုလည်း ညို့ယူနိုင်စွမ်းသလို ကြည့်၍ . . .

"ရည်ရွယ်တို့လည်း လမ်းထွက်လျှောက်ရအောင်လေ။ စကား လည်း ပြောရင်းပေါ့။ ဒီမှာလူတွေ တအားများတယ်"



www.burmeseclassic.com

www.burmeseclassic.com

လူများတာတော့ သေချာ၏။ ပြီးတော့ စိတ်လည်း ညစ်ထွေးထွေးဖြစ်နေသည်။ အဓိကက တော်ဝင်မျိုးနွယ်ရှုးနှင့် မျက်နှာချင်းဆိုင်ထိုင်နေရခြင်းပင်။ ပုံစံက မသတီချင်စရာ၊ ကိုယ့်ကိုယ်ကိုယ်လည်း သနားမိသည်မို့ ရည်ရွယ်အလို လိုက်လျောဖို့ ဆုံးဖြတ်လိုက်သည်။

"သွားလေ"

ထိုရာမှထတော့ သူ့ကောင်းသားက အထင်သေးသလို 'ဟက်' ခနဲ ရယ်သည်။ သဘောကတော့ စိတ်ဓာတ်ထိန်းချုပ်မှု လျော့နည်းသူတစ်ယောက်လို့ သူ့ကို ခနဲ့လိုက်ခြင်းပါ။ သူလည်း ပြန်ရယ်ဖြစ်ခဲ့ပါသည်။

ဒီလိုလူမျိုးကို အစကတည်းက အထင်ကြီးမထားသည်ပဲ။



## XII

ပြင်ပကမ္ဘာက အတွင်းနှင့် လုံးဝမဆိုင်ဘဲ လွတ်လပ်ပေါ့ပါးကာနေသည်။ အစီအရီ စိုက်ပျိုးထားသော ပန်းခင်းများအလယ်မှာ သစ်ပင်ခိုင်းပုပုလေးများက ဟိုတစ်ပင်၊ ဒီတစ်ပင် ရှိနေ၏။ ခပ်လှမ်းလှမ်း ထိုင်ခုံတန်းလေးတွေပေါ်မှာ ခုနထွက်သွားသော နှစ်ယောက်တွဲကို တွေ့ရသည်။

အေးအေးသက်သာပင် စကားပြောဆိုနေကြခြင်းဖြစ်သည်။

"ပန်းခြံလေးပဲ"

"ဟုတ်တယ်လေ . . . ခန်းမဆောင်နဲ့တွဲလျက် ပန်းခြံလေး"

"လမ်းလျှောက်လို့တော့ ရပါတယ်နော်"

ရွံ့တွန့်တွန့်သူ့အမေးကို . . .

"ရလို့ပဲ လျှောက်နေပြီ"

"မဟုတ်ပါဘူး . . . ကိုယ်တို့မသွားရတဲ့ တားမြစ်နေရာဖြစ်နေမှာစိုးလို့ပါ။ စရောက်တဲ့ညက ဦးသမိန်ဒူးက တားမြစ်နေရာတွေရှိတယ် ပြောထားလို့"

"ဩော် . . . ဒီပန်းခြံ မပါပါဘူး။ ဒါက ထမင်းစားပြီး အညောင်းခြေ၊ အညာပြေ လမ်းလျှောက်လို့ရအောင် လုပ်ထားတဲ့ ပန်းခြံလေ"



www.burmeseclassic.com

www.burmeseclassic.com

သူတို့ကိုမြင်တော့ ထိုင်နေသူ နှစ်တွဲအနက် တစ်တွဲက လက်လှမ်းပြသည်။ သက်သာ လက်ပြန်ပြရင်း နှစ်လိုစွာ ပြုံးမိ၏။ အထဲတွင် ကျန်ခဲ့သူများကတော့ သူတို့ကို စိတ်ထဲမှ ရှုံ့ချနေပါလိမ့်မည်။ သို့သော်လည်း ကျေနပ်ပါသည်။

ပြင်ပကမ္ဘာက ရိုးသားစွာလွတ်လပ်၍နေသည် မဟုတ်ပါလား။ သစ်ပင်မြင့်ကြီးတစ်ပင်ထက် ကိုင်းဖျားဆီတွင် လခြမ်းလေးက ဖြူဝင်းလက်ဖြာနေပါ၏။ ညလေအေးက သူတို့နှစ်ဦးရဲ့ခန္ဓာကိုယ်ပေါ် တိုးဝှေ့လို့နေသည်။ ပန်းပင်လေးတွေ ယိမ်းနွဲ့ကာ ဘာမှန်းမသိသော မွှေးရနံ့တစ်ခုကို ရှူရှိုက်ရသည်။

ညမွှေးပန်းရနံ့ထင်၏။ သို့မဟုတ် လရောင်နှင့် လန်းဖွင့်သော ပန်းရနံ့လည်း ဖြစ်နိုင်ပါသည်။ ဘာပဲဖြစ်ဖြစ် ဒီညလေးကို သူ နှစ်သက်မိသည်။ တစ်စွန်းတစ်စ လရောင်အား ရည်ရွယ်က သူမပါးပြင်နုနုနှင့် ခံယူရင်း . . .

"တော်သေးတာပေါ့။ ရည်ရွယ်က သူ ဒီနေ့ အိမ်ပြန်ရပြီ အောက်မေ့နေတာ။ ဘယ်လို စိတ်ကူးပေါက်ပြီး နောက်ပြန်လှည့်လာတာလဲ"

သက်သာ ပြုံးမိသည်။ ထွက်သွားပြီးမှ မြင်းခြံကို ပြန်ရောက်လာခြင်းကို ပြောနေတာပါ။

"မင်းအိမ်က ထွက်ကတည်းက ဘုတ်ပြားကိုကြည့်ပြီး တစ်ခုခုပဲလို့တော့ ထင်မိသား။ ဒါပေမဲ့ ချက်ချင်း မဖော်နိုင်တာနဲ့ ထွက်သွားလိုက်တာ။ လမ်းလျှောက်ရင်း စဉ်းစားသွားတာ အစတစ်ခု ဆွဲမိတာနဲ့ ပြန်လှည့်ပြေးလာတာဆိုပါတော့"

"အဟင်း . . . ဘယ်လိုရသွားတာလဲ"

"တကယ်တော့ ဒီလို စကားဝှက်တွေက အစစကားလုံးတစ်လုံးပဲကွ။ အဲဒီတစ်လုံးရရင် နောက်ဟာတွေ အလိုလို ပေါ်သွားတာ။ ဒါပေမဲ့



သူ့ဟာနဲ့သူတော့ စည်းကမ်းလေးတွေရှိတာပေါ့။ ဒီစကားဝှက်မှာဆိုရင် ဝါကျတစ်ကြောင်းကို စာလုံးတစ်လုံးချင်းဆီနဲ့ ရှေ့နောက် နေရာလွဲပြီး ထုပ်ထားတာ။ အဖြေထုတ်တဲ့နေရာမှာ ဗျည်းတစ်လုံးကို တစ်ကြိမ်ပဲ အသုံးပြုရတယ်။ ထက်အောက်ဘယ်ညာရွှေ့လို့ရတယ်။ ထောင့်တန်းရွှေ့ခွင့်မရှိဘူး။ ဒီဝှက်စာအတွက်ပေါ့။ တချို့စာတွေကျတော့လည်း ထောင့်တန်းရွှေ့ရတာတွေ ရှိတယ်။ စကားလုံးကျော်ပြီး စဉ်းစားရတာတွေ ရှိတယ်"

"ရှင် ဘယ်လို အဖြေထွက်တာလဲ"

"ပထမတန်းရဲ့ ဒုတိယစာလုံးက စပြီး ယူလိုက်တာလေ။ ဘယ်ဘက်က တစ်လုံးချင်းထက်အောက် ဘယ်ညာသွားလိုက်တာ ဝါကျတစ်ကြောင်းထွက်လာတယ်။ A HORSE, A HORSE, YOU MUST RIDE A HORSE တဲ့"

"အင်း . . ."

"မြင်းတစ်ကောင်ကို မဖြစ်မနေ စီးရမယ်ဆိုလို့ ခေါင်းထဲဝင်စီးလိုက်တာ။ အထဲမှာတောင် နောက်တစ်ခု ထပ်လုပ်ထားသေးတယ်။ မြင်းရိုင်းနဲ့ မြင်းယဉ် ရောပြီး ပေးထားတာ။ ကိုယ့်ကတော့ ကိုယ်နဲ့သင့်တော်မယ်ထင်ရတဲ့ အကောင်သေးတာကို ရွေးပြီး စီးလိုက်တာပေါ့။ ခါချတာ ကံကောင်းလို့ မသေတယ်။ နောက် ကိုယ်ဘယ်လိုမှ မျှော်လင့်ထားတဲ့ အားကောင်းမောင်းသန် မြင်းနက်ကြီးက တက်စီးလို့ရတဲ့ မြင်းဆိုဖြစ်နေတယ်"

ရည်ရွယ်က နှုတ်ခမ်းကို အုတ်ကာ ရယ်သည်။ ပြီးတော့ အရှေ့ဆီမှ ခုံတန်းလျားလေးကို ညွှန်ပြရင်း . . .

"ရည်ရွယ်တို့ ထိုင်ရအောင်"

သူတို့ဝင်ထိုင်တော့ မျက်နှာချင်းဆိုင်လမင်းမှာ ကျောဘက်ရောက်သွားသည်။ လရောင်ကြောင့် သူတို့နှစ်ဦး၏ အရိပ်များက ရှေ့မြက်ခင်းပေါ် ထိုးကျနေ၏။



www.burmeseclassic.com

www.burmeseclassic.com

"တော်သေးတာပေါ့ . . . အောင်သွားခဲ့လို့။ မဟုတ်ရင် လှထိပ်ခေါင်တင်ကိုတောင် မြင်လိုက်ရမှာ မဟုတ်ဘူး"

ရည်ရွှယ်က သူ့မျက်နှာကို မော့ကြည့်ကာ . . .

"သူက အစ်မထိပ်ခေါင်ကို တကယ်နှစ်သက်လို့လား"

"ဘာဖြစ်လို့လဲ"

မေးခွန်းက အူကြောင်ကြောင်နိုင်သည်မို့ သက်သာ ပြန်မေးလိုက်သည်။

"မဟုတ်ပါဘူး။ ဒီကိုရောက်လာတဲ့ လူတော်တော်များများက အစ်မထိပ်ခေါင်ကို နှစ်သက်လို့ဆိုတာထက် အစ်မတို့ရဲ့ ကြွယ်ဝချမ်းသာမှုတွေ၊ ဂုဏ်ရှိန်ဂုဏ်ဝါတွေကို တပ်မက်လို့ ရောက်လာကြတာ များတယ်လေ"

"ငါ့ရုပ်က အဲ့ဒီရုပ် ထွက်နေလို့လား"

"အဲလိုမဟုတ်ပါဘူး။ ဒီလိုပဲ မေးကြည့်တာပါ"

သက်သာ ပြုံးလိုက်သည်။ ပြီးတော့ ခေါင်းကို ခပ်လေးလေးယမ်းရင်း . . .

"ငါကတော့ အချစ်မပါတဲ့ အိမ်ထောင်ရေးကို အယုံအကြည်မရှိဘူး"

"ဒါဆို တကယ် နှစ်သက်လို့ပေါ့"

သူ ပြန်မဖြေမိ။ ငြိမ်နေတော့ ရည်ရွှယ်မှပင် စကားစသည်။

"ဒါဆို ရည်ရွှယ်တစ်ခု မေးကြည့်မယ်နော်။ သူ စိတ်မဆိုးနဲ့"

"အင်း . . ."

"အစ်မ ထိပ်ခေါင်တင်ကို အရင်က မမြင်ဖူးဘဲ အခုမှ မြင်ဖူးတာမလား"

"ဟုတ်တယ်လေ"

"ဒါဆို အစ်မထိပ်ခေါင်တင်အကြောင်း သူ ဘယ်လောက်သိလဲ"



"လိုလို့လား"

မျက်မှောင်ကြုတ်ရင်း မေးလိုက်သည်။ ရည်ရွှယ်က 'ဟက်'ခနဲရယ်ကာ . . .

"လိုတာပေါ့ . . . တစ်ဘဝလုံး ပေါင်းဖက်ဖို့ ရည်ရွယ်ထားရင် တစ်ယောက်အကြောင်းတစ်ယောက် အစအဆုံးသိထားဖို့ အရမ်းလိုတာပေါ့"

"ငါကတော့ အဲလောက်လိုမယ် မထင်ဘူး"

ရည်ရွှယ်က နှုတ်ခမ်းကို မဲ့သည်။

"ဒါဆို မေးပါဦးမယ်။ အစ်မ ထိပ်ခေါင်ဆီမှာ အပြင်လူတွေ ဘယ်သူမှ မသိနိုင်တဲ့ ရောဂါတစ်ခုရှိနေတယ်ဆိုရင် သူ လက်ခံနိုင်မှာလား"

"ဟင် . . ."

ထင်မှတ်မထားသော စကားကြောင့် သက်သာ ကြောင်သွားတာ . . .

"ဘယ်လိုရောဂါမျိုးလဲ"

"ဒါ ရည်ရွှယ်တို့ပြောပိုင်ခွင့် မရှိဘူးလေ။ ရည်ရွှယ်မေးတာ သူ လက်ခံနိုင်လားပဲ မေးတာ။ ဥပမာ ကုသလို့မရတဲ့ ရောဂါမျိုးပေါ့"

သက်သာ တွေဝေသွားရပြီ။

"သူ မဖြေနိုင်တော့ဘူးမလား။ ထားလိုက်ပါတော့ အပြင်ပန်းက မမြင်နိုင်တဲ့ ကိုယ်အင်္ဂါချို့ယွင်းမှုတစ်ခုခု ရှိနေတယ် ဆိုရင်ရော"

ဒါလည်း မဖြေနိုင်ခဲ့။

"ကဲ . . . အဲဒါဆို ဒီနှစ်ခုလုံး ထားလိုက်ဦး။ အစ်မထိပ်ခေါင်ဆီမှာ သူတို့ယောကျာ်းလေးတွေ ဘယ်လိုမှ လက်မခံနိုင်တဲ့ နောက်ပိုင်းဇာတ်လမ်းလေးတွေ ရှိနေတယ်ဆိုရင်ရော"

ပိုဆိုးသွားလေပြီ။ တိတ်ဆိတ်သွားသော သူ့ကိုကြည့်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလဲ . . . တစ်ယောက်အကြောင်းတစ်ယောက် သိဖို့ တကယ်ပဲ မလိုဘူးလား"

ဆွဲ့အမြဲ။

"တကယ်တော့ မမြင်ရတဲ့ အရာအားလုံးဟာ မျက်စိရှေ့မှာ ရှိနေတဲ့အရာလောက် ဘယ်လိုမှ ယုံကြည်စိတ်ချလို့ မရဘူး"

ရင်တစ်ချက် 'ဒိန်း'ခနဲ ဆောင့်ခုန်သည်။ ရည်ရွယ်ကို ငဲ့ကြည့်တော့ အဓိပ္ပာယ်တစ်မျိုးနဲ့ သူ့ကို မော့ကြည့်နေ၏။

ဒါပေမဲ့ သူ သွေးအေးနိုင်ခဲ့သည်။

"ငါ သွားအိပ်တော့မယ်"



# XIII

မနက်လင်းပြီးချိန်မှာ ခေါင်းစဉ်တစ်ခုနှင့် ရင်ဆိုင်ရသည်။

## အနုပညာစမ်းသပ်မှု

အခန်းတစ်ခုရှေ့တွင် သူတို့ဆယ့်လေးယောက် တန်းစီထိုင်နေရပါသည်။ အခန်း၏ ဝင်ပေါက်အပေါ်ဘက်တွင် အထက်ပါစကားခုနစ်လုံးကို ရေးထား၏။ ဘယ်လို စမ်းသပ်မှာပါလိမ့်။ အနီးဝန်းကျင်မှာ အစောင့်နှစ်ဦး မတ်တတ်ရပ်နေသည်။ အခန်းကို တံခါးပိတ်ထားပြီး မစတင်ရသေးသော ကစားပွဲတစ်ခုက သူတို့ကို ခြောက်လှန့်နေသယောင်။

ခဏကြာတော့ ပိတ်ထားသော တံခါးနှစ်ချပ် ပွင့်လာသည်။ လူတစ်ဦးထွက်လာပြီး နံပါတ်စဉ်အလိုက် ရှေ့ဆုံးမှာထိုင်နေသူကို အတွင်းခေါ်သွား၏။ ပြီးတော့ တံခါးပြန်ပိတ်သွားသည်။ ဘာတွေ ထူးခြားထာမလဲ။ သူတို့မှာ ရင်တထိတ်ထိတ်။ ဒါပေမဲ့ ဘာမှ ထူးခြားမလာခဲ့ပါ။

www.burmeseclassic.com

ငါးမိနစ်လောက်ကြာတော့ ဝင်သွားသူ ပြန်ထွက်လာသည်။ ဒီတော့မှ ထူးခြားတော့သည်။ ပုံစံက လုံးဝ ပျက်ယွင်းလျက်ရှိနေပါ၏။ ခေါင်းကို တဗျင်းဗျင်းကုတ်ကာ မျက်နှာမကောင်း။ စိတ်ပျက်ဟန်တွေ အထင်းသားပေါ်လွင်ကာ အစောင့်နှစ်ဦးညွှန်ပြသော လမ်းအတိုင်း ထွက်သွားသည်။

ဒုတိယတစ်ယောက်ကို ခေါ်သွားပြန်၏။ ဘာတွေ စစ်ဆေးလိုက်လို့ ဤမျှ စိတ်ပျက်လက်ပျက်ဖြစ်သွားတာလဲ အတွေးမဆုံးသေးခင် အခန်းတွင်းမှ ထူးခြားသော အသံတစ်ခုကို ကြားလိုက်ရသည်။

"ဟာ . . ."

သူ့ပင်မဟုတ်။ ထိုင်နေသူတွေအားလုံး ကြောင်သွားရ၏။ ကြားရသော အသံမှာက ဂီတာသံ၊ ဂီတာသံကိုမှ ကျွမ်းကျင်ပိုင်နိုင်စွာ တီးခတ်တတ်သော လက်သံမျိုး။ ဂီတာသံနှင့်အတူ သီချင်းဆိုသံတစ်ခုပါ တွဲထွက်လာသည်။ ကြားဖူးနေကျ သီချင်းတစ်ပုဒ်ဖြစ်ပေမဲ့၊ ဂီတာလက်သံနှင့် နားထောင်လို့ ကောင်းလှသည်။

မှားယွင်းစရာ မရှိ။ ဒါဟာ ဒုတိယမြောက်ပုဂ္ဂိုလ်ရဲ့ အသံပါ။ သီချင်းဆိုနေတာ ထောက်တော့ . . .

သီချင်းဆုံးတော့ တံခါးနှစ်ချပ် ပွင့်လာသည်။ ထွက်လာသော ပုံစံက ပထမတစ်ယောက်နှင့် လုံးဝကို ကွဲလွဲထွက်နေ၏။ ပျော်ရွှင်တက်ကြွကာ သူတို့ကိုပင် လက်မထောင်ပြသွားသေးသည်။ ထို့နောက်မှာ တတိယတစ်ယောက်အလှည့်ကို ကျရောက်လာ၏။

သူကျတော့ ပိုလို့ပင် ထူးဆန်းသွားတော့သည်။ ထွက်ပေါ်လာသော အသံမှာကား ခေတ်ပေါ်သီချင်းတစ်ပုဒ်၏ ပြင်းထန်ပေါက်ကွဲသံ။ စတိတ်ရှိုးပွဲများ၊ လူငယ်တို့ ပျော်ပွဲရွှင်ပွဲများတွင် စိတ်လွတ်ကိုယ်လွတ် ခုန်ပေါက်မြူးတူးကြသော သီချင်းသံစဉ်မျိုး။ အထဲမှ ကက်ဆက်သံက အပြင်သို့ပင် ကျယ်လောင်စွာ ထွက်ပေါ်လာပါသည်။



အပြင်တွင် ထိုင်နေသူများ တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်။ ဘာတွေနည်း၊ ပထမတစ်ယောက်က ခေါင်းခါထွက်သွားသည်။ ဒုတိယတစ်ယောက်က ဂီတာတီး သီချင်းဆို၏။ အခုက . . .

အနောက်တိုင်း music ဆန်သည်မို့ သီချင်းက အနည်းငယ် ရှည်လျားသည့် သီချင်းဆုံး၍ ပြန်ထွက်လာတော့ . . .

"ဟာ . . ."

နဖူးနှင့် မျက်နှာပြင်မှာ ချွေးသီးတွေ တွဲနေသည်။ ပင်ပန်းနွမ်းနယ်လာဟန်အတိုင်းသားပေါ်ကာ အသက်ကို အမောတကောရှူနေ၏။ ထိုင်နေသူများက သူ့ကို အထူးအဆန်း ဝိုင်းကြည့်ကြပေမဲ့ သူကတော့ ဘယ်သူ့ကိုမှပင် ဂရုမစိုက်နိုင်ပါ။ အစောင့်များညွှန်ရာလမ်းကို ဒယိမ်းဒယိုင် ထွက်သွားသည်။ ကျောပြင်မှာကား မိုးရေစိုထားသလို ချွေးများ ရွှဲလို့။

လေးယောက်မြောက်ပုဂ္ဂိုလ်ကတော့ တစ်မှုထူးသည်။ ဘာသံမှ မကြားရ။ ငါးမိနစ်သာသာလောက်အထဲတွင် တိတ်ဆိတ်နေပြီး ပြန်ထွက်လာသည်။ သူ့မျက်နှာကြည့်ရတာ မရယ်မပြုံး၊ မတုန်မလှုပ် ကျောက်ရုပ်လို မျက်နှာသေနဲ့။

နောက်တစ်ယောက်ကတော့ သက်သာ စိတ်အဝင်စားဆုံး ပုဂ္ဂိုလ်ပါပင်။ အခြားသူမဟုတ်။ စောမောင် (သို့) တော်ဝင်ရှူး၊ သူကောင်းသားက အခန်းထဲမဝင်ခင် သူ့ကို တစ်ချက်လှမ်းကြည့်သွားသေး၏။ တံခါးပိတ်သွားပြီးစဉ်မှာ ဘာတွေထူးခြားလာမလဲ သက်သာ နားစွင့်တော့ . . .

ထူးခြားပါသည်။ ကက်ဆက်မှ ထွက်ပေါ်လာသော သီချင်းသံက လုံးဝ ထင်မှတ်မထား။ မြို့မငြိမ်း၏ 'မန်းတောင်ရိပ်ခို'။

ဂန္ထဝင်သီချင်း၊ ဘယ်အချိန် နားထောင်နားထောင် မရိုးသော သီချင်း။ မြို့မငြိမ်း၏ အနုပညာစွမ်းအားတွေ သည်းသည်းလှုပ် ပါဝင်



www.burmeseclassic.com

www.burmeseclassic.com

နေသော သီချင်း။ မြန်မာနိုင်ငံသားတိုင်းရသော သီချင်းနှစ်ပုဒ်အနက် ဒုတိယမြောက်သီချင်း။

ထိုသီချင်းက အားလုံး၏အာရုံကို ဆွဲသိမ်းခေါ်ငင်သွားပါသည်။ သက်သာနှုတ်မှ တိုးတိုးလိုက်ဆိုဖြစ်၏။ ဘယ်လိုပဲဖြစ်ဖြစ်။ မြို့မငြိမ်း၏ အနုပညာကိုတော့ အသိအမှတ်ပြု ခိုလှုံရပေမည်။ တော်ဝင်မျိုးနွယ်တည်ထောင်လိုသူ ဘဝင်ရူး၊ အာဏာရူးက ဒါမျိုးတွေလည်း ရှိသားပဲဟု အနည်းငယ်တော့ အသိအမှတ်ပြုမိသည်။

သီချင်းဖွင့်ပြီး ဘာလုပ်နေသည်မသိ။ သီချင်းဆုံးပြီး တအောင့်ကြာတော့ ကျေနပ်အားရသော မျက်နှာထားနဲ့ စောမောင် ပြန်ထွက်လာသည်။ ပြီးတော့ သူတို့ ထိုင်နေသူများရှိရာသို့ ဝင့်ကြွားကြွားလှမ်းကြည့်ပြီး မိန့်ခွန်းပြောဖို့ထွက်လာသော သဘာပတိလို လက်ထောင်ပြသွားပါသည်။

ဒီလိုနှင့် အချိန်တစ်ခု ကြာပြီးသွားစဉ်မှာတော့ . . .

သူ့အလှည့်သည် ရောက်လို့လာပါတော့သည်။ သက်သာ ဝင်သွားတော့ အထဲရောက်ရောက်ချင်း တွေ့လိုက်ရသည်ကား ဦးသမိန်ဒွေးနှင့် မျက်နှာစိမ်းတစ်ဦး။ ပြီးတော့ အခန်းပတ်ပတ်လည်တွင် တွေ့ရသော ပစ္စည်းများက သူ့ကို ကြောင်ငေးသွားစေ၏။

ကြည့်ပါဦး။

ခေတ်ပေါ်တီးဝိုင်းတစ်ခုတွင် ရှိထိုက်သော ဂီတပစ္စည်းများ အစုံအလင် ရှိနေသည်။ ဒါပင်မဟုတ် မြန်မာတူရိယာအဖြစ် ပတ္တလား၊ စောင်း၊ နဲ၊ ဗုံတို၊ ဗုံရှည်အပါအဝင် မြန်မာဆိုင်းဝိုင်းကြီးပါ ရှိထားသည်။ အခန်းကျယ်ကြီးအတွင်းမှ မြင်ရသော ပစ္စည်းများကို ကြည့်ပြီး သက်သာ ကြောင်ငေးသွားခိုက် . . .

ဦးသမိန်ဒွေးက တစ်နေရာကို လက်ညှိုးထိုးပြ၏။ သက်သာ လှမ်းကြည့်တော့ နံရံတွင် ကွင်းခတ်၍ စာကြောင်းအချို့ ရေးထားသည်။



အနုပညာသည် လောကကြီးကို ပြောင်းလဲပေးနိုင်သော အင်အားအကြီးဆုံး လက်နက်တစ်မျိုးဖြစ်၏။ သူသာမရှိပါက လူသားအားလုံး၏ စိတ်သည် ကျောက်သားကျောက်ဆောင်တွေလို မာကျောခက်ထန်နေလိမ့်မည်။ ပျော့ပျောင်းမှုမရှိ၊ ခံစားသက်ဝင်မှုမရှိဘဲ လိုက်လျောညီထွေခြင်းမဲ့စွာ တစ်ဦးနှင့်တစ်ဦး ရိုင်းစိုင်းသတ်ဖြတ်နေကြပေလိမ့်မည်။

ထို့ကြောင့်စိတ်ကို ပြောင်းလဲပေးနိုင်သော အနုပညာအား သင် ခံစားတတ်ဖို့လိုပေသည်။

နောက်ထပ် နံရံတစ်ခုအား လက်ညှိုးထိုးပြပြန်ပါ၏။ ဖတ်ကြည့်လိုက်တော့ . . .

လူထိပ်ခေါင်တင်သည် အနုပညာကို ခံမင်စွာ ခံစားတတ်၏။ ထို့ကြောင့် သင်သည် အနုပညာတစ်မျိုးမျိုးကို ဖန်တီးနိုင်စွမ်းရှိဖို့ လိုပေသည်။ သို့မှသာ သင်တို့၏ အိမ်ထောင်ရေးသည် ဖိအားကင်းသော၊ စိတ်ထွက်ပေါက်ရှိသော ပျော်ရွှင်ဖွယ် အိမ်ထောင်ရေးတစ်ခု ဖြစ်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

သက်သာ သဘောပေါက်သွားချေပြီ။ အနုပညာစမ်းသပ်မှု၏ ရည်ရွယ်ချက်ကိုလည်း နားလည်သွားခဲ့ပြီ။ ဟုတ်ပါသည်။ အနုပညာ ခံစားတတ်သော စိတ်သည် ထွက်ပေါက်တစ်ခုဖြစ်၏။ စိတ်ညစ်ညူးသည့်အခါစိတ်လက်မကြည်လင်ဖိအားများကို ရင်ဆိုင်နေရသည့်အခါ အနုပညာတစ်မျိုးမျိုးကို ခံစားကြည့်လိုက်ပါ။

ခံစားမှု အတိမ်အနက်အလိုက် စိတ်တွေ ပျော့ပျောင်းညင်သာလာလိမ့်မည်။ ယူတတ်ပါက သင်လက်ရှိ ကြုံတွေ့ရင်ဆိုင်နေရသော အခက်အခဲအတွက် ကျော်ဖြတ်ဖြေရှင်းနိုင်မည့် စိတ်စွမ်းအားများ ရလိမ့်မည်။

"ကဲ . . . မင်း ဘာကိုရွေးမလဲ။ တူရိယာပစ္စည်းတစ်မျိုးမျိုးကို တီးခတ်ပြမလား၊ သီချင်းဆိုပြမလား၊ ကကြိုးဆက်ဖွင့်ကပြမလား၊ ဒါမှ မဟုတ် စာပေအနုပညာကို ဝါသနာပါတယ်ဆိုလည်း ဒီမှာ စာရွက်နဲ့ ဖောင်တိန်ရှိတယ်။ မင်းစိတ်ထဲရှိတာ ချရေး၊ ကဗျာပဲဖြစ်ဖြစ်ပေါ့"

စကားကို ရပ်ပြီး ဦးသမိန်ဒူးက တစ်ချက်ပြုံးပါသည်။

"က,ပြဖျော်ဖြေချင်တယ်ဆိုရင်တော့ ဟိုမှာ သီချင်းခွေတွေရှိတယ်။ ကြိုက်ရာသီချင်း ဖွင့်ပြီး ကပေတော့"

ညွှန်ပြရာ မျက်လုံးရောက်တော့ အကောင်းစား ကက်ဆက်ကြီး တစ်လုံးနှင့် သီချင်းခွေများကိုလည်း တွေ့ရသည်။ အဲလောက်ထိတော့ သူ မလုပ်ရဲပါ။ အကဆိုလျှင် ချိုမိုင်မိုင်လောက်ပင် ကိုယ်က လုပ်တတ်သူမဟုတ်။

ကိုယ်လုပ်တတ်တာ ရှာဖွေတော့ တစ်နေရာတွင် ချိတ်ဆွဲထားသော တယောလေးတစ်လုံးကို တွေ့ရပါသည်။

ချက်ချင်းပဲ သွားဖြုတ်ယူကာ တစ်ချက်နှစ်ချက် အသံစမ်းလိုက်သည်။ အားလုံး အဆင်သင့်ပြင်ပေးထားသည် ထင်ပါ၏။ ကြိုးမှာ ညီနေသည်။ ဒီတော့ . . .



မှတ်သားလေ့ကျင့်ထားသော သီချင်းတစ်ပုဒ်ဆုံးသွားစဉ်မှာ ထိုးတံကိုချပြီး ကြည့်ရှုခံစားနေသူများကို ဦးညွှတ်အရိုအသေပေးသည်။ ဦးသမိန်ဒူးက လက်တွင်းမှဖောင်တိန်ဖြင့် စာအုပ်မှာ တစ်စုံတစ်ရာ ရေးခြစ်ပါသည်။ တယောကို မူလနေရာမှာ ပြန်ထားပြီးတော့ . . .

"မင်းက ဘာရာသီဖွားလဲ"

"မေထုန်ရာသီပါ"

"မေထုန်ရာသီရဲ့ သင်္ကေတရုပ်ကို သိလား"

"သိပါတယ် . . . Twins အမြွှာရုပ်ပါ"

ဦးသမိန်ဒူး ပြုံးပါသည်။ ပြီးတော့ . . .

"သိတယ်၊ မသိဘူး။ ညကျမှ ဆုံးဖြတ်တာပေါ့ကွာ"

သူ နားမလည်။ ဒါပေမဲ့ . . .

"သွားလို့ရပြီ"



www.burmeseclassic.com

www.burmeseclassic.com

# XIV

ညနေရောက်တော့ ထူးဆန်းသော ထမင်းဟင်းကို စားရ၏ သည်။ ထမင်းကတော့ ထူးဆန်းမနေပါ။ သာမန်ဆန်ကို ချက်ထားသော ထမင်းဖြူဖြစ်ပြီး ဟင်းကတော့ အနည်းငယ် ထူးခြားပါ၏။

ငါးပိကြော်၊ ချဉ်ပေါင်ရွက်ချဉ်ရည်၊ ဒညင်းသီး၊ ဆူးပုတ်ရွက် တို့ ဖြစ်သည်။ ငါးပိမှာ ငရုတ်သီးစပ်စပ်နှင့် ကြော်ထားပြီး ချဉ်ပေါင် ဟင်းမှာလည်း မျှစ်နိုင်းချင်းနဲ့ ချက်ထား၏။ ဒညင်းဝက်ကိုကြော်ထား ဆူးပုတ်ရွက်ရေလုံပြုတ်နှင့် ငါးပိရည် အတို့အမြှုပ်ဖြစ်သည်။

စားကောင်းကောင်းနှင့် စားလိုက်ကြတာ တက်တက်စင်အောင် ကုန်မှပင် စားသောက်ခြင်းကို ရပ်လိုက်ကြ၏။ စားပြီးတော့ ညနေ မှောင် ရီပျိုးနေပြီ။ ဦးသမိန်ဒူးက သူတို့ဆယ့်လေးယောက်အား တစ်နေရာသို့ ခေါ်သွားသည်။

ကွင်းပြင်ကြီးတစ်ခု၊ သစ်ပင်ကြီးငယ်လုံးဝမရှိဘဲ ကွင်းထီးထီး ဖြစ်သည်။ ဘောလုံးကွင်းလိုမျိုး အောက်ခံမြက်တွေကတော့ စိုက်ထား ၏။ ကွင်းစပ်တစ်နေရာမှာတော့ အဆောက်အဦလေးတစ်လုံး ရှိနေ၏ သည်။ တိတ်ဆိတ်ငြိမ်သက်ပြီး လူသူရှိပုံမရ။ ဦးသမိန်ဒူးက သူတို့ ဆယ့်လေးဦးအား ကွင်းထဲဝင်စေကာ စကားဆိုသည်။

"အခုကတော့ တတိယနေ့ရဲ့ နောက်ဆုံးစမ်းသပ်မှုပဲ"



စကားကိုရပ်ကာ အားလုံးကို ဝေ့ကြည့်၏။ စမ်းသပ်မှုဆိုသည် ကြောင့် အားလုံး ငြိမ်ဝပ်သွားသည်ကို တွေ့ရတော့ ကောင်းကင်ကို တစ်ချက်မော့ကြည့်ကာ . . .

"မနက်က မင်းတို့ရဲ့ ရာသီဖွားတွေကို မေးပြီး တစ်ခုချင်း သေချာ မှတ်ထားတယ်။ ရာသီရုပ် မသိတဲ့လူတွေကိုလည်း ပြောပြထားပြီးသွား ပြီ။ အခုတော့ နေ့အလင်းရောင်ရှိသေးလို့ ကြယ်တွေလည်း ထွက်မလာ သေးဘူး။ မင်းတို့လုပ်ရမှာက ကြယ်တွေကိုကြည့်ပြီး မင်းတို့ရဲ့ ရာသီရုပ် တွေကို ကောင်းကင်မှာ ရှာပေးဖို့ပဲ"

"ဗျာ . . ."

"ဟာ . . ."

အကုန်လုံး ပါးစပ်ဟောင်းလောင်း ပွင့်သွားသည်။ ကိုယ်စီ သည်း ကောင်းကင်ကို မော့ကြည့်လိုက်မိပါသည်။ ဘုရား . . . ဘုရား ဒီ မေးခွန်းကို သူတို့ ဘယ်လိုဖြေဆိုရမည်နည်း။

"ဟိုအဆောက်အဦလေးထဲမှာ ငါနဲ့အတူ ဒီစံအိမ်တော်ကြီးရဲ့ အရှင်သခင် ဦးသတိုးမင်းကျော် ရှိနေလိမ့်မယ်။ ကောင်းကင်က အရုပ် ကို ရှာတွေ့တာနဲ့ ငါတို့ဆီ လာပြောပါ။ အထဲမှာ နက္ခတ်တာရာကြည့် မှန်ပြောင်းရှိတယ်။ ရှာတွေ့တဲ့အရုပ်ဟာ မင်းတို့ရဲ့ရာသီဖွားရုပ် ဟုတ် မဟုတ်၊ မှန်ပြောင်းနဲ့ကြည့်ပြီး ဆုံးဖြတ်ပေးမယ်။ မှန်တဲ့လူက နောက် တစ်ဆင့် တက်ရမှာပေါ့"

ကောင်းကင်ကိုတစ်လှည့်၊ ဦးသမိန်ဒူးကိုတစ်လှည့် ကွင်းစပ် မှ အဆောက်အဦလေးကိုတစ်လှည့် ကြည့်ပြီး အားလုံးရဲ့ရင်မှာ လေးလံ သွားတော့၏။ တစ်ယောက်က ထမေးသည်။

"ကျွန်တော်တို့ကရော၊ မှန်ပြောင်းနဲ့ ကြည့်ရမှာလား"

"မဟုတ်ဘူး၊ မျက်လုံးနဲ့ပဲ ကြည့်ရမှာ"

"ဟာ . . . ဘယ်လိုလုပ် မြင်ရမှာလဲဗျ"

ဦးသမိန်ဒူးက ပခုံးတွန့်၏။



www.burmeseclassic.com

www.burmeseclassic.com

"မှန်ပြောင်းတွေ မပေါ်ခင်က ဒီလိုပဲ မျက်လုံးနဲ့ ကြည့်လာကြတာပဲလေ"

တစ်ယောက်က အူလည်လည်ဖြင့် ထမေးပြန်ပါသည်။

"အဲလိုအရုပ်တွေက တကယ်ရော ကောင်းကင်မှာ ရှိလို့လားဗျာ။ ကျွန်တော်ဖြင့် တစ်ခါမှ မမြင်ဖူးပါဘူး"

"ပုံသဏ္ဌာန်အတိအကျတော့ ရှိမလားကွ၊ ကြယ်အစုအဝေးအဖြစ်ပဲ ရှိတာပေါ့။ အဲလို ကြယ်စုတွေကိုမှ ဉာဏ်မျက်စိနဲ့ ပေါင်းပြီး ရုပ်ပုံဖော်ရမှာ။ ဒါပေမဲ့ ကြယ်စုတည်နေရာကို ရှာတွေ့ရုံနဲ့ အရုပ်ကပေါ်ပါတယ်"

မေးသူ ခေါင်းယမ်းသွားသည်။ သက်သာ လေပူတစ်ချက်မှုတ်ထုတ်လိုက်မိ၏။ လုထိပ်ခေါင်တင်ရဖို့အရေး မလွယ်ပါလားကွယ်။

"ဒါပေမဲ့ မင်းတို့ကို သဲလွန်စတစ်ခု ပေးခဲ့မယ်။ ခုနစ်စင်ကြယ်ကို အရင်ရှာ။ ခုနစ်စင်ကြယ်ကို မှတည်ပြီးတော့ပဲ ရာသီကြယ်တွေကို ရှာလို့တွေ့နိုင်မယ်။ မဟုတ်ရင်တော့ မင်းတို့ ရှာတွေ့ဖို့ မလွယ်ဘူး"

ဒီအတိုင်း အသားလွတ်ကြီး ရှာရတာထက်စာလျှင် မဆိုးဟု တွေးမိသည်။ ထိုစဉ်မှာပဲ အားလုံးကို ဖုံးလွှမ်းလိုက်သော မေးခွန်းတစ်ခု

"ကျွန်တော်တို့ ဘယ်တော့စရမှာလဲ။ အချိန်က ဘယ်လောက်လဲ"

ထွက်ပေါ်ရာအသံကို လှေ့လာတော့ သူ့နှစ်ယောက်ကျော်မှာ ခေါင်းငုံ့ကြည့်တော့ ထက်သန်လွန်းနေသော စောမောင်ကို တွေ့ရသည်။ ကျန်သူတွေက သူ့ကိုကြည့်ကာ ကြောင်ငေးလို့ . . .

"ကြယ်ထွက်တာနဲ့ စလို့ရပြီ။ ကြယ်ပြန်ဝင်ရင် အချိန်စေ့တာပဲ"

ဪ . . . အချိန်က တစ်ညလုံးပေါ့။

• • •



*မကြာခင်မှာပဲ အလင်းရောင်မှာ ပျောက်ကွယ်သွားပါသည်။*

အလင်းပျောက်သည်နှင့်တစ်ပြိုင်နက် ငွေရောင်ကြယ်မှုန်တို့မှာ တစ်လုံးပြီးတစ်လုံး ထွက်ပေါ်လာတော့၏။ ထိုအခါမှာ သူတို့၏ ကစားပွဲလည်း စတင်တော့သည်။

ဆယ့်လေးယောက်လုံး၏ ဦးခေါင်းများ မိုးပေါ်မော့ကုန်သည်။ ဦးသမိန်ဒူးပြောသွားသည့်အတိုင်း ခုနစ်စင်ကြယ်ကို အသည်းအသန် ရှာဖွေကြသည်။ သို့သော်လည်း ကောင်းကင်တစ်ပြင်လုံးသာ ပြည့်သွား၏။ ခုနစ်စင်ကြယ်နှင့်တူတာ မတွေ့။ အချိန်စောသေးသည်ကြောင့် ထွက်မလာသေးတာ ဖြစ်လောက်သည်။

ရှာသာရှာနေရပါသည်။ ခုနစ်စင်ကြယ်တွေ့လျှင်လည်း ဘာလုပ်ရမှန်း မသိသေးပါ။ ကြာတော့ ဇက်ညောင်းကာ ခေါင်းတွေ မူးလာသည်။ သက်သာ အကြည့်ကို အောက်ချလိုက်ရ၏။ ခွဲကောင်းသူများကတော့ ဆက်လက်ရှာဖွေနေဆဲ။ ဒါပေမဲ့ ခဏပါပင်။ မည်သူက အချိန်အကြာကြီး ခေါင်းမော့ထားနိုင်မည်နည်း။

အကြောတွေပါ တက်လာသည့်အတွက် သက်သာ ဖင်ထိုင်ချလိုက်သည်။ သူထိုင်သော ကျန်သူတွေလည်း လိုက်ထိုင်၏။ လက်ကိုနောက်ပြန်ထောက်ရင်း ဒုတိယအကြိမ် ခေါင်းမော့ရှာကြည့်ပေမယ့် ခုနစ်စင်ကြယ် မပေါ်သေးပါ။

ငယ်ငယ်က သင်ခဲ့ရသော စာအုပ်များ၊ ရုပ်ပုံများထဲတွင်တော့ ခုနစ်စင်ကြယ်ဆိုတာကို မြင်ဖူးသည်။ ကောင်းကင်တွင်လည်း လူကြီးသူမတို့၏ ပြသပေးမှုကြောင့် ငယ်စဉ်က မြင်ထားဖူး၏။ ဒါပေမဲ့ အမြွာမျိုးပုံကို ဘယ်လို ရှာရမည်နည်း။

ဘဝတူသူငယ်ချင်းများကို လှေ့လာတော့ အခြေအနေ တော်တော် ဆိုးနေပြီ။ မြက်ခင်းပေါ်မှာပင် တုံးလုံးပက်လက်တွေ လဲနေကြပြီ။ သက်သာ သဘောကျသွား၏။ မဆိုး။ လက်ထောက်ထိုင်ကြည့်နေတာ



www.burmeseclassic.com

www.burmeseclassic.com

ထက်စာလျှင် ပက်လက်လှဲကြည့်တာက ပိုပြီး သက်သောင့်သက်သာရှိနိုင်ပါသည်။

ထို့ကြောင့် အများနည်းတူ မြက်ခင်းပေါ် ပက်လက်လှဲချလိုက်၏။ ဒီတော့မှ ကောင်းကင်မည်းမည်းကြီးကို မိုးကုပ်စက်ဝိုင်းအပြည့် မြင်ရတော့သည်။ ကြယ်တွေ ဟိုတစ်ပွင့်၊ ဒီတစ်ပွင့် တလက်လက် တောက်နေသည်။ တန်ဆောင်မုန်း လမင်းပင် တစ်ဝက်ကျော်ကျော်လောက် ပြည့်ပြီးနေပြီဖြစ်၏။

ခုနစ်စင်ကြယ်ထွက်အလာကိုပဲ စိတ်ရှည်ရှည်ထား စောင့်ရတော့မည်။ ဒါပေမဲ့ . . .

"ဟင် . . ."

သက်သာ မျက်လုံးကို အထိတ်တလန့် ပြူးကျယ်လိုက်၏။ အစွမ်းပြပေပြီ။ ထူးဆန်းသော ညနေစာက အစွမ်းစပြနေပြီ။ ယခုမှ ထိုညနေစာကျွေးရခြင်းရဲ့ ရည်ရွယ်ချက်ကို သဘောပေါက်လိုက်သည်။

ငါးပိကြော်၊ ချဉ်ပေါင်ဟင်းနှင့် ဒညင်းသီး၊ ဆူးပုတ်ရွက်၊ အတို့အမြှုပ် စတာတွေက ဝမ်းဗိုက်၏တစ်နေရာတွင် ပေါင်းစုံကာ ယခု အထက်ကို တက်လာပြီ၊ ဇက်ကြောတွေ တစ်ရစ်ချင်း တက်လာသည်။ မျက်ခွံက တဖြည်းဖြည်း လေးလံလာ၏။ ပြီးတော့ တစ်ကိုယ်လုံးရှိ သွေးလည်ပတ်မှုများအားလုံးလည်း နှေးကွေးလာသလို ခံစားလိုက်ရသည်။

ခေါင်းကို ဒုတိယအကြိမ် ခါယမ်းပစ်တော့ မျက်လုံးထောင့်စွန်းမှာ အရိပ်တွေထင်လာသည်။ မဖြစ်ချေပြီ။ ဆတ်ခနဲကုန်းထတော့ အနီးနားမှတစ်ယောက်က သူ့ကိုလှည့်ကြည့်သည်။ လှဲအိပ်နေသူတစ်ယောက်တော့မဟုတ်။ ငုတ်တုတ်ထိုင်ပြီး နားထင်နှစ်ဖက်ကို ပွတ်နေသူ။

သူသည်လည်း အစားအသောက် ဒုက္ခပေးနေပြီ ထင်သည်။ စောမောင်ကိုလည်း အတော်လှမ်းလှမ်းမှာ ထိုင်လျက်တွေ့ရ၏။ ငူငူကြီးထိုင်ကာ တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားနေသလိုမျိုး၊ မကြာခင်ချေတော့။ ဒီအတိုင်းဆက်သွားလျှင် ငုတ်တုတ်အိပ်ပျော်သွားလိမ့်မည်။



ထို့ကြောင့် သက်သာထိုင်ရာမှ ထပြီး လမ်းလျှောက်နေလိုက်ပါသည်။ လမ်းလျှောက်လိုက်၊ တစ်ချက်တစ်ချက် ကောင်းကင်ကို ကြည့်လိုက်နှင့် နေလာလိုက်တာ ညကိုးနာရီကျော်မှ အရှေ့မြောက်အရပ်မှာ ခုနစ်စင်ကြယ်ကို စမြင်ရသည်။

"ဟာ . . . ဟိုမှာ ခုနစ်စင်ကြယ်"

ကောင်းကင်ကို မမှိတ်မသုန် ကြည့်နေသူတစ်ယောက်က ထအော်သည်။

"ဟင် . . . ဘယ်မှာလဲ"

"ဟာ . . . ဟိုမှာ . . . ဟုတ်တယ်ဟေ့"

ဆယ့်လေးယောက်လုံး ပျာယာခတ်သွားသည်။ အိပ်ချင်သူတွေမျက်လုံး ကျယ်ကုန်သည်။ သူကိုယ်တိုင်ပင် ရင်ခုန်သံမြန်သွားရပြီမဟုတ်ပါလား။ ယောက်ချိုခွန်းသဏ္ဌာန် ကြယ်ခုနစ်လုံးကတော့ ကောင်းကင်မှာ ပေါ်လာနေပြီ။ ကျန်တာကို ဘယ်လို ဆက်ရှာမည်နည်း။

ခုနစ်စင်ကြယ်ကို တွေ့ပြီဆိုတော့ ထုံးစံအရ ရှုဝံကြယ်ကို အရင်ရှာလိုက်သည်။ ငယ်ငယ်ကတည်းက ခေါင်းထဲမှာစွဲနေသော အသိတစ်ခုနဲ့ ထိပ်ဆုံးကြယ်နှစ်လုံး၏ တစ်တန်းတည်းနေရာကို ရှာဖွေလိုက်၏။ မျက်ကူးယဉ်မျဉ်းဆွဲကြည့်တော့ ထိပ်ဆုံးကြယ်နှစ်လုံးနှင့် တစ်တန်းတည်းနေရာမှာ ခပ်မှိန်မှိန် ကြယ်လေးတစ်လုံး ပေါ်လာသည်။


ဒါဟာ ရှုဝံကြယ်လား၊ ရေရေရာရာတော့ မသိ။ သီအိုရီအရဆိုလျှင်တော့ ရှုဝံကြယ်ဖြစ်လိမ့်မည်။ အနီးအနားကို ထပ်လေ့လာတော့ ဟိုတစ်ပြောက် ဒီတစ်ပြောက်နှင့် စိတ်ဝင်စားဖွယ် ကြယ်မျိုး မတွေ့ရ။ ဒါပေမဲ့ ရှုဝံကြယ်၏ လက်ယာဘက်အပေါ်ပိုင်းမှာတော့ တောက်စူးစူးကြယ်ငါးလုံးကို တွေ့ရပါသည်။

အမြွာပုံနဲ့တူသလား စိတ်မှန်းဖြင့် စစ်ဆေးကြည့်တော့ . . . အမှန်ပါ။ အင်္ဂလိပ်စာလုံး (W)ပုံစံဖြစ်နေပါသည်။




www.burmeseclassic.com

www.burmeseclassic.com




ထို့ကြောင့် ရူဝံကြယ်ကို လက်လျှော့ပြီး ခုနစ်စင်ကြယ်ဘက် ပြန်လှည့်လိုက်၏။ ထိပ်ဆုံးကြယ်နှစ်လုံးနှင့် အဆင်မပြေတော့ နောက်ဆုံး ကြယ်နှစ်လုံးကို လေ့လာသည်။

နောက်ဆုံးကြယ်မှ တည့်တည့် မျဉ်းဖြောင့်ဆွဲကြည့်ပြန်တော့ မှိတ်တုတ်မှိတ်တုတ် ကြယ်လေးများကိုသာ တွေ့ရသည်။ ဒါပေမဲ့ အလိုက်သင့် မျဉ်းကွေးချလိုက်လျှင်တော့ အလွန်တောက်ပသော ကြယ် ကြီးတစ်လုံးကို တွေ့ရပါသည်။ ဘာကြယ်မှန်းတော့ မသိ။ တစ်လုံး တည်း ဖြစ်သည်ကြောင့် အမြွှာကြယ်လည်း မဖြစ်နိုင်ပါ။







ဒီတော့ ခြောက်လုံးမြောက်ကြယ်ကို လေ့လာသည်။ ထိုကြယ် နားတွင်တော့ ကပ်လျက် ကြယ်လေးတစ်လုံးရှိသည်။ ဒါကလွဲပြီး ကျန် တာ မထူးခြား။ နံပါတ် ငါးကြယ်ကတော့ လေ့လာစရာမရှိပါပေ။ ကြား ညပ်နေသောကြယ်မို့ သုံးနဲ့လေးကို လေ့လာသည်။

ထိပ်ဆုံးကြယ်နှစ်လုံး (၁ နှင့် ၂)ကို ဆက်ဆွဲ၍ ရူဝံကြယ်ရှာ သလိုမျိုး (၃) နဲ့ (၄) ကို ဆက်ဆွဲကြည့်လိုက်၏။ အထက်ဘက်တွင် ထူးခြားမှုမရှိပေမဲ့ အောက်ဘက်ကို ဆက်ဆွဲကြည့်တော့ စိတ်ဝင်စားဖွယ် ကြယ်အစုအဝေးတစ်ခုကို မြင်ရသည်။

အရေအတွက် တော်တော်များ၏။ မြင်ရသလောက် ရေတွက် ကြည့်တော့ ဆယ့်ငါးလုံးကျော်ကျော်လောက်ရှိနေသည်။ ထိုကြယ်အစု အဝေးရော မဖြစ်နိုင်ဘူးလား။ စိတ်မှန်းဖြင့် ရုပ်ပုံဆွဲကြည့်လိုက်သည်။ ပထမ ဟုတ်မလိုလိုရှိပေမဲ့ နောက်ပိုင်း အဆင်မပြေ။

ကြယ်အလုံးရေများသည်ကြောင့် စိတ်ကူးယဉ်မျဉ်းရေးဆွဲရတာ ပင် တော်တော်ခက်ခဲပါသည်။ တချို့ကြယ်လေးတွေဆို ပေါ်လိုက်ပျောက် လိုက်။ တချို့ကျတော့လည်း ကိုယ်ပဲ မျက်စိမှားတာလား။ သူတို့ပဲ နေရာ မမှန်တာလား မသိ။ ဟိုဘက်ရွှေ့လိုက်၊ ဒီဘက်ရွှေ့လိုက် ဖြစ်နေသည်။ အချိန်တော်တော်ကုန်သွားသည်။ ခေါင်းလည်း တော်တော်မူးသွားသည်။

နောက်ဆုံးထွက်ပေါ်လာသော ရုပ်ပုံက ကျားလိုလို၊ ခြင်္သေ့လိုလို၊ ကြယ်တွေ အရောင်မှိန်သွားတော့ သမင်လိုလို၊ ဆိတ်လိုလိုပင် ဖြစ်နေ သေးသည်။






www.burmeseclassic.com

www.burmeseclassic.com

(၁) နှင့် (၂) ဆက်ဆွဲတော့ ရှုပ်ကြယ်ကို ရ၏။ (၄) နှင့် (၃) ကို တစ်ဖြောင့်တည်း အောက်ဖက်ဆွဲချတော့ ယခုပုံကို တွေ့သည်။ ဒီတော့ (၂) နှင့် (၃) ကိုပေါင်း၍ စိတ်ကူးယဉ်မျဉ်းဆွဲကာ အစွန်းနှစ်ဖက်ကို ကြည့်လိုက်သည်။ အနီးအနားတွင် စိတ်ဝင်စားဖွယ် ကြယ်အစုအဝေး မတွေ့ရ။

ဒီလိုဆိုတော့ (၄) မှ (၂) ကိုဖြတ်ပြီး တစ်ဖြောင့်တည်း ဆွဲကြည့်လိုက်ပြန်ပါသည်။ ထိုအခါမှာတော့ . . .

"ဟင် . . ."

ယှဉ်လျက် ကြယ်နှစ်လုံးကို ပထမဆုံးအကြိမ် မြင်လိုက်ရသည်။

သက်သာ မျက်လုံးပြူးသွားချေပြီ။ အလျင်စလို ရေတွက်ကြည့်တော့ ထိုအစုအဝေးတွင် စုစုပေါင်း ကြယ်ဆယ်လုံးရှိနေသည်။ ထိပ်ဆုံးနှစ်လုံး အပြိုင်လင်းနေပြီး ကျန်တာတွေက အောက်ပိုင်းမှာ ခပ်မှိန်မှိန်။

ဒါပေမဲ့ ရေတွက်လို့ရကာ ဆက်ဆွဲလို့လည်း ရနေသည်။ သက်သာ အချိန်ဖြုန်းမနေတော့။

ချက်ချင်းပဲ မြက်ခင်းပေါ် လှဲချကာ မြင်တွေ့ရသော ကြယ်အစုအဝေးကို စိတ်ကူးယဉ်မျဉ်းတွေ တစ်ကြောင်းပြီးတစ်ကြောင်း ဆက်သွယ်ကြည့်လိုက်ပါတော့သည်။ ဒါပေမဲ့ မကြာခင်မှာပဲ ကံဆိုးမှုတစ်ခုကို သူတို့အားလုံး ရင်ဆိုင်လိုက်ရတော့၏။

အဲဒါက . . .

"ဟာ . . . ဘယ်က မိုးတိမ်တွေလဲ"

"ဟင် . . ."

"သွားပြီ"

ကောင်းကင်ကို အာရုံစိုက်ကြည့်ရှုနေသူများ အထိတ်တလန့် ထအော်သည်။ သက်သာ လှမ်းကြည့်တော့ . . .



ဟုတ်ပါ၏။ အနောက်တောင် ကောင်းကင်စပ်မှာ မိုးတိမ်တစ်အုပ် တရွေ့ရွေ့ တက်လာသည်။ ထိုအရပ်၌ ကြည့်ရှုရှာဖွေနေသူများ ဒုက္ခများသွား၏။ ချက်ချင်းပဲ ကြယ်တွေ ပျောက်ကုန်သည်။ ပြီးတော့ ထိုမိုးတိမ်တွေက အခြားနေရာများသို့ပါ ဖုံးလွှမ်းလာပါတော့သည်။

"ဟာ . . . တွေ့ခါနီးမှ . . . သွားပါပြီကွာ"

တစ်ရိပ်ချင်း ဖုံးလာသော မိုးတိမ်များကိုကြည့်ပြီး လူတစ်ယောက် ထအော်သည်။ တစ်ယောက်က . . .

"မင်းက တွေ့ရုံပဲတွေ့သေးတာ။ ငါက အရပ်တောင် မပေါ်တော့မယ်ကွ"

"ငါတော့ မိုးတိမ်တွေကိုပဲ ကျေးဇူးတင်ရတော့မယ်ဟေ့ . . . အခုချိန်ထိ ဘာမှန်းကို မသိသေးဘူး"

တစ်ယောက်တစ်ပေါက် ပြောဆိုနေကြရာမှ သက်သာ မိုးရိပ်အခြေအနေကို ကြည့်လိုက်သည်။ အခြေအနေမကောင်း။ အလျင်မြန်ကြီး မဟုတ်ပေမဲ့ မိုးရိပ်များက ကောင်းကင်ကို တဖြည်းဖြည်း ဖုံးလွှမ်းလာနေ ပြီ။ သူ့နေရာရောက်ရန်တော့ လိုသေးသည်။ ထို့ကြောင့် . . .

စိတ်ကူးယဉ်မျဉ်းတစ်ခုပြီးတစ်ခု ချဆွဲသော ရုပ်ပုံက တဖြည်းဖြည်း ပေါ်လာသည်။ ဒါပေမဲ့ မေထုန်ရာသီရုပ်နဲ့တော့ မတူသေးပါ။ ဒီကြားထဲ ဘာလို့မှန်းမသိ၊ ကြယ်နှစ်လုံးက ပျောက်သွားသည်။ ထိုစဉ်မှာပဲ မိုးရိပ်တွေက သူတွေ့ရှိရာ ကြယ်စုဝေးပေါ်သို့ ဖုံးလွှမ်းပစ်လိုက်ပါတော့သည်။

"ကျွတ် . . ."

ခံရခက်စွာ စုတ်ထစ်ချက်သပ်တော့ အလွတ်ကြီးဝင်ဆွဲသော မိုးရိပ်တွေက ခပ်ချဉ်ချဉ်ရယ်ပြသည်။ ဒါပေမဲ့လည်း ဘယ်လိုမှ မတတ်နိုင်ပါ။ သူပင်မဟုတ် အားလုံးက မပြောမဆို ဖုံးလွှမ်းပစ်လိုက်သော မိုးရိပ်များကိုကြည့်ပြီး ကြိတ်မနိုင် ခဲမရ။



www.burmeseclassic.com

www.burmeseclassic.com


ကိုယ်မတတ်နိုင်သော အလုပ်ပေမို့ သက်သာ စိတ်လျှော့လိုက်ရသည်။ သက်ပြင်းကိုချကာ မျက်လုံးကို မှိတ်စင်းထားလိုက်၏။ စိတ်ရှည်မှုသည် အဆုံးစွန်သော အောင်မြင်မှုအတွက် အခြေခံလိုအပ်ချက်တစ်ခုပင် မဟုတ်ပါလား။

တစ်နာရီကျော် ကြာသွားပါသည်။ မိုးရိပ်များကတော့ မလှုပ်မယှက် ရှိနေတုန်း။ နောက်ထပ် နာရီဝက်ကြာသွားပြီးစဉ်မှာ လူအချို့တိုက်ပွဲကျကုန်သည်။ နံဘေးမှ ဟောက်သံများကို ကြားရ၏။ တချို့တွေလည်း မျက်လုံးကို အတင်းဖြဲရင်း ဖွဲကောင်းကောင်းဖြင့် စောင့်နေကြသည်။

ညနှစ်နာရီကျော်သွားပြီးကာမှ လေတစ်သုတ်၏ ကူညီမှုဖြင့် မိုးရိပ်တွေ အခြားနေရာရွှေ့သွားပါသည်။ ဒါတောင် အလုံးစုံမဟုတ်။ ပထမဆုံး ခနစ်စင်ကြယ် ပြန်ပေါ်လာသည်။ ပြီးတော့ . . .

ဒုတိယမြောက်တွေ့ဆုံမှုမှာတော့ ကြယ်စုသည်ကား ပြည့်စုံလင်းလက်စွာ ရှိနေခဲ့ပြီ။ ဆယ်လုံးစလုံး ပြည့်လာပြီးသည့်နောက်မှာ –

အာရုံမှာ မျဉ်းတန်းတွေ ပေးကုန်သည်။ မကြာလိုက်။ ကောင်းကင်တွင် အရုပ်တွေ ဆွဲနည်းကို ကျွမ်းကျင်စွာ တတ်မြောက်ခဲ့တော့၏။






သေချာပေပြီ။ ဒါသည် အမြွှာကြယ်ကလွဲပြီး ကျန်တာမဖြစ်နိုင်တော့။ လဲ့နေရာမှ ခုန်ထသည်။ ပြီး ကွင်းစပ်အဆောက်အဦဆီ အလျှင်စလိုပြေးတော့ . . .

"တောက် . . ."

လှည့်ကြည့်စဉ် မလိုတမာမျက်လုံးမျိုးနှင့် သူ့ကို ကြည့်နေသူတစ်ယောက်။

စောမောင်။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ မဆိုးဟု ပြောရပါမည်။ မိုးမလင်းမီမှာ ဆယ့်လေး ယောက်လုံး ဖြေဆိုနိုင်ခဲ့၏။ သို့သော်လည်း ဆယ်ယောက်သာ အောင်မြင်၍ လေးယောက်မှာ ကျရှုံးခဲ့သည်။

ထိုဆယ်ဦးအတွက် ကစားပွဲမှာကား စတုတ္ထနေ့ မွန်းတည့်ပြီး ချိန်၌ . . .



# XV

မနက်ဆယ့်တစ်နာရီမှာ သူတို့ဆယ်ဦးကို နိုးထစေသည်။ တစ်ညလုံး အိပ်ရေးပျက်ထားသဖြင့် ယခုမှ လာနှိုးခြင်းဖြစ်သည်။ ရှုံးနိမ့်သူလေးယောက်ကတော့ ဘယ်အချိန် ထပြန်သွားကြသည်မသိ။ သက်သာ နိုးနေတာတော့ ကြာပါပြီ။ သူ ညက အစောဆုံးအိပ်စက်ခွင့် ရခဲ့သည်မဟုတ်ပါလား။

ရေမိုးချိုးပြီးတော့ သူတို့အားလုံးကို နေ့လယ်စာ ကျွေးသည်။ လူအရေအတွက်မှာ တဖြည်းဖြည်းနည်းသွားပြီမို့ စားသောက်ရတာ မြိုင် ဆိုင်မှုမရှိတော့။ ယနေ့တွင်လည်း ဘယ်နယောက် လျော့နည်းသွားဦး မည်မသိ။

သူတို့ စားနေစဉ်၌ အဆောင်ရှေ့မှ ရေးကြီးသုတ်ပြာဖြင့် လူ တစ်ယောက် ဖြတ်ပြေးသွားသည်။ အလျင်စလိုဟန်ပန်ကြောင့် သူတို့ ကို နေ့လယ်စာတည်ခင်းသူ ဝန်ထမ်းတစ်ဦးက လှမ်းမေးသည်။

"ဟေ့ကောင် . . . ရေးကြီးသုတ်ပြာနဲ့ ဘာဖြစ်လာတာလဲ"

"မြို့က ဧည့်သည်တွေ ရောက်နေတယ်ကွ။ ကျန်းမာရေးနဲ့ ဆေးဝါးစောင့်ရှောက်မှု ပရဟိတလုပ်ငန်းအတွက် ဆရာကြီးကို ဥက္ကဋ္ဌ အဖြစ် လျာထားကြောင်း လာအသိပေးတာ။ အဲဒါ ဆရာကြီးရဲ့ ကိုယ်ရေး



www.burmeseclassic.com

www.burmeseclassic.com

အကျဉ်းရေးပေးဖို့ကို ဆရာကြီးအဖေ ဦးသတိုးဓမ္မရဲ့ မွေးသက္ကရာဇ် မေ့နေလို့"

"ဟော . . ."

သက်သာ ခေါင်းထောင်မိသွားသည်။ မေးသူကပင် . . .

"ဆရာကြီးကို မေးလေကွာ"

"ဆရာကြီးကိုယ်တိုင်ကကို မေ့နေတာ။ အဲဒါ အရင်စာရွက်စာတမ်းတွေထဲမှာ ပြန်ရှာခိုင်းလို့ စာကြည့်တိုက်ဘက်သွားမလို့"

"ဟုတ်ရဲ့လားကွ . . . (ရက်၊ လ၊ နှစ်) တစ်ခုမှကို မမှတ်မိတော့တာလား"

"သိတော့သိတယ်ကွ၊ အတိအကျကြီးတော့ မဟုတ်ဘူးပေါ့။ ဆရာကြီးပြောတာတော့ သူ့အဖေက ၁၉၂၈ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့၊ နေ့လယ် ၁၂ နာရီမှာ။ အသက်တစ်ဝက်ကို ၁၉ ရာစုမှာ နေခဲ့တယ်တဲ့။ ကျန်တစ်ဝက်ကိုတော့ ၂၀ ရာစုမှာ နေခဲ့တယ်ပြောတယ်။ အဲဒါပဲ။ ကျန်တာ မမှတ်မိတော့ဘူးတဲ့။ ဒါပေမဲ့ မွေးတဲ့အချိန်တော့ သိသေးတယ်ကွ။ နေ့လယ် ၁၂ နာရီဆိုလားပဲ"

မေးသူမှာ မျက်လုံးအကြောင်သားဖြင့် အံ့သြသွားသည်။

"အေးလေ . . ., အသက်ကြီးပြီဆိုတော့လည်း မှတ်ဉာဏ်တွေ အားနည်းလာပြီပေါ့ကွာ"

ရှာဖွေသူထွက်သွားတော့ ကျန်ရစ်သူက သူ့အလုပ် ဆက်လုပ်သည်။ သက်သာလည်း ကိုယ့်ထမင်းကိုယ် ဆက်စားပါသည်။ ဒါပေမဲ့ စိတ်တွင်းမှာတော့ ကြိတ်ရယ်မိလိုက်သည်။ အမိုက်စား နည်းစနစ်တွေ သုံးပြီး စာမေးပွဲစစ်ပြီးတော့မှ ရုပ်ရှင်လာရိုက်နေရတယ်လို့။

သို့သော်လည်း ကြည့်ကောင်းသော ရုပ်ရှင် မဖြစ်လိုက်ပါ။ ကျန်သူတွေ ဘယ်လိုအဓိပ္ပာယ် ဖွင့်သည်မသိပေမဲ့ သူကတော့ တစ်ခုခုကို သဘောပေါက်လိုက်ပြီ၊ ခေါင်းပူရပေဦးတော့မည်။



နေ့လယ်စာစားပြီးတော့ သူတို့ကို အဆောင်ပြန်လွှတ်ပါသည်။ တခြား ဘာမှမပြော။ သို့သော်လည်း အဆောင်ပြန်ရောက်သည်နှင့် အလကားနေမရတော့ပါ။ စာအုပ်နှင့် ဘောပင်ကိုထုတ်ပြီး တွက်ချက်ခြင်းအမှုကို စတင်ရတော့သည်။ ဆယ်ယောက်သာ ကျန်တော့သည်မို့ အဆောင်အပေါ်နှင့်အောက် မခွဲထားတော့။ အောက်ထပ်မှာပင် တစ်ယောက်ခုတင်တစ်လုံးစီနှင့် သူတို့ဆယ်ယောက်လုံးကို စုထားသည်။

အစာစားပြီး အနားယူနေချိန်မှာ စာအုပ်၊ ဘောပင်နှင့် အလုပ်ရှုပ်နေသော သူ့ကို ကြည့်ပြီး အခြားသူများ ကြောင်နေကြသည်။ ဒါပေမဲ့ သူ့လိုပင် ပါးနပ်သူအချို့လည်း ရှိနေပါသည်။ စောမောင်အပါအဝင် ငါးယောက်ခန့်ဖြစ်၏။ သူတို့လည်း ကိုယ်စီကိုယ်စီ စဉ်းစားလိုက်၊ တွက်ချက်လိုက် ရှိနေသည်။

ကျန်လူများကတော့ သူတို့ကိုကြည့်ပြီး ဘာလုပ်ရမှန်းမသိ။ အချိန်တစ်ခုကြာသွားပြီးတော့ သက်သာ ထိုင်ရာမှ ထလိုက်ပါသည်။ အပြင်ကိုထွက်တော့ အဝတွင်ရပ်နေသော အစောင့်တစ်ဦးနဲ့ ဆုံသည်။

"ဘယ်လဲ . . ."

"ဦးသတိုးမင်းကျော်ဆီ"

"ဘာကိစ္စလဲ"

"သူ့အဖေရဲ့ မွေးသက္ကရာဇ်ကို သွားပြောပြမလို့"

အစောင့်က သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်သည်။ ပြီးတော့–

"ငါနဲ့လိုက်ခဲ့"

သက်သာအစောင့်နောက်မှ လိုက်သွားလိုက်သည်။ ခြံဝန်းကြီး၏ တစ်နေရာဆီသို့ သူ့ကို ခေါ်ချသွား၏။ ဇရပ်အဆောင်ဆောင်၊ လမ်းသွယ်သွယ်ကို ဖြတ်ပြီးနောက်မှာ ထင်မှတ်မထားသော နေရာတစ်ခုကို ရောက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အလှဆောက်ထားသော သက်ငယ်မိုးတဲလေးတစ်လုံး။ မြေပြင်မှ နှစ်ပေအမြင့်လောက်တွင် ပျဉ်ခင်း၍ အကာအရံမဲ့သော အနားယူရာ တဲငယ်လေးဖြစ်ပါသည်။ အထဲတွင် ဦးသတိုးမင်းကျော်နှင့် ဦးသမိန်ဒူးတို့နှစ်ဦး ထိုင်နေ၏။ အဝတွင်ရပ်တော့ . . .

"ဘာအကြောင်းရှိလို့လဲ"

ဦးသမိန်ဒူး၏ အမေးစကားနောက်မှာ . . . .

"ဒီညီလေးက ဆရာကြီးအဖေရဲ့ မွေးသက္ကရာဇ်ကို ပြောပြချင်ပါတယ်တဲ့"

အကြည့်နှစ်ခု သူ့ထံ ဒိုင်းခနဲ ရောက်လာသည်။ ပြင်းထန်လှသော အကြည့်ဒဏ်ကြောင့် ကိုယ်ရေပြားများပင် စပ်ဖျင်းသွားသလို။

"သူ့ကို အထဲလွှတ်လိုက် . . . မင်းသွားတော့ . . ."

အစောင့်က ဦးညွှတ်အရိုအသေပေးရင်း ထွက်သွားပါသည်။ သူတစ်ဦးတည်းသာ တဲဝတွင် ကြောင်တောင်တောင် ကျန်ရစ်ခဲ့သည်။ သို့ပေမဲ့လည်း သွေးအေးစွာနှင့်ပင် အတွင်းသို့ တစ်လှမ်းချင်း လျှောက်ဝင်သွားလိုက်၏။ အတွင်းရောက်တော့ ဆရာတပည့်နှစ်ဦး အေးအေးလူလူ စကားစမြည်ပြောဆိုနေကြကြောင်း ရိပ်စားမိသည်။

အလယ်စားပွဲလေးပေါ်၌ သောက်လက်စ လက်ဖက်ရည်ခွက်များကိုလည်း တွေ့ရ၏။ မျက်နှာချင်းဆိုင်မှာ ကျောက်သင်ပုန်းကြီး တစ်ချပ် ထောင်ထားပါသည်။ ရှေ့တွင် ဝင်ရပ်တော့ . . .

ထိုင်နေသူနှစ်ဦးက သူ့ကို ခြေဆုံးခေါင်းဆုံး အကဲခတ်သည်။

"သက်သာမလား"

မှတ်မိနေသလို ဦးသမိန်ဒူးက မေးတော့ . . .

"ဟုတ်ပါတယ်"

"ကဲ . . . ပြောစမ်းပါဦး။ ငါတို့ဆရာကြီးရဲ့အဖေ ဦးသတိုးဓမ္မရဲ့ မွေးသက္ကရာဇ်ကို"



"၁၈၇၃ ခု၊ ဖေဖော်ဝါရီလ ၁၉ ရက်၊ နေ့လယ် ၁၂ နာရီပါ"

လူကြီးနှစ်ဦး တစ်ယောက်ကိုတစ်ယောက် ကြည့်သွားသည်။ ဦးသတိုးမင်းကျော်မှာ အံ့ဩသောမျက်နှာဖြင့် . . .

"ဘယ်လိုရခဲ့တာလဲ"

ရှင်းပြမည်ပြင်တော့ ဦးသမိန်ဒူးက လက်ကာသည်။ ပြီးနောက် နောက်ကျောကို လက်ညှိုးထိုးပြီး . . .

"မင်းနောက်မှာ ကျောက်သင်ပုန်းကြီးရှိတယ်"

ဒီလောက်ဆိုရင်ပဲ သဘောပေါက်လေပြီ။ သက်သာ နောက်လှည့်ကာ မြေဖြူတစ်ချောင်းကို ယူ၏။ ပြီး ဖွင့်ဆိုရှင်းပြသောစကားနှင့်အတူ သူ၏လက်ချောင်းများ၊ သင်ပုန်းကြီးပေါ် ပြေးသွားပါတော့သည်။

"ကျွန်တော်သိထားတာက ဦးသတိုးမင်းကျော်ရဲ့ အဖေသည် ၁၉၂၈ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ နေ့လယ် ၁၂ နာရီမှာ သူ့အသက်ရဲ့တစ်ဝက်ကို ၁၉ ရာစုမှာနေခဲ့ပြီး ကျန်တစ်ဝက်ကို ၂၀ ရာစုမှာ နေခဲ့တယ်လို့ သိထားပါတယ်။ အဲဒါကြောင့် ၂၀ ရာစုမှာနေခဲ့တဲ့ အချိန်ကာလကို အရင်ရှာကြည့်ရပါမယ်။ ၄ နှစ်တစ်ကြိမ် ဖေဖော်ဝါရီလမှာ ရက်တိုးလေ့ရှိတဲ့အတွက် အဲ့ဒီအချက်ကိုလည်း ထည့်တွက်ရပါမယ်။

ဒါကြောင့် ရက်ထပ်နှစ်တွေရဲ့ သဘာဝအတိုင်း ၄ နဲ့စားလို့ပြတ်သောနှစ်တွေမှာ ၁ ရက်စီ ပေါင်းထည့်ပေးရမယ်။ တွက်လို့လွယ်အောင် ဦးသတိုးဓမ္မ ၂၀ ရာစုမှာ နေခဲ့တဲ့အချိန်ကာလကို (နှစ်၊ လ) မထားဘဲ အားလုံးကို ရက်ဖွဲ့ပြီး တွက်ပါမယ်"

စကားကိုရပ်ပြီး သက်သာ ရေးပြလိုက်သည်။

| | |
|---|---|
| ၁၉၀၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ၁၉၂၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့အထိ နှစ်ပေါင်း | = ၂၇ နှစ် |
| | = ၂၇ × ၃၆၅= ၉၈၅၅ ရက် |



www.burmeseclassic.com

www.burmeseclassic.com

၁၉၀၁ကနေ ၁၉၂၈အထိ ၄ နဲ့စားလို့ ပြတ်တာ (၇) နှစ်ရှိပါတယ်။ အဲဒါတွေက ၁၉၀၄၊ ၁၉၀၈၊ ၁၉၁၂၊ ၁၉၁၆၊ ၁၉၂၀၊ ၁၉၂၄၊ ၁၉၂၈ တို့ဖြစ်ပါတယ်။ အဲဒါကြောင့် ရထားတဲ့ အဖြေမှာ (၇)ရက်ထည့်ပေါင်းပေးရလိမ့်မယ်။ ပြီးတော့ ၁၉၂၈ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့ကနေ နိုဝင်ဘာလ (၁၁) ရက်၊ နေ့လယ် ၁၂ နာရီထိ နေခဲ့တဲ့ ရက်ပေါင်းက (၃၁၄) ရက်နဲ့ နေ့တစ်ပိုင်းပါ။ နေ့တစ်ပိုင်းကို တွက်ရလွယ်အောင် (.၅) လို့ ယူလိုက်ပါတယ်။ ၂၀ ရာစုမှာနေခဲ့တဲ့ ရက်စုစုပေါင်းကို သိချင်တဲ့အတွက် ထိုနှစ်ခုကို ပေါင်းလိုက်တယ်"

၁၉၂၈ ဇန်နဝါရီလ ၁ ရက်နေ့အထိ ရက်ပေါင်း

= ၉၈၅၅ + ၇

= ၉၈၆၂

၁၉၂၈ ၊ ဇန်နဝါရီလ ၁ ရက်နေ့မှ နိုဝင်ဘာလ (၁၁) ရက်နေ့အထိ

ရက်ပေါင်း = ၃၁၄.၅

၂၀ရာစုတွင် နေခဲ့သော ရက်စုစုပေါင်း

= ၉၈၆၂ + ၃၁၄.၅

= ၁၀၁၇၆.၅ ရက်

ရှင်းလင်းမှုကို ရပ်ကာ ဦးသတိုးမင်းကျော်တို့နှစ်ဦးကို လေ့လာတော့ စိတ်ဝင်တစား နားထောင်ကြည့်ရှုနေသည်ကို တွေ့ရသည်။ သက်သာ စကားကို ဆက်ပါသည်။

"၁၉ ရာစုမှာလည်း ၂၀ စုကအတိုင်းနေခဲ့တယ်လို့ ပြောထားတာကြောင့် ၁၉ ရာစုမှာလည်း ၁၀၁၇၆.၅ ရက် နေခဲ့ရပါမယ်။ ဒါပေမဲ့ ၁၉ ရာစုမှာတော့ ရက်တိုးတဲ့နှစ် တစ်ရက်နည်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ၁၉၀၀ ပြည့်နှစ်ဟာ ၄ နဲ့စားလို့ ပြတ်ပေးမဲ့ ချွင်းချက်တစ်ခုဖြစ်နေတာကြောင့်ပါ။ ကျန်တဲ့ ရက်တိုးနှစ်တွေကတော့ ၁၈၉၆၊ ၁၈၉၂၊ ၁၈၈၈ ၁၈၈၄၊ ၁၈၈၀နဲ့ ၁၈၇၆ တို့ဖြစ်ပါတယ်။ ဒီလိုဆိုတော့ ၆ ရက်ပဲ ကျွန်တော်တို့ ပေါင်းပေးရမယ်။ ၂၀ ရာစုမှာ ၂၇ နှစ်နေခဲ့တာကြောင့် ၁၉ ရာစုမှာလည်း ၂၇ နှစ်၊ ၁၉၀၀ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်၊ ည ၁၂ နာရီကနေ နောက်ကို ၂၇ နှစ်ပြန်နုတ်တော့ ၁၈၇၃ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်၊ ည ၁၂ နာရီ၊ ရက်ဖွဲ့တော့ . . . "



၁၉၀၀ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် ည ၁၂ နာရီမှ ၁၈၇၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်၊ ည ၁၂ နာရီအထိ

နှစ်ပေါင်း = ၂၇ နှစ်

= ၂၇ × ၃၆၅ + ၆

= ၉၈၆၁ ရက်

"၁၈၇၃ ခု၊ ဒီဇင်ဘာလ ၃၁ ၊ ည ၁၂ နာရီကနေ ဖေဖော်ဝါရီ ၂၈ ရက် ည ၁၂ နာရီထိ နေခဲ့တဲ့ရက်ပေါင်း (၃၀၆) ရက်၊ ၁၉ ရာစုမှာနေခဲ့တဲ့ ရက်စုစုပေါင်းကို လိုချင်တော့ အဲ့ဒီနှစ်ခုကို ပေါင်းပေးရမယ်။ ရတဲ့အဖြေကို (၂၀) ရာစုရက်စုစုပေါင်းထဲက နုတ်လိုက်ရင် ဦးသတိုးမမွှေးရဲ့ မွေးသက္ကရာဇ် ထွက်ပြီပေါ့"

၁၉ ရာစုတွင် နေခဲ့သော ရက်ပေါင်း = ၉၈၆၁ + ၃၀၆ = ၁၀၁၆၇

၂၀ ရာစုထဲမှ နှုတ်သော် = ၁၀၁၇၆.၅ – ၁၀၁၆၇ = ၉.၅

ဖေဖော်ဝါရီ ၂၈ ထဲမှ = ၂၈ – ၉.၅ = ၁၈.၅

အဲဒါကြောင့် ဦးသတိုးမမွှေးရဲ့ မွေးသက္ကရာဇ်ဟာ ၁၈၇၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်၊ နေ့လယ် ၁၂ နာရီဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အားလုံးပြီးဆုံးတော့ မေးခွန်းတစ်ခုထွက်လာ၏။ ဦးသတိုးမင်းကျော်ဆီမှ . . .

"မင်း နာမည် ဘယ်သူ . . ."

"သက်သာပါ"

"မင်းတော်တယ်။ အောင်မြင်မှု အထိမ်းအမှတ်အနေနဲ့ ဒီနေ့ညစာကို ရည်ရွယ်က ဂုဏ်ပြုလိမ့်မယ်"

"ဗျာ . . ."

• • •

လှည့်ထွက်တော့ ခပ်လှမ်းလှမ်းတွင် ရပ်စောင့်နေသော လူတစ်ယောက်နှင့် ဆုံသည်။ သူ့ကို လိုက်ပို့သူအစောင့်နှင့်ပင် လာရောက်ရပ်စောင့်နေခြင်းဖြစ်၏။ စောမောင်ကိုတွေ့တော့ အသိအမှတ်တစ်ခုပြုမိလိုက်သည်။

"ဩော် . . . သူလည်း မဆိုးဘူးပဲ"



# XVI

ဦးသမိန်ဒူး၊ ဗလကျော်သူနှင့် အပေါင်းပါတစ်စု ဧရာဝတီမြစ်ကမ်းဘေးကို လျှောက်လာသည်။ အတော်ဝေးဝေး ကမ်းစပ်တစ်နေရာမှာ နွားတစ်အုပ် ကျက်စားလျက်ရှိနေသည်။ တချို့နွားတွေက ရေထဲမှာ၊ တချို့နွားတွေက ကုန်းပေါ်မှာ။ ထိုနွားအုပ်၏ အထက်ပိုင်းတွင် မြင့်မားခိုင်ခံ့လွန်းသော အုတ်တံတိုင်းကြီးတစ်ခု ရှိနေပါသည်။

မြနန်းဘုံသာစံအိမ်တော်၏ အနောက်ဘက် အုတ်တံတိုင်းကြီးဖြစ်၏။ နွားအုပ်နှင့် တံတိုင်းကြားတွင် ရွက်ဖျင်တဲလေးတစ်လုံး ထိုးထားသည်။ ထိုရွက်ဖျင်တဲရှေ့တွင် လူတစ်ယောက်ထိုင်ကာ ဆေးလိပ်သောက်နေပါ၏။ သူတို့ကိုမြင်တော့ ကပျာကရာထလာပြီး . . .

"ကြွပါခင်ဗျာ"

ပျူငှာစွာ နှုတ်ဆက်တော့ ဦးသမိန်ဒူး ပြုံးပြလိုက်သည်။

"နွားလာဝယ်တာတော့ ဟုတ်မယ်မထင်ဘူး"

မေးခွန်းကိုမဖြေသေးဘဲ ပတ်ဝန်းကျင်ကို လှည့်လည်အကဲခတ်တော့ ရေစပ်တွင် ထိုအထဲမှ တစ်ယောက် နွားရေချိုးပေးနေသည်။ သူတို့ရောက်လာသည်ကို မြင်တော့ လုပ်လက်စအလုပ်ကိုရပ်ပြီး စိုက်ကြည့်နေသည်။ အားရအောင် အကဲခတ်ပြီးတော့မှ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဘာရယ်မဟုတ်ပါဘူး။ မင်းတို့ရောက်နေတဲ့ ရက်တွေလည်း ကြာပြီဆိုတော့ ဟိုဘက်ကမ်းကိုကူးဖို့ အဆင်မပြေသေးဘူးလား။ လာကြည့်တာပါ"

"ဟာ . . . အဆင်ပြေပါပြီ၊ အဆင်ပြေပါပြီ။ မနက်ဖြန်ဆိုရင်ပဲ ကျွန်တော်တို့မှာထားတဲ့ စက်လှေတွေ ရောက်လာပါတော့မယ်"

လူငယ်က အားတက်သရော ပြော၏။ ကြားရသောစကားကြောင့် ဦးသမိန်ဒူး ကျေနပ်သွားကာ . . .

"ဟုတ်လား . . . အဲလိုဆိုလည်း ကောင်းတာပေါ့"

"ဦးသတိုးမင်းကျော်ရော နေကောင်းပါရဲ့လားဗျာ . . ."

"ကောင်းပါတယ် . . . ကောင်းပါတယ်"

သွက်သွက်ပင် ခေါင်းညိတ်ရင်း ဖြေကြားပေးလိုက်သည်။ ဆရာကြီးတော့ ဒီသတင်းကြားလျှင် ဝမ်းမြောက်နေပေတော့မည်။ ခေါင်းညိတ်နေရာမှ တစ်စုံတစ်ရာကို သတိရမိ၏။ ခြံဝတွင် တွေ့စဉ်က လူငယ်သုံးယောက်ဖြစ်ပါသည်။ ယခုက နှစ်ယောက်ပင်တွေ့ရပြီး တစ်ယောက်လိုနေသည်ကြောင့် . . .

"ဒါနဲ့ မင်းတို့လူတစ်ယောက်ရော မတွေ့ပါလား"

"သြော် . . . သူက နွားစာအတွက် မြက်သွားရိတ်နေပါတယ်"

"ဘယ်ကို သွားရိတ်တာလဲ"

သူငယ်က မြစ်ရိုးအောက်ပိုင်းကို လက်ညှိုးထိုးပြပြီး . . .

"ဟိုဘက်ခြမ်းဆီမှာပါ။ ဒီနားက မြက်မရှိဘူးလေ"

ဦးသမိန်ဒူး ဘဝင်တော့မကျ။ ဒါပေမဲ့လည်း လိုက်သွားမကြည့်နိုင်သည်ကြောင့် ကြည့်လို့ရတာပင် ကြည့်လိုက်သည်။ ပြီး မြစ်ကမ်းနားဆီ တိုးကပ်သွားရင်း . . .

"ရေတွေ နောက်လှချည်လား"

ဒီတစ်ခါတော့ နွားရေချိုးပေးနေသူက ဝင်ပြော၏။

"နွားတွေ ရေချိုးတယ်လေဗျာ၊ ဒီလောက်တော့ ရှိမှာပေါ့"



မြစ်ရေမှာ ကမ်းစပ်မှအတော်ဝေးဝေးတိုင်အောင် သာမန်ထက်နောက်ကျိလျက်ရှိနေသည်။ ဒါပေမဲ့လည်း နွားအုပ်နှင့် ယှဉ်ကြည့်လျှင်တော့ သံသယဖြစ်ဖွယ်မရှိပါ။ ထို့နောက်တော့ အပြစ်ရှာမတွေ့သည့်အဆုံး ဦးသမိန်ဒူး နောက်ကြောင်းပြန်လှည့်ခဲ့သည်။

"ဦးသတိုးမင်းကျော်ကိုလည်း ပြောလိုက်ပါဗျာ . . . အခုလို ခြံနောက်ဖက်မှာပေးနေလို့ ကျေးဇူးတင်ပါတယ်လို့"

ခပ်တည်တည် ခေါင်းညိတ်ရင်း တစ်ခွန်းပြန်မေးသည်။

"မင်းတို့လည်း မနက်ဖြန် သေချာတယ်နော်"

"သန်ဖက်ခါ လုံးဝ မမြင်စေရဘူး"

ဟုတ်လေပြီ။ ရောက်ရောက်ချင်း ဆရာကြီးကို အမြန်သတင်းသွားပေးရမည်။ ဦးသမိန်ဒူးတို့ လူစုပျောက်ကွယ်သွားပြီး တစ်အောင့်ကြာတော့ ထင်မှတ်မထားသောအရပ်မှ လူတစ်ဦး ထွက်လာသည်။

ရွက်ဖျင်ရှေ့ရပ်နေသူက အလျင်စလို လှမ်းမေး၏။

"ဟေ့ကောင် . . . ဘယ်လိုလဲ"

နဖူးမှစီးကျလာသော ချွေးစေးများကို လက်မောင်းဖြင့် ပင့်သုတ်ရင်း ခေါင်းယမ်းပြသည်။ ပြီး မျက်နှာကို ရှုံ့မဲ့ကာ . . .

"ငါတို့တော့ ဦးသတိုးမင်းကျော်ကို လက်ဆောင်ဆက်ရတော့မယ်နဲ့ တူတယ်"



www.burmeseclassic.com

www.burmeseclassic.com

## XVII

"ကိုသက်သာ . . . စာလာပါတယ်"

"ဟင် . . ."

"ကိုစောမောင် . . . စာလာပါတယ်"

"ကိုလှထွေးနဲ့ ကိုလွင်ဦးတို့လည်း စာလာပါတယ်"

လောလောလတ်လတ် စားမေးပွဲအောင်ထားသူလေးယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်။ အံ့ဩခြင်းလည်း အတိုင်းထက်အလွန် ဖြစ်မိပါ၏။ ဤမြနန်းဘုံသာ ခြံကြီးထဲ ရောက်နေသောသူတို့ကို မည်သူက စာပို့သနည်း။ ဖြစ်တော့မဖြစ်နိုင်ပါ။ ဒါပေမဲ့လည်း အဆောင်ဝတွင် စာပို့သူ လူငယ် တကယ်ရောက်နေသည်။

ထို့ကြောင့် . . . လေးယောက်သား မယုံကြည်နိုင်မှုများဖြင့် အဆောင်ဝ ထွက်လိုက်ကြသည်။ လူငယ်က စာအိတ်လေးအိတ်ကို သူတို့လက်တွင်းထည့်ပေးကာ ပြန်ထွက်သွားပါသည်။ ဘာမှန်းမသိစွာနဲ့ပဲ လက်တွင်းရောက်လာသော စာအိတ်ကို ဖွင့်ဖောက်ကြည့်မိတော့ . . .



အစ်ကို

အောင်မြင်တယ်ကြားလို့ ရည်ရွှယ် ဝမ်းသာမိပါတယ်။ အောင်မြင်မှုအထိမ်းအမှတ် ဂုဏ်ပြုညစာကိုလည်း ရည်ရွှယ် ကျွေးမွေးခွင့်ရလို့ အရမ်းပဲဝမ်းသာတယ် သိလား။ အစ်ကို့ကို နောက်တစ်ကြိမ် ပြန်တွေ့ရမှာ ဖြစ်လို့လည်း အတိုင်းမသိ ပျော်ရွှင်မိတယ်။

ညနေဆက်ဆက်လာခဲ့ပါ . . . အစ်ကို။ ကောင်းမွန်သော စားသောက်ဖွယ်ရာများနဲ့ ရည်ရွှယ်စောင့်မျှော်နေမယ်။ အစ်ကို ဝင်လာမဲ့ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းကို ရည်ရွှယ်ရော၊ ရည်ရွှယ့်အိမ်လေးကပါ ရင်ခုန်စွာ မျှော်လင့်လျက် . . .

ရည်ရွှယ်

စာဆုံးတော့ မျက်မှောင်ကုတ်သွားမိ၏။ ထို့အတူ ကျုပ်လှသုံးဦးလည်း စာရွက်ကိုင်ကာ တွေဝေမိန်းမောသွားသည်။ တစ်ဦးက . . .

"ထမင်းစား ဖိတ်တာမလား"

သက်သာ ခေါင်းညိတ်ပြရင်း . . .

"မင်းတို့ရော . . ."

"အတူတူပဲ"

"ဘယ်သူ ဖိတ်တာလဲ"

"အရင်နေ့က နေ့လယ်စာကျွေးတဲ့ ကောင်မလေး"

အားလုံးအတူတူပင် ဖြစ်တော့သည်။ ဦးသတိုးမင်းကျော် ပြောတုန်းက ဒုတိယညစာလို ခန်းမကြီးအတွင်း တည်ခင်းကျွေးမွေးမည် ထင်ထားတာပါ။ ယခုက မိန်းကလေးများအိမ်မှာတဲ့။ ဘယ်လိုပါလိမ့်၊ သူပင်မဟုတ်၊ စောမောင်တို့ သုံးယောက်လုံးလည်း အံ့ဩနေသည်။

ယနေ့ညတော့ အရင်နေ့များလို စည်ကားသိုက်မြိုက်လိမ့်မည် မဟုတ်တော့။ စတုတ္ထနေ့လယ်ခင်းက လူခြောက်ယောက်ကို ဖြုတ်ချခဲ့ပြီ မဟုတ်ပါလား။ ကျန်ရစ်သူလေးယောက်ကလည်း တစ်ယောက် တစ်နေရာဆီ လျှောက်လှမ်းရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

မြင့်မားဆဲ နေလုံးကိုကြည့်ပြီး သက်သာ တိတ်ဆိတ်နေမိတော့၏။

• • •

ညနေရောက်တော့ ဖိတ်ကြားရာအရပ်ဆီ ထွက်ခဲ့ကြပါသည်။ လိုက်ပို့သူမရှိပေမဲ့ ရောက်ဖူးထားသော နေရာဒေသမို့ စမ်းတဝါးဝါးဖြင့်သာ လျှောက်လာခဲ့သည်။ ရောက်သွားတော့ ခြံတွင်းမှာ အစာစားနေသော မြင်းသုံးကောင်ကို အရင်ဆုံး တွေ့ရ၏။

အိမ်ထဲ လှမ်းကြည့်စဉ် ရည်ရွယ် အရိပ်အယောင်ကို မမြင်ရ။ ဝင်ရကောင်းနိုး၊ မဝင်ရကောင်းနိုး၊ ဝေခွဲမရ ဖြစ်နေသေးသော်လည်း နောက်ဆုံး မဝင်မဖြစ်သည်မို့ ခြံတွင်းသို့ ဝင်ခဲ့လိုက်ပါသည်။ တစ်ဝက်လောက် လျှောက်ဝင်မိတော့ . . .

"ဟော . . . ရောက်လာပြီလား . . . အစ်ကို"

စကားနဲ့အတူ အိမ်တွင်းမှ ရည်ရွယ် ထွက်လာသည်။ သက်သာ ခြေလှမ်းတို့ပင် ဆိုင်းငံ့သွားသလား မသိလိုက်ပါ။ အကြောင်းကား ရည်ရွယ်မှာ ထမင်းဖိတ်ကျွေးသော အိမ်ရှင်တစ်ဦးအနေနဲ့ အရမ်းကို လှလွန်းနေသည်။

"ကြည့်ပါဦး . . . အစ်ကိုနဲ့ ထပ်တွေ့ရပြန်ပြီ"

ပြောပုံက အရင်နဲ့မတူ။ ခရာတာတာ၊ အပေါ်ကိုတက်တော့ အိမ်ဝမှာ မတ်တတ်ရပ်နေသော သူမရှေ့မှ ဖြတ်သွားရသည်။ သူမရဲ့ ကိုယ်သင်းနံ့က ရင်ထဲမှာ ပြင်းရှ ပူလောင်သွားပါသည်။

"လာ . . . အစ်ကို . . . ဒီမှာထိုင် "

အိမ်ဦးခန်းတွင် ပြာပြာသလဲ နေရာပေးသည်။ ယခုမှ အိမ်အတွင်းကို သတိထားကြည့်မိတော့။ ခန်းစည်း၊ လိုက်ကာ၊ အသုံးအဆောင်ပစ္စည်း များအားလုံးကို ပန်းဆီရောင် သုံးထားပါ၏။ ရည်ရွယ် ဝတ်ဆင်ထားသည်က ဆင်စွယ်ရောင်ဖျော့ဖျော့။



ဟိုတစ်ခေါက်လာတုန်းက ဒါမျိုးတွေ မတွေ့ရ။ ယခုမှ ပြင်ဆင်လဲလှယ်ထားခြင်း ဖြစ်နိုင်သည်။ ရည်ရွယ်က နောက်ဖေးခန်းတွင် ဝင်သွားကာ ရေတစ်ခွက် ယူလာပေးသည်။ အမောပြေ တစ်ငုံမော့သောက်ပြီးတော့ . . .

"ခုနကတောင် ဦးသမိန်ဒူးနဲ့ သူ့တပည့်တွေ ရောက်လာသေးတယ်"

"ဟုတ်လား . . . ဘာလာလုပ်တာလဲ"

"အစ်ကိုတို့ ပြိုင်ပွဲဝင်တွေအတွက် တားမြစ်နယ်မြေလာသတ်မှတ်တာ ပြောတာပဲ။ အစ်ကို့ကိုတောင် စောင့်နေသေးတယ်။ ရောက်မလာတာနဲ့ သူတို့ ပြန်သွားကြတာ။ ဒီမှာ အစ်ကို့အတွက် စာတစ်စောင် ပေးသွားတယ်"

သက်သာ မျက်လုံးပြူးသွားသည်။ ရည်ရွယ်က ကြွက်လျှောက်တန်းပေါ်တွင် သနပ်ခါးတုံးနဲ့ ဖိထားသော စာရွက်ခေါက်လေးတစ်ခုကို ယူပေး၏။ ကပျာကယာ ဖွင့်ကြည့်လိုက်တော့ . . .

ကိုသက်သာ

*မြနန်းဘုံသာကို စရောက်တဲ့ညက ခြံထဲမှာ 'မသွားရ' တားမြစ်နယ်မြေတွေရှိတယ်လို့ ဦးသမိန်ဒူး ပြောခဲ့ပါလိမ့်မယ်။ အရင်နေ့တွေက မလိုအပ်လို့ ကျွန်တော်တို့ မထုတ်ပြန်တာပါ။ အခုတော့ လိုအပ်လာပြီဖြစ်လို့ တားမြစ်နယ်မြေ ထုတ်ပြန်လိုက်ပါပြီ။*

*ယနေ့ညအတွက် ရည်ရွယ့်အိမ်ကလွဲပြီး ကျန်တဲ့နေရာအားလုံးက ကိုသက်သာရဲ့ တားမြစ်နယ်မြေတွေပါပဲ။*

**မှတ်ချက်** ။ ။ *ဆရာကြီးအမိန့်အရ စည်းကမ်းဖောက်ဖျက်သူသည် ပြိုင်ပွဲမှ ထုတ်ပယ်ခံရမည်။*

**တာဝန်ရှိသူတစ်ဦး**



www.burmeseclassic.com

www.burmeseclassic.com

စာဆုံးတော့ ရင်တွင်းမှာ ဗလောင်ဆူသွားသည်။ ဒါဆို သူ ဒီည . . . ရည်ရွယ့်ကို လှမ်းကြည့်တော့ . . .

"ဘာရေးထားလို့လဲ"

နားမလည်စွာဖြင့် ရည်ရွယ့်လက်တွင်း စာထည့်ပေးရာ . .

"ဘာများလဲလို့ . . . ဘာဖြစ်လဲ၊ ရည်ရွယ့်အိမ်မှာပဲ အိပ်ပေါ့"

သူ တုန်လှုပ်မိပေမဲ့ ရည်ရွယ်ကတော့ ပေါ့ပေါ့ပါးပါးပင်၊ စာကို ပြန်ခေါက်ကာ သူ့ကို ပြန်ပေးသည်။ ပြီးတော့ . . .

"ထမင်းစားတော့မလား၊ ဒါမှမဟုတ် နားဦးမလား"

"ခဏ နားချင်သေးတယ်။ စဉ်းစားစရာလေးလည်း ရှိလို့"

'ဘာလဲ' လို့တော့ ထပ်မမေး။ သူ့ကိုကြည့်ပြီး နှုတ်ဆိတ်သွားပါသည်။ သက်သာ နံရံကို ကျောမှီထိုင်ချလိုက်သည်။ မျက်လုံးကို မှိတ်ဆင်းကာ ခေါင်းကို ရှင်းထားလိုက်၏။ အသံတစ်ခုကြား၍ မျက်လုံးပြန်ဖွင့်ကြည့်တော့ ရည်ရွယ်မှာ သူ့ကို မမှိတ်မသုန် စိုက်ကြည့်နေသည်။

သက်သာ သက်ပြင်းကိုချပြီး . . .

"ငါတစ်ယောက်တည်း နေချင်တာပါ"

"ဩော် . . . ဟုတ် . . . ဟုတ် . . ."

ဒီတော့မှ ခေါင်းကို ကပျာကရာညိတ်ပြီး အနားက ထွက်သွားသည်။ မျက်လုံးကိုပြန်မှိတ်ကာ ဦးသမိန်ဒူးတို့လူစု ထားခဲ့သော စာ၏ အဓိပ္ပာယ်ကို စဉ်းစားလိုက်၏။

ဘာသဘောလဲ၊ ဤအိမ်မှလွဲပြီး ကျန်နေရာများကို တားမြစ်နယ်မြေ သတ်မှတ်လိုက်ခြင်းက စဉ်းစားဖို့ ကောင်းနေသည်။ နောက်ပြီး မိန်းကလေးချည်း နေသောအိမ်၌ သူစိမ်းယောကျာ်းလေးတစ်ဦးထ ညအိပ်ရမည်တဲ့။

ဘယ်လိုတွေပါလိမ့်။

• • •



နီကြန်ကြန်မီးရောင်၏ ပါးလွှာသော အထိအတွေ့ကို မျက်ခွံမှ ခံစားလိုက်ရသည်။ မျက်လုံးဖွင့်ကြည့်တော့ သူနဲ့ မျက်နှာချင်းဆိုင် အပေါ်ဘက်အရပ်ဆီမှာ မှန်အိမ်လေးတစ်လုံး ချိတ်ဆွဲထား၏။ အပြင်လောကက အမှောင်တို့ ကြီးစိုးနေချေပြီ။

ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်နေမိတာ မိုးချုပ်သွားတာပင် မသိလိုက်။ ဒီမီးအိမ်လေးပင် ဘယ်အချိန် လာထားသွားသည်မသိလိုက်ပါ၊ ထိုစဉ်မှာပဲ . . .

"ထမင်းစားတော့မလား . . . အစ်ကို"

ကိုယ့်ကိုယ်ကိုယ် လေ့လာတော့ အနည်းငယ် ဆာနေပြီ၊ ထို့ကြောင့် . . .

"စားတာပေါ့ . . . ငါ ဘာကူညီရဦးမလဲ"

ဧည့်သည်ဆိုပေမဲ့ ဝတ္တရားအရ မေးလိုက်သည်။

"ရတယ် . . . အားလုံးပြီးပြီ။ အစ်ကိုစားမဲ့အချိန်ကို စောင့်နေတာ"

တအောင့်ကြာတော့ မီးအိမ်လေးအောက်တွင် ထမင်းဝိုင်းတစ်ခုဖြစ်တည်လာသည်။ သူ ဝင်စားတော့ ရည်ရွယ်က နံဘေးတွင်ထိုင်ကာ ယပ်ခတ်ပေးသည်။ ဧည့်သည်နှင့်အတူတူ ထမင်းစားခွင့် မရှိသည်မို့ သက်သာ ထမင်းစား ခေါ်မနေတော့။ စားပြီးတော့ . . . .

"ဘာသောက်မလဲ . . . ရည်ရွယ့်မှာ အကုန်ရှိတယ်နော်"

ဘာကိုဆိုလိုကြောင်း သဘောပေါက်ပေမဲ့ . . ."

"ရေပဲသောက်ချင်တယ်"

မကြာပါ။ ရေတစ်ခွက် သူ့ရှေ့ရောက်လာသည်။ ရည်ရွယ် ထမင်းစားပွဲ သိမ်းနေစဉ်မှာ သူကတော့ ဘာလုပ်ရမှန်းမသိဘဲ ချောင်တစ်ခုတွင်ကပ်ကာ အပြင်ငေးနေလိုက်သည်။ အတော်ဝေးဝေးတွင် မီးရောင်များ မြင်ရပါ၏။ အခြားတဲအိမ် (သို့) ဇရပ်များဆီမှ ထွန်းညှိထားသော မီးရောင်များ ဖြစ်လောက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်မှာပဲ သက်သာ တစ်စုံတစ်ရာကို သတိရလိုက်၏။ အရင်တစ်ခေါက်လာတုန်းက ဤအိမ်တွင် အစ်မတစ်ဦးနှင့် နေထိုင်ကြောင်း ရည်ရွှယ်ပြောထားခဲ့ဖူးသည်။ ယခု သူမတစ်ဦးတည်းပင် တွေ့ရသည်ကြောင့် . . .

"ဒီအိမ်မှာ မင်းနဲ့မင်းအစ်မ၊ ညီအစ်မနှစ်ယောက် နေတာဆို"

"ဟုတ်တယ်လေ"

"မင်းအစ်မကို မတွေ့ပါလား"

"အစ်မက ဒီည လယ်ထဲမှာအိပ်မှာ"

ရင်တစ်ခုလုံး ခါထွက်သွား၏။ ဒါဆို ဒီည သူနဲ့ရည်ရွှယ် နှစ်ယောက်တည်းပေါ့။ ယောကျ်ားလေးဖြစ်သော်လည်း စဉ်းစားရပါပြီ။ ဒီည သူ ဘယ်နေရာတွင် အိပ်မည်လဲ။ လက်ဝဲဘက်ခြမ်းဆီမှာတော့ လိုက်ကာတပ်ထားသော အခန်းလေးတစ်ခန်းရှိ၏။

တွေဝေနေစဉ်မှာပဲ ရည်ရွှယ်က ထိုအခန်းအတွင်းသို့ လှုပ်လီလှုပ်လဲ့ ဝင်သွားသည်။ လိုက်ကာဆွဲဖယ်စဉ် သူ့ကိုပင် လှစ်ခနဲ ပြုံးပြသွားသေး၏။ သက်သာ စိတ်ပျက်စွာ ခေါင်းယမ်းမိသည်။

လေပူတစ်ချက်မှုတ်ထုတ်ပြီး အာရုံကို ပြင်ပကမ္ဘာဆီ ပို့ထားလိုက်ရပါသည်။ အပြင်မှာ သစ်ရွက်တို့ ယိမ်းထိုးလှုပ်ခါနေ၏။ လေဖြူးဖြူးက သံဆန်ခါကွက်ငယ်လေးများကြားမှ အတွင်းသို့ ဝင်ရောက်လာသည်။ အပြင်ကိုကြည့်ပြီး ဤအိမ်တွင်းမှ ထထွက်သွားချင်စိတ်ကို မနည်းထိန်းထားရသည်။

အာရုံကို လွှဲထားမိသော်လည်း ဝင်ရောက်လာသောအသံအချို့ကိုတော့ တားဆီးခြင်း မပြုနိုင်ပါ။ အဝတ်ခေါက်သံလိုလို၊ အဝတ်လဲသံလိုလို၊ ချိုးချိုးချွတ်ချွတ်နှင့် ဘာသံတွေမှန်းမသိ။ စိတ်ကို အတတ်နိုင်ဆုံး ရိုးသားထားမိသော်လည်း ဘာကြောင့်မှန်းမသိ၊ ရင်တွင်းမှာ တဖြည်းဖြည်း ပူလာသည်။

ထိုစဉ်မှာပဲ ခန်းဆီးလိုက်ကာ လှုပ်ခတ်သွားသံ တိုးသဲ့သဲ့ထိုကြားလိုက်ရသည်။ နောက်ပြီး သူ့ကိုဦးတည်ကာ ဖွဖွနင်းလျှောက်လာ



သော ခြေသံအချို့၊ နှာသီးဝကို ပွတ်ထိတိုးတိုက်လာသော ယစ်မူးဖွယ် ကိုယ်သင်းနံ့။ မကြာပါ။ ထိုခြေသံက သူ့နောက်တည့်တည့်မှာ ရပ်သွား၏။ ပြီးတော့ ညို့ဓာတ်အပြည့်ဖြင့် နှုတ်ခမ်းလှုပ်ရုံ ထွက်လာသော ခေါ်သံလေး။

"အစ်ကို . . ."

ပြန်လည်ဖြေကြားခြင်း မရှိသလို၊ လှည့်လည်း မကြည့်ခဲ့။

"ရည်ရွှယ့်ဘက်ကို လှည့်ပါဦး"

သက်ပြင်းကို ချမိတော့ . . .

"အစ်ကို . . . စောင်းတီးတာကို သဘောကျလား ဟင်"

စိတ်တွင်းမှာ ထင့်ခနဲ တစ်ချက်ဖြစ်သွားပြီး . . .

"ဘာလို့လဲ"

"ရည်ရွှယ် စောင်းတီးပြမလို့ပါ"

"ဟင် . . ."

သက်သာ အလန့်တကြား နောက်လှည့်ကြည့်တော့ မြန်မာဝတ်စုံကို ဆင်မြန်းပြီး စောင်းပိုက်ထားသော ရည်ရွှယ်ကို တွေ့ရပါ၏။ အံ့သြလွန်းမက အံ့သြသွားကာ . . .

"ဒါ . . . ဒါက . . ."

"မလန့်ပါနဲ့ . . . ဆရာကြီးအမိန့်အတိုင်း ဧည့်သည်ကို ဖျော်ဖြေတာပါ"

သူနှင့် မလှမ်းမကမ်းတွင် ခပ်ယို့ယို့ ဝင်ထိုင်သည်။ ပြီးတော့ စောင်းကောက်ကို ပေါင်ပေါ်တွင်တင်ကာ တစ်ချက်နှစ်ချက် အသံစမ်းပါ၏။ ရှည်လျားသွယ်ပြောင်းသော လက်ချောင်းလေးတွေ စောင်းကြိုးတွေပေါ် ဖြတ်ပြေးသွားသည်။

သက်သာမှာတော့ အံ့သြတွေဝေခြင်းများစွာနှင့် သူမ လုပ်ကိုင်သမျှကို အကြောင်းသား ငေးနေမိတော့သည်။ မကြာလှသော အချိန်တစ်ခုမှာ မြန်မာဆန်သော ဂီတတစ်ပုဒ်ကို နားဆင်ခံစားလိုက်ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com

စောင်းကြိုးတစ်ခုချင်းဆီမှ တုန်ခါထွက်လာသောအသံကို နားဆင်နေရာ မှ မိုက်ခနဲ တစ်ချက်ဖြစ်သွားသည်။

ငိုက်ကျသွားသောခေါင်းကို ဆတ်ခနဲ ပြန်ထိန်းတော့ တရိပ်ရိပ် မူးလာ၏။

"ငါ ဘာဖြစ်သွားတာလဲ"

အဖြေရှာမရသော မေးခွန်းနှင့်အတူ မျက်လုံးတွေ ဝေဝါးလာ သည်။ စောင်းကြိုးကို လှမ်းကြည့်တော့ တစ်ချောင်းကို အရိပ်ပေါင်းများ စွာ မြင်နေရ၏။ နလုံးက တဒိတ်ဒိတ်ခုန်ပြီး ရင်ခုန်သံတွေ မြန်လာ သည်။ ခေါင်းကို ခါယမ်းပစ်လိုက်ပေမဲ့ တရိပ်ရိပ်တိုးလာသော လေးလံ မှုကို မျက်လုံးများက အန်တုမနေနိုင်တော့။

"ငါ ဘာဖြစ်နေတာလဲ . . . ဘာဖြစ်သွားတာလဲ"

နားတွင်းမှာတော့ စောင်းတီးသံကို ကြားနေရဆဲ။ ဆွဲမိဆွဲရာ လှမ်းဆွဲတော့ သောက်လက်စရေခွက်ကို ကိုင်မိသည်။

ထို့နောက်မှာ . . .

• • •

မျက်လုံးပြန်ဖွင့်တော့ အိစက်စက်အထိအတွေ့ကို ကျောပြင်ဆီ မှ ခံစားရသည်။ ဝေဝေဝါးဝါးလေ့လာတော့ အခန်းတစ်ခုတွင်းကို ရောက် နေကြောင်း သိရ၏။ နံရံတွင် ချိတ်ဆွဲထားသော မိန်းမဝတ်အင်္ကျီများကို လည်း မြင်ရသည်။ အပြင်မှ ထွန်းညှိထားသော နီကြန်ကြန်မီးရောင်က အခန်းတွင်းကို ရီးတိုးရိပ်တိတ် ရောက်ရှိနေပါသည်။

ထိုစဉ်မှာပဲ ဝေဝါးသော အမြင်အာရုံထောင့်စွန်း၌ ခန်းဆီး လိုက်ကာ လှုပ်ခတ်သွားသည်ကိုမြင်ရချိန် . . . မိန်းမတစ်ယောက်။

အခန်းတွင်းဝင်လာကာ သူ့ဘေးတွင် ဝင်ထိုင်သည်။

"အင်္ကျီလဲရအောင်လေ"



ကြားဖူးနေကျ အသံတစ်ခု။ နွေးထွေးလေးလံသော အသိအာရုံ က အဖြေတစ်ခုကို ဖြည်းဖြည်း ထုတ်ပေးသည်။

"ရည်ရွယ် . . ."

ဘယ်ကိုရောက်နေတာလဲ ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိတော့ –

"အင်္ကျီရင်ဘတ်မှာ စိုနေလို့၊ ရည်ရွယ်လဲပေးမယ် . . လာ"

ခန္ဓာချင်းထိ လုမတတ် ငုံ့ကိုင်းလာပြီး အင်္ကျီကို အပေါ်ဆုံး ကြယ်သီးမှ စကာ ချွတ်ပေးနေသည်။ ဝေဝါးသော အမြင်အာရုံနှင့် လေးလံ သော အသိဉာဏ်တို့ကို ဖြည်းဖြည်း ပြန်နှိုးတော့ ရေးရေးပေါ်လာသည်။

စောင်းသံကို နားထောင်ရင်းနဲ့ သူ မိုက်ခနဲ တစ်ချက်ဖြစ်သွား ၏။ တရိပ်ရိပ်မူးလာပြီး ဆွဲမိဆွဲရာလှမ်းဆွဲတော့ ရေခွက်ကို ကိုင်မိသည်။ ယခု မျက်လုံးပြန်ဖွင့်တော့ ရည်ရွယ့်အခန်းတွင်းကို ရောက်နေသည်။ အင်္ကျီရင်ဘတ်မှ စိုစွတ်မှုကိုလည်း ခံစားရ၏။ ရေခွက်ကို လှမ်းဆွဲစဉ် ဖိတ်ကျသွားတာ ဖြစ်နိုင်ပါသည်။

ယခုမှာကား . . .

ပူနွေးညှံ့သက်သော အထိတွေ့တစ်ခုက သူ့ရင်ဘတ်ပေါ်တွင် တရွေ့ရွေ့ချင်း လှုပ်ရှားနေသည်။ အသိကို သတိကပ်တော့ ပကတိအခြေ အနေကို မြင်လာသည်။ သို့ပေမဲ့ ခန္ဓာကိုယ်က အရင်လိုမဟုတ်။ လေးလံ နေ သလို ခံစားရသည်။

တည်ခင်းကျွေးမွေးသော အစားအစာတွင် စိတ်နှင့် ခန္ဓာကို ဝေဝါးထုံထိုင်းသွားစေနိုင်သော ဓာတ်တစ်မျိုးမျိုး ပါခဲ့သည်ထင်၏။ စိတ် ကို အတတ်နိုင်ဆုံး ထိန်းထားသော်လည်း ခုနအခြေအနေကို တဖြည်း ဖြည်း ပြန်ရောက်လာသည်။

အသိဉာဏ်တွေ ဝေဝါးရှုပ်ထွေးလာပြန်သည်။ ခန္ဓာကိုယ်က လည်း ရှိနေသည်ထက် နွေးထွေးလေးလံလာသလို ခံစားရ၏။ ကေးမိခဲ့ သော ညနေစာက နောက်တစ်ကြိမ် အစွမ်းပြန်ပြပြီ ထင်သည်။ ကျန်ရစ်



www.burmeseclassic.com

www.burmeseclassic.com

ဆဲအသိဉာဏ်ကို စုစည်းကြည့်တော့ သူ့အကျီကြယ်သီးများ အလုံးစုံ ကျွတ်ပြီးနေပါပြီ။

ငုံ့ကိုင်းထားသော ခန္ဓာတစ်ခုက တဖြည်းဖြည်း နိမ့်ဆင်းလာသည်။ ခန္ဓာချင်းထိလုမတတ် အနေထားကို ကျော်လွန်ပြီးသွားချိန်မှာ–

ရင်ဘတ်ပေါ် ပါးကပ်လာတော့ . . .

"ဒုန်း . . . ခလွမ်း . . ."

ပုလင်းကွဲသံတစ်ခုနဲ့အတူ"

"အား . . ."

ပုလင်းကွဲဖြင့် ကိုယ့်ရင်ဘတ်ကိုယ်ဆွဲခြစ်တော့ 'ဗြိ'ခနဲ အသံနှင့် အရေပြား နှစ်ခြမ်းကွဲသွားသည်။ သွေးစိမ်းရှင်ရှင် ထွက်ပြီးနောက်မှာ နာကျင်မှုအရှိန်ဖြင့် ကိုယ့်ကိုယ်ကိုယ် ပြန်အုပ်စိုးမိ၏။ ရည်ရွယ့်ကို ဆောင့်တွန်းရင်း အခန်းတွင်းမှ ပြေးထွက်လိုက်ပါသည်။

အခန်းပြင်ရောက်တော့ လက်တွင်းမှ ပုလင်းကွဲစကို ဒေါသတကြီး ပစ်ပေါက်ကာ . . .

"ငါ့ကို ဒါမျိုးနည်းနဲ့ မဖြူဆွယ်နဲ့၊ ဘယ်တော့မှ မရဘူးမှတ်"

ဒေါသတကြီး ဟစ်အော်ရင်း ပိတ်ထားသော အိမ်တံခါးကို ဆွဲဖွင့်သည်။ အခန်းတွင်းမှ ပြေးထွက်လာသော ခြေသံကို ကြားရသည်။

ဒါပေမဲ့ သွေးစက်စက်ကျနေသော ဒဏ်ရာက ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်မှုကောင်းကောင်း ပေးနိုင်ခဲ့ပါပြီ။

ထို့နောက်တော့ အန္တရာယ်အိမ်လေး၏ အပြင်ဘက် တံစက်မြိတ်အောက်မှာ သူ တစ်ညလုံး နေထိုင်ခဲ့တော့၏။

ကျန်သုံးယောက်ရော ဤညကို ဘယ်လိုဖြတ်ကျော်ကြသည် မသိ။



မနက်လင်းတော့ အောင်စာရင်း ထွက်လာသည်။

"ကိုယ့်ကျင့်တရား" စမ်းသပ်မှုတွင် နှစ်ဦးအောင်မြင်၍ နှစ်ဦး ကျရှုံးခဲ့သည်။

အောင်မြင်သူနှစ်ဦးအနက် တစ်ဦးမှာ သူဖြစ်ပြီး နောက်တစ်ဦးကတော့ . . .



www.burmeseclassic.com

ပဉ္စမနေ့

(သို့)

## မြန်မာ့ဘုံသာ၏ နောက်ဆုံးစမ်းသပ်ပွဲ



## XVIII

ကြီးမားကျယ်ဝန်းသော ကွင်းပြင်ကြီးအလယ်မှာ လူနှစ်ယောက် မတ်တပ်ရပ်နေသည်။ ထိုနှစ်ယောက်ကို ကြည့်ရှုအားပေးနေကြသော လူအုပ်ကြီးကလည်း တစ်ကွင်းလုံး အပြည့်။ မြန်မာ့ဘုံသာစံအိမ်တော်ကြီး ရှေ့ မြက်ခင်းပြင်ပေါ်၌ ဖြစ်ပါသည်။ ဦးသတိုးမင်းကျော်ကတော့ တပည့် အပေါင်းအလယ်တွင် ရာဇပလ္လင်နီးနီး ထိုင်ခုံကြီးနှင့် ကြည့်ရှုခံစားနေ သည်။

ကွင်းလယ်မှ နှစ်ယောက်မှာတော့ ဘာလုပ်ရမှန်းမသိ။ ခြံဝန်း ကြီးတစ်ခုလုံးမှ လူများ လာရောက်ကြည့်ရှုနေသည်မို့ ပတ်ဝန်းကျင် က အသံပေါင်းစုံဆူညံလျက် ရှိနေပါသည်။ ထိုစဉ်မှာပင် ဦးသမိန်ဒူးမှာ ရှေ့ထွက်လာပြီး အားလုံးမြင်သာအောင် လက်ထောင်ပြ၏။ ပရိသတ် မှာ မီးကို ရေဖြင့် ငြိမ်းလိုက်သလို တစ်မုဟုတ်ချင်း ငြိမ်ကျသွားသည်။

ထိုအခါမှာ အားလုံးကြားလောက်သော လေသံဖြင့် . . .

"ယနေ့ကတော့ ကျုပ်တို့အားလုံး စောင့်မျှော်နေကြတဲ့ နေ့တစ် နေ့ပါပဲ။ အခုဆိုရင် ရှေ့မှာ ရှိနေတဲ့ ပြိုင်ပွဲဝင်နှစ်ဦးဟာ ကျုပ်တို့ရဲ့ စမ်း သပ်စစ်ဆေးမှု အဆင့်အားလုံးကို လွန်မြောက်ပြီး နောက်ဆုံးအဆင့်ကို ရောက်လာခဲ့ပါပြီ။ သူတို့ကတော့ မောင်သက်သာနဲ့ မောင်စောမေတို့ ပဲဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟေး . . ."

နားထောင်နေသူများ လက်ခုပ်လက်ဝါးတီးကာ အားပေးကြသည်။ ဦးသမိန်ဒူးက လက်ကိုထောင်ရင်း အားလုံးကို တိတ်စေလိုက်သည်။

"ရှေ့နှစ်တွေတုန်းက အခုလို နောက်ဆုံးအဆင့်ကို ဘယ်ပြိုင်ပွဲဝင်မှ ရောက်မလာခဲ့ဖူးပါဘူး။ ယခုနှစ်ကတော့ ထူးခြားပါတယ်။ နောက်ဆုံးအဆင့်ကို နှစ်ယောက်တောင် ရောက်လာခဲ့တယ်။ သူတို့နှစ်ယောက်ဟာ လွန်ခဲ့တဲ့ လေးရက်ကစပြီး ကျုပ်တို့ရဲ့ စမ်းသပ်မှုအဆင့်တွေဖြစ်တဲ့ စိတ်ကူးစိတ်သန်းကောင်းမွန်မှု၊ ကိုယ်ကာယကြံ့ခိုင်မှု၊ အနုပညာရှိမှု၊ အမြင်အာရုံစူးရှမှုနဲ့ ဇွဲရှိမှု၊ ဉာဏ်ပညာထက်မြက်မှု၊ ပြီးတော့ ကိုယ်ကျင့်တရားခိုင်မာမှု စတာတွေကို တစ်ဆင့်ပြီးတစ်ဆင့် ကျော်လွှားလွန်မြောက်လာသူတွေ ဖြစ်ပါတယ်။ ယနေ့ နောက်ဆုံးအဆင့် စမ်းသပ်မှုကတော့ အရေးအကြီးဆုံးနဲ့ အလိုအပ်ဆုံးပါပဲ"

အားလုံး တိတ်သွားကြ၏။ ဦးသမိန်ဒူး စကားက သူတို့နှစ်ဦးကိုပင် မဟုတ်၊ အားလုံး၏ စိတ်ကို ဆွဲခေါ်သွားခဲ့ပြီ မဟုတ်ပါလား။

"ဒါဟာ ယောကျ်ားတစ်ယောက်အတွက် မရှိမဖြစ် စွမ်းရည်လို့လည်း ပြောလို့ရပါတယ်။ အဲဒါကတော့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်မှုနဲ့ ရန်သူကို ခြေမှုန်းနိုင်မှုပါ"

စကားဆုံးတော့ လူနှစ်ယောက်က အဝတ်အုပ်ထားသော တိုင်နှစ်တိုင် ထမ်းယူလာသည်။ ပြီး သူတို့ရပ်နေရာနှင့် မလှမ်းမကမ်းမှာ စိုက်ထူ၏။ အဝတ်အုပ်ထားသည်မို့ ဘာတိုင်တွေမှန်း မသိရသေး။ ထိုစဉ်မှာပဲ . . .

"နောက်ဆုံးအဆင့်အနေနဲ့ ကျွန်တော်တို့ သတ်မှတ်ထားတဲ့ ပြိုင်ပွဲကတော့ မြားပစ်ပြိုင်ပွဲပဲဖြစ်ပါတယ်"



စကားဆုံးတော့ 'ဟေး . . .' ဟူသော အသံကြီးနှင့်အတူ တိုင်တွင်အုပ်ထားသော အဝတ်စကို ဆွဲဖယ်သည်။ ပေါ်လာသည်က ပစ်မှတ်စက်ဝိုင်းနှစ်ခု။ သွားလေပြီ။ သက်သာ အကြီးအကျယ်ကို စိတ်ဓာတ်ကျသွားသည်။ သူ လုံးဝကို မတတ်ကျွမ်းသော ဘာသာရပ်တစ်ခုပါ။

မြားမပြောနှင့် လေးခွပင် ဖြောင့်အောင် ပစ်တတ်သူမဟုတ်။ နောက်ပြီး ဦးသတိုးမင်းကျော်ကိုလည်း လုံးဝ စိတ်ပျက်သွားသည်။ ပြိုင်စရာရှားလို့ မြားပစ်ကိုမှ ဘာကြောင့် လာပြိုင်ခိုင်းသနည်း။ စောမောင်ကို လှမ်းကြည့်တော့ သူကောင်းသားမှာ အူမြူးနေသည်။

ကြည့်နေစဉ်မှာပဲ လူအချို့က မြေတွင် စည်းတားသည်။ နှစ်ယောက်က လေးနှင့်မြားကို ယူလာပေးသည်။ လက်တွင်းရောက်လာသော အရာကို ကြည့်ပြီး သက်သာ သက်ပြင်းချမိတော့၏။ ထိုအခိုက် ခန့်ညားညြှရှဗွာ ထွက်လာသော အသံတစ်ရပ် . . .

"အကုန်ပြောလိုက်ပါ . . . သမိန်ဒူး"

ဦးသတိုးမင်းကျော်၏ နှုတ်ထွက်စကားအဆုံးမှာ ရိုသေစွာ ဦးညွှတ်၏။ ပြီးတော့ သူတို့နှစ်ဦးဘက် လှည့်ကာ . . .

"ဒီပွဲမှာအနိုင်ရသူက မြနန်းဘုံသာ စံအိမ်ကြီးထဲကို ပထမဆုံးဝင်ခွင့်ရသူဖြစ်မယ်။ စံအိမ်ရဲ့ အောက်ထပ်နဲ့အပေါ်ထပ်မှာ အခန်းခြောက်ခန်းစီရှိတယ်။ အဲ့ဒီဆယ့်နှစ်ခန်းထဲက တစ်ခန်းမှာ လှထိပ်ခေါင်တင် ရှိနေတယ်။ ဘယ်အခန်းဖြစ်မလဲဆိုတာတော့ ကိုယ့်ဉာဏ်ကိုယ်သုံးပြီး ရှာဖွေရမယ်။ နှစ်ကြိမ် မှားခွင့်ရှိတယ်"

စကားကို ရပ်ပြီး သူတို့နှစ်ဦးကို ကြည့်သည်။

"ငါ . . . ဘာကိုဆိုလိုလဲ သဘောပေါက်တယ်နော်"

မသက်မသာဖြင့် ခေါင်းညိတ်ပြမိပါသည်။ ဆိုလိုတာက ဒီပွဲမှာနိုင်လည်း အိမ်ထဲမှာ သုံးခါမှားသွားရင် လှည့်ပြန်ရမယ်ဆိုတဲ့သဘောပေါ့။



www.burmeseclassic.com

www.burmeseclassic.com

"ဟူး . . ."

လေပူတစ်ချက်ကို မှုတ်ထုတ်မိသည်။ လူက ချက်ချင်းပဲ ကိုယ်ပူရှိန်တွေ တက်လာသလို၊ ချွေးစေးတွေ ထွက်လာသလို၊ ခဏကြာတော့ ဦးသမိန်ဒူးက ဖလားတစ်လုံးကိုင်ပြီး သူ့ရှေ့ ရောက်လာသည်။

"ဘယ်သူ အရင်ပစ်ရမလဲ၊ မဲနှိုက်တာ"

သက်သာ စိတ်မပါစွာ ဖလားအတွင်းမှ မဲလိပ်တစ်လိပ် နှိုက်ပေးလိုက်သည်။ ပြီးတော့ စောမောင်အလှည့်၊ နှိုက်ပေးသော မဲလိပ်များကို ကြည့်ကာ ဦးသမိန်ဒူးက ကြေငြာသည်။

"ပထမဆုံး စပစ်ရမယ့်လူကတော့ စောမောင်ပဲ ဖြစ်ပါတယ်"

လှည့်ကြည့်တော့ စောမောင်က မခိုးမခန့်ရယ်ပြ၏။ ပြီး စည်းမှတ်ပေးထားသောနေရာသို့ သွားကာ ပစ်မှတ်ကို မျက်နှာမူသည်။ ထို့နောက်မှာ မြားကို လေးပေါ်တင်၍ ကြိုးကိုဆွဲပါသည်။ မြားဦးတည့်ရာ အရပ်မှလူတွေ တစ်ဖက်ကို ရှဲသွားကြ၏။

တစ်ကွင်းလုံး တိတ်ကျသွားစဉ်မှာပဲ . . .

"ဘေးကို . . . ဘေးကို . . ."

အထိတ်တလန့် ထွက်လာသော အော်သံတစ်ခုနှင့်အတူ . . .

"ဟာ . . . နွားကြီး . . ."

"ဘာဖြစ်တာလဲ . . . ဘာဖြစ်တာလဲ . . ."

"ပြေး . . . ပြေး . . . တက်နင်းခံရလိမ့်မယ် ပြေးတော့"

လူအုပ်၏ တစ်ထောင့်တစ်နေရာမှာ ဆူညံပွက်လောရိုက်သွားသည်။ လှည့်ကြည့်တော့ ဝရုန်းသုန်းကား လဲပြိုကုန်သည်ကို တွေ့ရ၏။ လူအုပ်နှင့် ကွယ်နေသည်မို့ ဘာဖြစ်တာလဲ မမြင်ရသေး။ ဒါပေမဲ့ . . .

"ဟင် . . ."

"ဘေးကိုဘေးကို ရှောင်ကြပါ"

"ဟာ . . ."

"ဟဲ့ . . . လုပ်ကြပါဦး"



"တည့်တည့်ကြီး ဝင်လာပြီဟေ့"

နွားကြီးတစ်ကောင်က လဲပြိုတိမ်းရှောင်သူများကို ကျော်ကာ ကွင်းထဲခုန်ဝင်လာသည်။ ကမူးရှူးတိုးပုံစံကြောင့် ရပ်ကြည့်နေသူများ ကြောက်လန့်တကြား ထွက်ပြေးကုန်သည်။ ပွဲက အနည်းငယ် ရှုပ်ထွေးသွားသည်။ သူတို့ပင် မဟုတ်။ ဦးသတိုးမင်းကျော်တို့လူစုပင် ပျာယာခတ်သွားရကာ ဦးသမိန်ဒူးက . . .

"ဟာ . . . ဘယ်က နွားကြီးဝင်လာတာလဲ။ ဖမ်းကြစမ်း၊ ဝိုင်းဖမ်းကြစမ်း"

လူအချို့ ကွင်းတွင်း ပြေးဝင်လာတော့ သက်သာတို့လည်း လွတ်ရာ ပြေးရတော့သည်။ ထိုစဉ်မှာပဲ ကွင်းထဲသို့ မောကြီးပန်းကြီး ပြေးဝင်လာသော လူတစ်ယောက်။

ကွင်းထဲရောက်မှ ဘာကို ခလုတ်တိုက်မိသည်မသိ။ 'ဘုန်း' ခနဲ ပစ်လဲသည်။ ထိုလူ့ကိုမြင်တော့ ဦးသတိုးမင်းကျော်မှာ ဒေါသချောင်းချောင်းထွက်လျှက် . . .

"ဟေ့ကောင် . . . မှုတူး"

မှောက်လျက်လဲကျနေသူ ခြံစောင့်ကုလားမှာ တုန်တက်သွားသည်။

"ဒါ ဘယ်က နွားကြီးလဲ။ ငါ့ခြံထဲကို ဘယ်လိုလုပ် ဝင်လာတာလဲ"

လဲနေလျက်မှပင် မှုတူးခေါ်တွင်သူ ခြံစောင့်ကုလားမှာ ကြောက်ကြောက်လန့်လန့်ဖြင့် . . .

"ဟို . . . ဟို . . . နွားပွဲစားသုံးယောက် ဆရာကြီးအတွက် လက်ဆောင်လာပေးတာပါ။ အဲဒါ ခြံထဲဆွဲသွင်းတုန်း လွတ်ပြေးသွားလို့"

"တောက် . . ."



www.burmeseclassic.com

www.burmeseclassic.com

နွားကိုလှမ်းကြည့်တော့ ညာဘက်ဝမ်းဗိုက်မှာ သဘော်ာစေးများဖြင့် စာတစ်ကြောင်း ရေးထားသည်။

"ဦးသတိုးမင်းကျော်အတွက်"
လက်ဆောင်

ထိုစာကို တွေ့မိသည့်ခဏ . . .

"အား . . . မူးတယ် . . . မူးတယ် . . ."

သက်သာမှာ အရုပ်ကြိုးပြတ် ခွေလဲသွားတော့၏။

ꕥ ꕥ ꕥ



# XIX

"စိုးရိမ်စရာ မရှိပါဘူး။ နလုံးခုန်နှုန်း၊ သွေးပေါင်ချိန်အားလုံး ပုံမှန်ပါပဲ။ ဆေးလည်း ထိုးပေးထားတယ်။ ခဏလောက် အနားယူလိုက်ရင် ကောင်းသွားမှာပါ"

"ဟုတ်ကဲ့ပါ . . . ဆရာ"

သက်သာ ညောင်နာနာဖြင့် ပြန်လည်ဖြေကြားလိုက်သည်။ နေရင်းထိုင်ရင်း ခွေလဲသွားသောကြောင့် အဆောင်ပြန်ပို့ကာ ဆရာဝန်နှင့် ကုသပေးနေခြင်းဖြစ်ပါသည်။ ရောဂါ ဟုတ်တိ၊ ပတ်တိမရှိဘဲ ရုတ်ခြည်း ခွေလဲသွားသောဖြစ်ရပ်အပေါ် ဆရာဝန်က မယုံသင်္ကာဖြင့် . . .

"အရင်ကရော . . . ဒါမျိုး ဖြစ်ဖူးလား"

ရင်ဘတ်ကိုဖိကာ အသက်ကို ခက်ခက်ခဲခဲ ရှူသွင်းလိုက်သည်။ ပြီးတော့ . . .

"ဖြစ်ဖူးတယ် . . . ဆရာ၊ ကျွန်တော်က ဒီအတိုင်းပဲ ထိတ်လန့်စရာတစ်ခုခု ကြုံရင် အသက်ရှူကြပ်ပြီး မောလာတယ်။ နောက်ပြီး မခံမရပ်နိုင်အောင် ခေါင်းတွေ မူးလာတော့တာပဲ"

သူ့အဖြေစကားကို အာရုံစိုက်နားထောင်နေရာမှ ဆရာဝန်က ခေါင်းညိတ်သည်။

www.burmeseclassic.com

"သွေးတိုးနဲ့ နှလုံးရောဂါ အခံရှိတယ်ထင်တယ်"

"ဟုတ်ပါတယ် . . . ဆရာ။ အဲဒါတွေက ကျွန်တော့်အဖေဆီက အမွေရထားတဲ့ ရောဂါတွေပါ"

ဒုတိယအကြိမ်မြောက် ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး . . .

"အေးပေါ့လေ . . . စောင့်ကြည့်ကြသေးတာပေါ့"

ဆရာဝန်က သူ့မျက်လုံးကို သေချာအကဲခတ်ပြီး အဆောင်တွင်းမှ ထွက်သွားသည်။ အစောင့်ကိုတော့ အရေးကြုံပါက သူ့ကို ချက်ချင်းလာခေါ်ရန် မှာကြားသွား၏။ သက်သာမှာတော့ ယခုမှပင် သက်ပြင်းကြီး တစ်ချက် ချမိလိုက်ပါသည်။ တော်ပါသေးရဲ့။ ဘယ်သူမှ မရိပ်မိပေလို့။

ဒါပေမဲ့ ဒီဆရာဝန်ကိုတော့ ရေရှည်ဟန်ဆောင်နိုင်မည် မထင်ပါ။ အဆောင်မှထွက်ခါနီး အကင်းပါးသော မျက်လုံးများက သူ့ကို လှေ့လာသွားခဲ့သည် မဟုတ်ပါလား။

နောက်ဆုံးအဆင့် ရောက်ပြီမို့ သူတို့ပြိုင်ပွဲဝင်နှစ်ဦးကို အဲတူတွဲမထားတော့။ စောမောင်ကို ဘယ်မှာ နေရာချထားသည် မသိပေမဲ့ အဆောင်မှာတော့ သူတစ်ယောက်တည်း ကျန်နေခဲ့သည်။ ခုနကတော့ ဆရာဝန်နှင့်အတူ ဦးသမိန်ဒူးတို့လူစု ရှိနေပါသည်။

ပြိုင်ပွဲကို အချိန်ရွှေ့ပေးထားကြောင်း၊ အေးအေးသက်သာ အနားယူရန် လာပြောခြင်းဖြစ်၏။ သို့သော်လည်း သက်သာ အနားမယူနိုင်ပါ။ အနီးဝန်းကျင်တွင် မည်သူမှရှိမနေတာ သေချာတော့ စာအုပ်ကိုထုတ်ပြီး စာတစ်စောင်ရေးသည်။

အဆောင်ပြင်ထွက်လာသော သူ့ကိုမြင်တော့ အစောင့်က . . .

"ဟာ . . . အစ်ကို ဘယ်သွားမလို့လဲ"

"ဆေးသောက်ရအောင် ရေနွေးလေးတစ်ခွက်လောက် လိုချင်လို့ပါကွာ။ ဘယ်မှာရနိုင်မလဲ"



"ဟာ . . . နေနေ . . . အစ်ကို . . . ကျွန်တော် ယူပေးမယ်။ အဆောင်မှာပဲနေ"

"အေး . . . အေး . . . ဒါဆိုလည်း ကျေးဇူးပါပဲကွာ"

ကျေးဇူးတင်စကားပြောပြီး အတွင်းပြန်ဝင်တော့ အစောင့် လှစ်ခနဲ ပြေးထွက်သွားသည်။ ဒီတော့မှ သက်သာအပြင်ပြန်ထွက်ရင်း ပတ်ဝန်းကျင်ကို လေ့လာသည်။ ထို့နောက် လုံခြုံသောအရပ်ကို ရွေးချယ်ကာ တစ်နေရာဆီ ပြေးထွက်ခဲ့ပါတော့သည်။

ဤအထဲတွင် ငါးရက်မြောက်ခဲ့ပြီမို့ အစောင့်များ ကင်းလွတ်သောအရပ်ကို အထိုက်အလျောက် တီးခေါက်မိထားခဲ့ပြီမဟုတ်ပါလား။ ခြံဝန်းအုတ်တံတိုင်းဘေးကို ရောက်တော့ ယူလာသောစာကို ခဲတစ်လုံးနဲ့ ပတ်ပြီး အပြင်ပစ်ပေါက်လိုက်သည်။

မကြာပါ။

အပြင်မှ ခဲတစ်လုံး အတွင်းပြန်ကျလာ၏။ ကပျာကယာ စာကိုခွာပြီး ကြည့်လိုက်တော့ . . .

**ငါတို့ တော်တော် လိုသေးတယ်။**

**ရသလောက် အချိန်ဆွဲထားပါ။**

"ဟင် . . ."

စာကိုဖတ်ပြီး ရင်ထဲမှာ ဟာဆင်းသွားသည်။ ဒါပေမဲ့ တွေဝေချိန်မရ။ လာရာလမ်းကြောင်းအတိုင်း အဆောင်သို့ ပြန်လည်တက်သုတ်ရိုက်ရပါသည်။

ရောက်သွားတော့ ရေနွေးသွားယူသူပင် ပြန်မလာသေး။



www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း သက်သာမည်မျှ ကြာကြာ ဟန်ဆောင်နိုင်မည်နည်း။ ညနေရောက်တော့ ဆရာဝန်က တစ်ခေါက် ပြန်လာကြည့်သည်။ သက်သာ ကြိုးစားပမ်းစား သရုပ်ဆောင်သော်လည်း ယုံကြည်မှုမပေးနိုင်တော့။

ထို့နောက်မှာ ဆရာဝန်၏ အတည်ပြုချက်ဖြင့် မပြီးဆုံးသေးသော ပြိုင်ပွဲတစ်ခုသည် ပြန်လည်အသက်ဝင်လာတော့သည်။



## XX

နေ့အလင်းရောင်အစား မီးတုတ်အလင်းရောင် အစားထိုးဝင်ရောက်လာသည်မှ လွဲလို့ ပြိုင်ပွဲ၏ အဆင်အပြင်သည် ဘာမှမပြောင်းလဲခဲ့။ အားပေးသောပရိသတ်မှာလည်း မနက်က အတိုင်းပင် ခဲခဲလှုပ်လျက်ရှိနေသည်။ ဦးသတိုးမင်းကျော်တို့ လူစုမှာလည်း မူလနေရာတွင် ပြန်လည်နေရာယူထားသည်။

မီးတိုင်အများအပြား စိုက်ထူထားသည်ကြောင့် ပစ်မှတ်စက်ဝိုင်းမှာ ရှေ့တည့်တည့်တွင် ထင်ရှားလျက်ရှိနေပါသည်။ သို့သော်လည်း သက်သာ ရင်တဒိတ်ဒိတ် ခုန်နေမိသည်။ ယခုညတော့ မနက်ကလို နွားကြီးဝင်လာစရာလည်း မရှိတော့ပါ။ မဖြစ်မနေ ပြိုင်ရတော့မည်။

ထိုစဉ်မှာပဲ ဦးသမိန်ဒူးက ပြိုင်ပွဲစတင်ရန် အချက်ပေး၏။ စောမောင် လေးနှင့် မြားကိုင်ကာ ရှေ့ထွက်သွားသည်။ သတ်မှတ်နေရာရောက်တော့ ခြေစုံရပ်ကာ လေးကို ဆွဲပါသည်။ သက်သာ ရင်ခုန်သံတွေ မြန်လာ၏။ ထို့အတူ ရပ်ကြည့်နေသူ အားလုံးလည်း ပစ်မှတ်နှင့် စောမောင်ကို ရင်တဒိတ်ဒိတ် ကြည့်နေကြသည်။

လေတိုးသံမှလွဲ၍ ပတ်ဝန်းကျင်က အပ်ကျသံပင် မကြားရတော့။



www.burmeseclassic.com

www.burmeseclassic.com

ထိုခဏ . . .

"ရှိုး . . ."

မြားက လေကိုခွင်း၍ စုံကန်ထွက်သွားသည်။ မျက်စိတစ်မှိတ်တွင်းမှာပဲ . . .

"ဒုတ် . . ."

"ဟေး . . ."

"ဟား . . . တော်လိုက်တဲ့ ပစ်ချက်ကွာ"

"တည့်တည့်ကို ထိတာဟေ့ . . . ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . ."

တကယ်ပါပဲ။ စောမောင်မြားတံက ပစ်မှတ်စက်ဝိုင်းရဲ့ ဗဟိုကို တည့်တည့်စိုက်ဝင်သွားပါ၏။ ဦးသတိုးမင်းကျော် အပါအဝင် ရပ်ကြည့်အားပေးနေသူတွေ အကုန်လုံး ကောင်းချီးသြဘာ ပေးကြသည်။

အလှည့်ကျလာသည်က သက်သာ။

လေးနှင့်မြားကို ယူ၍ သတ်မှတ်နေရာသို့ထွက်သည်။ ပစ်မှတ်ကို တည့်တည့်ချိန်ကာ အံကြိတ်ပြီး လေးကြိုးကို ဆွဲပါသည်။ အားမရှိတာလား၊ လေးကြိုးကပဲ တင်းလို့လားမသိ၊ လက်တွေ တုန်နေသည်။ ဒီတော့ မြားဦးမှာလည်း တဆတ်ဆတ်တုန်ကာ ဘယ်ညာယမ်းနေတော့သည်။

စောမောင်ကတော့ သူ့ကိုကြည့်ကာ တခွီးခွီးကြိတ်ရယ်နေ၏။ သို့သော်လည်း သူ အကောင်းဆုံး ယှဉ်ပြိုင်နိုင်ခဲ့သည်။

လေးကြိုးကို လွှတ်ပြီး မျက်လုံးမှိတ်ချလိုက်၏။ ခဏတွင်းထွက်လာသော အသံတွေမှာကား . . .

"ဟာ . . ."

"ဟက် . . ."

"အို . . ."

"တော်လိုက်တဲ့ ကောင်ကွာ"



ဆန့်ကျင်ဘက်စကားများကြောင့် မျက်လုံးဖွင့်ကြည့်စဉ်မှာပဲ စောမောင်က 'ဟေး'ခနဲ ထအော်သည်။ ရှေ့တည့်တည့် ပစ်မှတ်မှာ အရာမယွင်း၊ မြားတံဘယ်နား ရောက်သွားသည်မသိပါ။

ပြီးလေပြီ။

ထိုခဏ၌ အားလုံးကို ဖုံးလွှမ်းပစ်လိုက်သော ကြေညာသံကြီးတစ်ရပ်။

"မြန်နန်းဘုံသာ စံအိမ်ထဲကို ပထမဆုံး ဝင်ခွင့်ရသူကတော့ စောမောင်ပဲ ဖြစ်ပါတယ်"

ထို့နောက်မှာ အားပေးလက်ခုပ်သံတွေ ဆူညံသွားသည်။

စောမောင်က သူ့ပခုံးကို လာပုတ်၏။

"စိတ်မကောင်းပါဘူးကွာ . . .။ ဖြစ်နိုင်ရင် ငါတို့လက်ထပ်ပွဲကို ကြည့်သွားစေချင်တယ်"

သက်သာ 'ဟက်' ခနဲ ရယ်လိုက်မိသလား မသိပါ။ လက်ထပ်တယ်ဆိုတာ သတို့သမီးရှိမှ အထမြောက်သည်မဟုတ်ပါလား။

ᄍ ᄍ ᄍ



www.burmeseclassic.com

www.burmeseclassic.com

## XXI

"မြန်မြန်သွားပါဗျ"

အထုပ်ကိုထမ်းရင်း သွက်သွက်လှမ်းနေရာမှ ရှေ့ကလူကို လှမ်းပြောသည်။

"ဖြည်းဖြည်းပေါ့ကွာ . . . မင်းအတွက် ဘာလောစရာ ရှိသေးလို့လဲ"

"ကျွန်တော် ဒီခြံထဲမှာ မနေချင်တော့လို့ပါ"

သူ့ကို စိတ်မကောင်းသလို လှည့်ကြည့်လာသည်။

"အေးပါကွာ . . . ငါနားလည်ပါတယ်"

ညအိပ်၍ မနက်ကျမှပြန်ရန် ပြောသော်လည်း သက်သာ ညတွင်းချင်းထွက်ဖို့ ဆုံးဖြတ်လိုက်သည်။ ညအိပ်၍ မရသော အခြေအနေသို့ ရောက်သွားခဲ့ပြီမဟုတ်ပါလား။ မကြာခင်အချိန်အတွင်း စောမောင်အိမ်တွင်း ဝင်ရောက်တော့မည်။ ဒီလိုဆိုပါက ပြဿနာတွေ ရှုပ်ထွေးလာနိုင်သည်။

အစောင့်က သွက်သွက်လှမ်းနေရာမှ . . .

"ဒီအချိန်ဆို ဘာကားမှ ရှိမှာမဟုတ်တော့ဘူး"

"ရတယ် . . . မြို့ထဲမှာ ကျွန်တော့်အသိရှိတယ်"



"အပ်ထားတဲ့ပစ္စည်းတွေရော ထုတ်ပြီးသွားပြီလား"

"ကျွန်တော် ဘာမှပါမလာဘူး"

ခြံတွင်းသို့ ယူဆောင်ခွင့် မရှိသော ပစ္စည်းများ၊ အထူးသဖြင့် (ဗုန်း၊ ကွန်ပျူတာ) စတာတွေကို တာဝန်ရှိသူ ထံအပ်ထားခဲ့ရသည်မို့ မေးခြင်းဖြစ်သည်။ သို့သော်လည်း သက်သာ ဘာပစ္စည်းမှ ပါမလာခဲ့ပါ။ ပြင်ပကမ္ဘာနှင့် အဆက်ဖြတ်ထားသော ခြံကြီးဖြစ်ကြောင်း ကြိုတင်သတင်းရထားသည်မို့ ဘာမှယူမလာခဲ့။

ယနေ့ညတော့ ကမ္ဘာ့ရွာကြီးထဲကို ပြန်ဝင်ရတော့မည်။ သူ့ကိုမြင်တော့ ခြံစောင့်ကုလားက မခိုးမခန့်ရယ်သည်။ 'ရှုံးမယ်ဆိုတာ အစောကြီးတည်းက သိထားတယ်' ဟူသော ပုံစံမျိုး။ ပြီးတော့ ရွှင်မြူးဝမ်းမြောက်စွာ သော့ဖွင့်ပေး၏။

ခြံပြင်ကို ခြေတစ်လှမ်းချတော့ ကမ္ဘာ၏ အငွေ့အသက်ကို ခံစားရသည်။ ထို့နောက်မှာ လိုက်ပို့သူအား လက်ပြရင်း မြနန်းဘုံသာကို ကျောခိုင်းလိုက်တော့၏။

ဒါပေမဲ့ မီးရောင်တို့ ကွယ်ပျောက်သွားစဉ်မှာတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

## XXII

အလျှင်အမြန် ပြေးချလာသော သူ့ကို ဇရာဝတီမြစ်လေက ဝမ်းသာအားရ ဆီးကြိုသည်။ သို့သော်လည်း ခံစားမနေအားပါ။ သူ့အဖွဲ့ရှိရာဆီ အားကုန်သုတ်ခဲ့တော့၏။ ခပ်ဝေးဝေးရေစပ်မှာ ဆိုက်ကပ်ထားသော စက်လှေတစ်စီးကို တွေ့ရသည်။

ကမ်းစပ်တွင် နွားများကို မတွေ့ရတော့။ ပထမစက်လှေတစ်စီးနဲ့ တင်ပို့လိုက်ပြီထင်၏။ ဒါပေမဲ့ ရွက်ဖျင်တဲ တွင်းမှာတော့ မီးရောင်လဲ့လဲ့ရှိနေသေးသည်။ သက်သာ အလျှင်စလို တဲတွင်းပြေးဝင်တော့ ရှိနေသူနှစ်ဦး အံ့အားသင့်ကုန်သည်။

"ဟာ . . . သက်သာ . . ."

နေမြဲက အထိတ်တလန့် ရေရွတ်စဉ် . . .

"အေးစေ . . . အေးစေရော"

"အထဲမှာလေ။ အပေါ်တက်လို့ ရတော့မယ်ပြောတယ်။ ဒါနဲ့ မင်းက . . ."

"ဟိုကောင် . . . ဖုန်းယူသွားလား"

"ယူသွားတယ်"

"ငါ့ကို ဖုန်းပေးစမ်းပါ"

ကြောင်တောင်တောင် ကြည့်နေသူ သတိက ဖုန်းထုတ်ပေးသည်။ သက်သာ အလျှင်အမြန် ခေါ်လိုက်တော့ . . .



မောဟိုက်နွမ်းနယ်နေသော အထဲမှ ထူးသံတစ်ခု။

"ဟယ်လို . . ."

"အေးစေ . . . ငါ ရှုံးသွားပြီ"

"ဟင် . . ."

"မကြာခင် သူတို့ အိမ်ထဲ ဝင်လာတော့မယ်။ မင်း အမြန်ဆုံး လှုပ်ရှားတော့"

ခဏတာ တိတ်ဆိတ်သွားသည်။ ပြီးတော့ . . .

"ငါသိပြီ"

ဖုန်းကျသွားတော့ သက်သာ ရွက်ဖျင်စကို ဆွဲဖယ်လိုက်၏။ ထိုအခါမှာတော့ လူတို့ပြုလုပ်ထားသော လိုဏ်ခေါင်းတစ်ခု ပေါ်လာသည်။ သက်သာ တိုးဝင်လိုက်သည့်ခဏ . . .

"ဓာတ်မီးယူသွား . . . သက်သာ"

သတိ ပစ်ပေးသောဓာတ်မီးကို လှမ်းဖမ်းရင်း . . .

"မင်းတို့ စက်လှေမှာ အသင့်စောင့်နေကြတော့။ ငါတို့ သူ့ကို မဖြစ်ဖြစ်အောင် ခေါ်လာခဲ့မယ်"

"အိုကေ . . ."

သတိနှင့် နေမြဲရွက်ဖျင်တွင်းမှ ပြေးထွက်သွားသည်။ ထို့နောက်မှာတော့ သူ၏ ဦးတည်ရာသည် တူးဖော်ထားသော လိုဏ်ခေါင်း တစ်လျှောက် ဖြစ်တော့၏။



www.burmeseclassic.com

www.burmeseclassic.com

# XXIII

ဖုန်းချပြီးတော့ လက်တွင်းမှ တူးရွင်းဖြင့် အပေါ်ကို ထိုးကော်လိုက်သည်။ ထိုအခါမှာ 'ဂုတ်'ခနဲ အသံအုပ်အုပ်နဲ့အတူ အင်္ဂတေသား တစ်ချပ် ပွင့်ဟသွား၏။ အပေါ်ကိုမော့ကြည့်တော့ အိမ်မျက်နှာကြက်ကို မြင်ရပါသည်။

အေးစေ သွက်သွက်လှုပ်ရှားတော့ မကြာခင်မှာပဲ အိမ်ကြမ်းပြင်က လူတစ်ကိုယ်စာ အပေါက်ဖြစ်သွားသည်။ ထိုအခါမှာ အပေါ်ကို ခုန်တက်လိုက်သည်။ အပေါ်ရောက်ရောက်ချင်း မြင်ရသည်ကား တံခါးပိတ်ထားသော အခန်းခြောက်ခန်း။ ညာဘက်ခြမ်းဆီမှာ အပေါ်တက်သော လှေကားတစ်ခုရှိနေ၏။

ထိုစဉ်မှာပဲ ဖုန်းလာသည်။

"အေးစေ . . . ဘယ်လိုလဲ"

"ငါ အိမ်ထဲ ရောက်နေပြီ။ အခန်းခြောက်ခန်းရှိတယ်။ အကုန်ဖွင့်ရှာရမှာလား"

"ဟာ . . . မဖွင့်နဲ့။ တံခါးမှာ တစ်ခုခု တပ်ထားနိုင်တယ်။ အပေါ်မှာလည်း ခြောက်ခန်းရှိသေးတယ်။ အဲ့ဒီထဲကမှ မင်းဉာဏ်ကို သုံးပြီး ပစ်မှတ်ရှိမဲ့အခန်းကို ရှာရမှာ"


"ဟုတ်လား"



အေးစေ အာရုံကို အခန်းတွင်း ပြန်ပို့လိုက်သည်။ ပိတ်ထားသောအခန်းများက သူ့ကို လှောင်ပြုံးပြုံးကာ သရော်နေ၏။ ဘယ်အခန်းဖြစ်မလဲ။ အပေါ်မှာလည်း ခြောက်ခန်းရှိသည်ဟု ဆိုထားသည်ကြောင့် အပြေးအလွှား လှေကားကို ပြေးတက်တော့ . . .


လှေကားတစ်ဆစ်ချိုး နံရံတွင်ချိတ်ဆွဲထားသော ရုပ်ပုံတစ်ခု။

"ဟင် . . ."




ဘာပုံမှန်းတော့မသိပါ။ အရေးမကြီးသည်မို့ အပေါ်ထပ်ကိုသာ ရောက်အောင်တက်လိုက်သည်။ တကယ်ပါပဲ။ အပေါ်မှာလည်း တံခါးပိတ်ထားသော ပုံစံတူခြောက်ခန်းရှိနေသည်။ ပတ်ဝန်းကျင်ကို လေ့လာတော့ တိတ်ဆိတ် ရှင်းလင်းလျက်ရှိနေ၏။

ဘာမှ ထူးထူးခြားခြားမရှိသည်မို့ အောက်ပြန်ဆင်းလိုက်သည်။ ထိုစဉ်မှာပဲ ထူးခြားမှုတစ်ခုကို မြင်လိုက်ရပါသည်။ ပိတ်ထားသော အိမ်တံခါးမကြီး၏ နောက်ကျောမှာ နာရီလေးလုံး။



www.burmeseclassic.com





အချိန်ကတစ်လုံးနဲ့တစ်လုံး မထူးခြားနားစွာ ကွဲလွဲနေသည်။ ထူးခြားတာက ငါးလုံးမြောက်နေရာမှ (?) တစ်ခုကို တွေ့ရခြင်း၊ အကြောင်းမဲ့ ပြုလုပ်ထားခြင်းတော့ လုံးဝ မဖြစ်နိုင်ပါ။ ဒီလိုဆိုတော့ . .

နာရီလေးလုံး၏ ရှေ့တွင်ရပ်ကာ လက်တံတို၏ အသွားအလာကို လေ့လာလိုက်သည်။ ပထမဆုံး သတိပြုမိသည်က ပထမနာရီမှ (12) အမှတ်အသား၊ ထိုအမှတ်အသားက ဒုတိယနာရီတွင် (11)ကို ရောက်နေသည်။ တတိယနာရီမှာ (10)၊ စတုတ္ထနာရီတွင် (9)၊ ဒါဆိုလျှင်တော့ ပဉ္စမသည် (8)ကလွဲပြီး ကျန်တာ မဖြစ်နိုင်တော့။

မြားတစ်ချောင်းတည်းကို လေ့လာတော့ ပထမ (7)၊ ဒုတိယ (10)၊ ကြားထဲတွင် နှစ်ခုကွာနေသည်။ တတိယနေရာမှာက (2)၊ ဒုတိယနာရီမှ ရေတွက်လျှင် သုံးခုကွာသွား၏။ စတုတ္ထနာရီကို ကြည့်ပြန်တော့ (7)၊ လေးခု ကွာသွားလေပြီ။ ဒါဆို မြားတစ်ချောင်းတည်းအတွက် လိုအပ်သောနာရီကို အဖြေထွက်သွားခဲ့ပြီ။

မြားနှစ်ချောင်းအမှတ်အသားကိုလည်း နာရီတစ်လုံးနဲ့ တစ်လုံး ကွဲလွဲမှုအကွာအဝေးအတိုင်း တွက်သွားခဲ့ရာ မကြာမီမှာပဲ လိုအပ်သောနာရီကို မျက်လုံးတွင်းမှာ ပုံဖော်နိုင်ခဲ့သည်။






8,1,6သည် ဘာအဓိပ္ပာယ်လဲ။ အခန်းနံပါတ်တွေကို **ပြောတာ**လား။ အခန်းများတွင်တော့ နံပါတ်ထိုးမထား။ ဒါပေမဲ့ ဝင်ပေါက် **ပထမ**ဆုံးအခန်းမှ စရေတွက်လျှင်တော့ (1,2,3.4) ရေတွက်လို့ ရကောင်းသည်။ ဒါဆိုလျှင် အောက်ထပ်မှာ နံပါတ် (6)အထိရှိပြီး အပေါ်ထပ်တွင် **(7)မှ** (12)ထိ ရှိနိုင်သည်။

ထိုအတိုင်းဆိုလျှင်တောင် ရွေးချယ်ရမည့် အခန်းသည် **သုံးခန်း** ရှိနေသည်။ (8,1,6)။ အောက်မှာ နှစ်ခန်း၊ အပေါ်မှာ တစ်ခန်း။ ဘယ်အခန်းဖြစ်မည်လဲ။ စဉ်းစားနေစဉ်မှာပဲ မျက်လုံးတွင်းမှာ ရုပ်ပုံတစ်ခု ပေါ်လာသည်။

"ဟာ . . ."

လှေကားတစ်ဆစ်ချိုးမှ ရုပ်ပုံ၊ အလျှင်အမြန် ပြေးကြည့်လိုက်စဉ်မှာပဲ အားလုံးကို နားလည်သွားတော့သည်။ ယခုသည် **ညအချိန်**ဖြစ်သည်မို့ အပေါ်ထပ်အခန်းမှလွဲပြီး ကျန်တာ မဖြစ်နိုင်တော့။

ထိုအခိုက်မှာပဲ တံခါးမကြီးအပြင်ဘက်ဆီမှ လူသံတွေကို ကြားရပါတော့သည်။ အိမ်ထဲ ဝင်ကြတော့မည်ထင်၏။ အေးစေ လှေ**ကားထစ်**များကို အားကုန်ပြေးတက်လိုက်သည်။ အပေါ်ရောက်တော့ ဒုတိယမြောက်အခန်းကို ရွေးချယ်ကာ ဆွဲဖွင့်လိုက်စဉ်မှာပဲ . . .

"အို့ . . ."

မိန်းကလေးတစ်ဦး၏ အထိတ်တလန့်အော်သံ၊ **တစ်ဆက်**တည်းမှာပဲ . . .

"ဂျိမ်း . . ."

အောက်ထပ်မှ တံခါးမကြီး ဖွင့်လိုက်သံတစ်ရပ်။ **မတတ်နိုင်**တော့။ ဖြစ်လာသမျှကို ရင်ဆိုင်ရတော့မည်။ ထိတ်လန့်ကြောက်ရွံ့နေသော မိန်းကလေးကို လက်ဆွဲကာ အခန်းပြင် ပြေးထွက်လိုက်သည်။ လှေကားမှ ဆင်းဆင်းချင်းမှာပဲ အောက်ထပ်မှ ဆူညံသံတွေကို **အရင်**ဆုံး စကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . ဘယ်သူလဲ"

"ဒီမှာလည်း ကြမ်းပြင်ကြီး ပေါက်နေတယ်"

"ဟင် . . . မင်း . . . သက်သာ"

အေးစေ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားပါသည်။ နောက်က လိုက်လာသော သက်သာနှင့် အပြင်က ဝင်လာသူတွေ ရင်ဆိုင်တိုးပေပြီ။ ခဏတွင်းမှာပဲ သတ်ပုတ်သံတွေ ထွက်လာသည်။

ပထမ ကောင်မလေးက သူ့လက်တွင်းမှ အတင်းရုန်း၏။

"ငါတို့ အောင်ထိုက်ရဲ့လူတွေ၊ အပြင်မှာ အောင်ထိုက် ရောက်နေတယ်"

ကောင်မလေး ခဏငိုင်သွားသည်။ ထိုအခွင့်အရေးကို လက်လွှတ်မခံတော့။ လက်ကို တင်းတင်းဆုပ်ကာ အောက်ထပ်ကို ပြေးဆင်းခဲ့တော့သည်။ အပေါ်ထပ်ပြေးတက်လာသော လူအချို့နဲ့ လှေကားရင်းတွင် ဆုံတော့ . . .

မဖြစ်ချင်ဘဲနဲ့ ရန်ဖြစ်လိုက်ရ၏။ သူ့ကိုတွေ့တော့ သက်သာက . . .

"အေးစေ . . . ထွက်ပေါက်က အမြန်ပြေးတော့"

ဝင်ခဲ့သော လိုဏ်ခေါင်းပေါက်ဆီ အလျင်အမြန်ပြေးကာ ကောင်မလေးကို အရင်ခုန်ဆင်းစေသည်။ ထို့နောက်မှာ ရန်မူရန် နီးကပ်လာသူတစ်ယောက်ကို တိုက်ခိုက်ရင်း သူပါ တွင်းထဲခုန်ဆင်းလိုက်သည်။ မကြာခင်မှာပဲ သက်သာပါ လိုဏ်ခေါင်းတွင်း ကျလာသည်။

ထို့နောက်မှာတော့ . . .

ရှက်ဖျင်တဲဆီ ပြန်ရောက်စဉ် . . .

"ဟို . . . စက်လှေပေါ်မှာ မင်းချစ်သူ အောင်ထိုက်ရှိတယ်။ သွားတော့ . . ."

စက်လှေပေါ်မှ လက်လှမ်းပြသူတစ်ဦးကို မြင်တော့ ကောင်မလေး လှစ်ခနဲ ပြေးထွက်သွားပါသည်။ အောင်ထိုက်မှာလည်း စက်လှေပေါ်မှ ခုန်ဆင်းကာ ကောင်မလေးဆီ ပြေးလာသည်။ သက်သာနှင့် အေးစေမှာတော့ ပြန်လည်ပေါင်းဆည်းရပြီဖြစ်သော ချစ်သူနှစ်ဦးကိုကြည့်ကာ ကြည်နူးဝမ်းသာမဆုံး။

သို့သော်လည်း သူတို့၏ ကြည်နူးမှုမှာ ကြာရှည်မခံလိုက်။ အကြောင်းကား . . .

ခွာသံတဖြောင်းဖြောင်း ထနေသော မြင်းခွာသံများနှင့်အတူ . . ဗလကျော်သူဦးဆောင်သော လူအုပ်ကြီးမှာ သူတို့ရှိရာ ကမ်းစပ်ဆီကို အားကုန်သုတ်လာလေပြီ။

"ဟာ . . . ပြေး . . . ပြေးတော့ . . ."

ကိုယ်တိုင်လည်း ကျုံးထရင်း အောင်ထိုက်တို့နှစ်ဦးကို လှမ်းအော်သည်။ အလွမ်းသယ်မဆုံးသေးသော ချစ်သူနှစ်ဦးမှာလည်း လိုက်လာသော လူအုပ်ကြီးကိုကြည့်ပြီး စက်လှေဆီ တက်ပြေးသည်။

သက်သာတို့နှစ်ဦးလည်း ကမ်းခြေကို ဖြတ်ကာ ရေထဲမှတစ်ဆင့် စက်လှေပေါ် ခုန်တက်သည်။ ဒါပေမဲ့ . . .

"ဟော့ကောင်တွေ . . . လုပ်ဦး၊ စက်နှိုးလို့ မရတော့ဘူး"

"ဘာ . . ."

"ဗျာ . . ."

"ရှင် . . ."

စက်ခန်းတွင်းမှထွက်လာသော နေမြဲအော်သံက သူတို့နှင့်တကွ အောင်ထိုက်နှင့် လှထိပ်ခေါင်တင်ကိုပါ တုန်လှုပ်သွားစေပါသည်။ သက်သာ စက်ခန်းတွင်း အလျင်အမြန် ပြေးဝင်လိုက်၏။ နေမြဲမှာ စက်နှိုးဂေါက်ကို ကိုင်ရင်း ချွေးတလုံးလုံး ဖြစ်နေသည်။

မြင်းခွာသံနှင့် လူအုပ်ကြီးမှာ တဖြည်းဖြည်း နီးလာပြီ။ ဘာလုပ်ရမှန်းမသိတော့။

"start မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

အင်ဂျင်ပေါ်မှ start ခလုတ်ကို နှိပ်သော်လည်း အော်သံက တစ်ဝက်တစ်ပျက်နှင့် ရပ်နေ၏။ နေမြဲလက်တွင်းမှ စက်နှိုးဂေါက်ကိုယူကာ အကြိမ်ကြိမ် ကောက်လှည့်သော်လည်း မထူးခြားပါ။ ထိုခဏမှာပဲ နံဘေးဆီမှ ရေသံများကို ကြားရ၏။ နောက်လူတွေ မီကုန်ပြီ။

မြင်းပေါ်မှ လူတွေ ရေထဲခုန်ဆင်းပြီး စက်လှေပေါ်တက်တော့ အေးစေ၊ သတိ၊ နေမြဲတို့နှင့် တစ်ပွဲတစ်လမ်းတွေ ဖြစ်ကုန်သည်။ ထိုအခိုက်မှာပဲ ကမ်းစပ်က လှမ်းအော်လိုက်သော အသံကြီးက လှထိပ်ခေါင်တင်ကို ဒူးညွတ်ကျသွားစေတော့သည်။

"ငါ့သမီးကို ရအောင် ပြန်ခေါ်ကြစမ်း"

အောင်ထိုက်မျက်နှာ မန်ကျည်းစေ့လောက်သာ ကျန်တော့သည်။

"အစ်ကို . . . အစ်ကို . . . လုပ်ပါဦးဗျာ။ ကျွန်တော်တို့ကို ဖမ်းကြတော့မယ် . . . လုပ်ပါဦး"

စက်ဂေါက်ကို ကိုင်ကာ အားကုန် လှည့်နှိုးလိုက်သည်။ သို့သော် . . .

တစ်ချက်။

နှစ်ချက်။

သုံးချက်။

လေးချက်။

ငါးချက်မြောက်မှာတော့ စက်ဂေါက်ကို ဒေါသကြီးစွာ ကောက်ပေါက်ပစ်လိုက်တော့၏။ အောင်ထိုက် ဖင်ထိုင်ကျသွားသည်။ လှထိပ်ခေါင်တင်က ဒူးထောက်ရှိုက်ငိုသည်။

သွားလေပြီ။

အပွဲပွဲ နွှဲလာသမျှ ဒီတစ်ကြိမ်မှာတော့ . . .

စိတ်ပျက်လက်ပျက် အင်ဂျင်ပေါ် ထိုင်ချလိုက်တော့ . . .

"ဝူး . . ."

အလန့်တကြား ခုန်ထစဉ်မှာ စက်သံက ပေါက်ကွဲထွက်သွားတော့၏။ အကုန်လုံး ခဏတာ silent ဖြစ်သွားသည်။ ဒါပေမဲ့ . . .

"ဟေး . . ."

စိတ်ပျက်လက်ပျက် ဖင်ထိုင်ချစဉ် start ခလုတ်ကို ဖိမိကာ တုတ်တုတ်မျှ မလှုပ်ခဲ့သော အင်ဂျင်ကြီးက ရှန်းကြွလှုပ်နှိုးလာခဲ့လေပြီ။

သက်သာထခုန်တော့ အကုန်လုံး ဝမ်းမြောက်ပျော်ရွှင်ကုန်တော့၏။

• • •

ဝေး၍ဝေး၍ကျန်ခဲ့သော ကမ်းခြေကို ကြည့်ပြီး ချစ်သူနှစ်ဦးအတွက် ဇာတ်သိမ်းခန်းသည်ကား . . .

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ပတ်ကြာပြီးနောက် . . .



# XXIV

မြန်မာနိုင်ငံ၏ ထင်ရှားသော မြို့တစ်မြို့တွင် ကြီးကျယ်သော မင်္ဂလာဆောင်တစ်ခု ဖြစ်တည်လာပါတော့သည်။

ᨏ ᨏ ᨏ

သိုးဆောင်း
မြန်မာစံတော်ချိန် နံနက် သုံးနာရီ
ငါးဆယ့်တစ်မိနစ် ရှိပါပြီခင်ဗျာ
7.8.2013



www.burmeseclassic.com